## ဒေါ်အောင်ဆန်းစုကြည်အား ထောင်ချခဲ့ပါက နအဖ ကံကြမ္မာသည် အပြောင်းအလဲဖြစ်သွားနိုင်

May 14, 2009 · No Comments

၁၄ မေ ရန်ကုန်၊ ၊Freedom News Group

People Outrageous For Junta Action On Prominent Leader



ဒေါ်အောင်ဆန်းစုကြည်အားရဲအစောင့်အရှောင့်ကားတန်းဖြင့် ခေါ်ဆောင်လာပြီးနောက် အင်းစိန်ထောင်ရှေ့မြင်ကွင်း photo:www.wanna23.co.cc

မြန်မာ့တပ်မတော်၏ ဖခင်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဒေါ်အောင်ဆန်းစုကြည် အား ယခုကဲ့သို့ အပြစ်မရှိအပြစ်ရှာပြီး ဖမ်းဆီးထောင်ထဲပို့ခြင်းကို စစ်တပ်တွင်းမှ အရာရှိများနှင့် စစ်အစိုးရလိုလားသူများပင် မကျေနပ်ဟု Freedom News Group မှစုံစမ်းသိရှိရသည်။

ယနေ့ ညလက်ဖက်ရည်ဆိုင်၊ဘီယာဆိုင် များနှင့် ရန်ကုန်မြို့ ရပ်ကွက်တွင်းရှိ လူအများစုဝေးကြသည့်နေရာများတွင် ဒေါ်စု ကိစ္စနှင့်ပတ်သက်၍ ပြည်သူများက မကျေနပ်ချက်များဖြင့်ဆွေးနွေးတိုင်ပင်ကြသည်။ယနေ့ဘီဘီစီမြန်မာပိုင်းရေဒီယိုအစီအစဉ် နှင့် နိုင်ငံတကာသတင်းထုတ်လွှင့်ချက်များကို နားထောင်သူများလည်းအလွန်များသည် ။

ဒေါ်အောင်ဆန်းစုကြည်အားထောင်သွင်းသို့ ပြောင်းရွှေ့၍ ဖမ်းဆီးထိန်းသိမ်းထားသည့် ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံရှိ ကုန်သည်တစ်ဦးက “သူတို့ လက်ခုပ်ထဲမှာ သူတို့ မျက်လုံးအောက်ကလူကို အပြစ်ရှိတယ် ဆိုပြီးထပ်ဖမ်းတာ တော့ ဘယ်သဘာဝ ကျမလဲ ၊ဒါနိုင်ငံတွင်းမှာ တရားမျှတ မှုဆိုတာ လုံးဝမရှိတော့ ဘူးဆိုတာ ပြလိုက်တာပဲ ဟုသူကပြောသည်။

ရန်ကုန်မြို့ ခံအချို့ ကလည်း ရေကူးဝင်ရောက်လာ သော အမေရိကန်နိုင်ငံသား ယက်ထော အားမုန်းတီးမှု ပိုနေကြပြီး သူ့ ကြောင့်ဒေါ်စုယခုကဲ့သို့ ဖြစ်ရသည် ဟု သုံးသပ်ပြောဆိုကြသည်။

ရန်ကုန်ဆေးရုံးကြီးမှ ခွဲစိတ်ကု ဆရာဝန်တစ်ဦးကမူ “ဒေါ်စု ကို ထောင်ချရင် နအဖ ကံကြမ္မာပြောင်းလဲသွားနိုင်တယ် တစ်နိုင်ငံလုံးက သူ့ ကိုပိုချစ် ၊ပိုလေးစားပို မြတ်နိုးကျတာ ကို ဖြစ်လာမယ့် အကျိုးဆက်ကိုတော့ နအဖ ရင်ဆိုင်ရမယ်”ဟု သုံးသပ်ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်အားရုံးတင် စစ်ဆေးမှုနှင့်ပတ်သက်၍ အနောက်နိုင်ငံများက ရှုံချကန့် ကွက်ထားပြီးပြန်လွှတ်ပေးရန်တောင်းဆိုထားသည်။

ဒေါ်စုအား လာမည့် တနင်္လာနေ့ တွင် ရုံးတင်စစ်ဆေး ၍ဖမ်းဆီးထောင်ချခဲ့မည် ဆိုပါက စစ်အစိုးရသည်ကိုယ့် သေတွင်းကိုယ်တူးသလိုဖြစ်သွား နိုင်ကြောင်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ကျောင်းသားတစ်ဦး ကပြောသည်။

## “ကျမ ပြစ်မှု မကျူးလွန်ဘူး” ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

မဇ္ဈိမသတင်းဌာန

ကြာသပတေးနေ့၊ မေလ 14 2009 19:21 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ အကျယ်ချုပ်မှ အင်းစိန်ထောင်သွင်းသို့ ယနေ့ ပြောင်းရွှေ့ကာ ချုပ်နှောင်ခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်က မြန်မာစစ်အစိုးရက ယနေ့ စွဲတင်လိုက်သည့် အမှုကို မကျူးလွန်ကြောင်း သူ၏ ရှေ့နေမှတဆင့် ပြောကြားလိုက်သည်။

အင်းစိန်ထောင်တွင်းရှိ အနောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ရာတွင် ရှေ့နေ ဦးကြည်ဝင်းနှင့် တွေ့ဆုံသည့်အခါ ဒေါ်အောင်ဆန်းစုကြည်က ယခုလို ပြောဆိုလိုက်ခြင်း ဖြစ်သည်။

“ကျမ ပြစ်မှု မကျူးလွန်ဘူး” ဟု ပြောဆိုခဲ့ကြောင်း ရှေ့နေ ဦးကြည်ဝင်းက မဇ္ဈိမကို ပြောသည်။

သူက ဆက်ပြီး “မကျူးလွန်ဘူး ဆိုတာကိုလည်း သူက ဘလိုင်းပြောတာ မဟုတ်ဘူး။ သူက သူ့ကိုစွဲတဲ့ ပုဒ်မကို သိတယ်။ ဖတ်ပြီးပြီ” ဟု ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၊ သူနှင့်အတူနေထိုင်ကာ ကူညီစောင့်ရှောက်ပေးနေသည့် ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ဝင်းမမနှင့် နေအိမ်အတွင်း တိတ်တဆိတ် ဝင်ရောက်ခဲ့သူ အမေရိကန် နိုင်ငံသား ဂျွန် ဝီလီယံ ယက်တောကို ယနေ့တွင် အင်းစိန်ထောင်တွင်းရှိ အနောက်ပိုင်ခရိုင် တရားရုံးတွင် အတူတကွ ရုံးထုတ်ခဲ့ခြင်း ဖြစ်သည်။

ရှေ့နေဦးကြည်ဝင်း၏ လက်ထောက်ရှေ့နေနှင့် ယနေ့ တရားရုံးသို့ ဝင်ရောက်ခွင့် ရရှိခဲ့သူ ရှေ့နေ ဦးလှမျိုးမြင့်က “အမှုနံပါတ် ၄၇/၂၀၀၉ ။ သူတို့ ၄ ယောက် တပြိုင်ထဲ ရုံးထုတ်တယ်” ဟု မဇ္ဈိမကို ပြောသည်။

ယနေ့နံနက်ပိုင်းတွင် အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါ်ခင်ခင်ဝင်းတို့ သားအမိအား တက္ကသိုလ်ရိပ်သာလမ်း နေအိမ်မှ အင်းစိန်ထောင်သို့ လုံခြုံရေးအစောင့်အကြပ်များဖြင့် ခေါ်သွားခဲ့ခြင်း ဖြစ်သည်။

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရေးအတွက် တားဆီး ကန့်သတ်ထားသည့် အမိန့်ကို ချိုးဖောက်ခြင်း၊ မလိုက်နာခြင်းတို့ဖြင့် တရားစွဲထားသည်။

ယင်း ဥပဒေ ပြဋ္ဌာန်းချက်အရ ထောင်ဒဏ်အားဖြင့် အနည်းဆုံး ၃ နှစ်မှ ၅ နှစ်ထိ ကျခံနိုင်ပြီး၊ ငွေဒဏ် ၅၀၀၀ ကျပ်၊ သို့မဟုတ် ပြစ်ဒဏ် နှစ်ခုစလုံးလည်း ချမှတ်နိုင်သည်။

ပါတီပြောခွင့်ရပုဂ္ဂိုလ်နှင့် ရှေ့နေဖြစ်သူ ဦးဉာဏ်ဝင်းက “ဟို .. ရေကူးတဲ့ လူက သူ့ဘာသာ သူလာတာ။ လူသားချင်း စာနာထောက်ထားမှုနဲ့ ခဏ နေရာပေးတယ်ဆိုတာပဲ ရှိတာ။ ဒီဟာက သူတို့ စည်းကမ်းချက်မှာ ဒါနဲ့ ပတ်သက်ပြီး ဘာမှ မပါဘူးလေ။ ဒါကို စည်းကမ်း ချမှတ်ထားတာမှ မရှိဘဲနဲ့ ဘယ်လိုလုပ် ဖောက်ဖျက်ရမှာလဲ။ အဲဒါကြောင့် ပြစ်မှု မကျူးလွန်ဘူးလို့ ပြောတာပါ” ဟု ပြောဆိုသည်။

နေအိမ်တွင် ထိန်းသိမ်းကြောင်း တားဆီးမိန့်ချစဉ်က ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သံရုံးများ၊ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးပါတီများနှင့်ဆက်နွယ်သူများနှင့် မဆက်သွယ်ရန်၊ နေအိမ်မှ ပြင်ပသို့ ထွက်ခွာခွင့် လုံးဝ မပြုရန်နှင့် အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြော ကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်း မပြုရန် ကန့်သတ်ပိတ်ပင်ထားသည်။

ဒေါ်ခင်ခင်ဝင်းနှင့် သမီးဖြစ်သူ ဒေါ်ဝင်းမမ ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူကို ကူညီမှု - ပုဒ်မ ၂၂/၁၀၉ ဖြင့် တရားစွဲသည်။

နေအိမ်အတွင်းသို့ တိတ်တဆိတ် ဝင်ရောက်ခဲ့သည့် အမေရိကန် နိုင်ငံသား ဂျွန် ဝီလီယံ ယက်တော အား နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူကို ကူညီမှု ပုဒ်မ ၂၂/၁၀၉၊ ကန့်သတ်နယ်မြေကို ဝင်ရောက်မှုဖြင့် ရန်ကုန် မြူနီစပယ် အက်ဥပဒေ ပုဒ်မ ၂၈ ၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေ ပုဒ်မ ၁၃(၁) ၊ အမှုနံပါတ် ၄၉/၂၀၀၉) ဖြင့် တရားစွဲလိုက်သည်။

မြူနီစပယ်ဥပဒေမှာ အင်္ဂလိပ်ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပြီး၊ ရန်ကုန် စည်ပင်သာယာ နယ်နိမိတ်အတွင်း ကန့်သတ်နေရာများသို့ ဝင်ရောက်ပါက အရေးယူနိုင်သည့် ဥပဒေ ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံရုံးမှ တာဝန်ရှိသူတဦးက မစ္စတာယက်တော ရုံးထုတ်ရာ အင်းစိန်ထောင်သို့ စကားပြန်နှင့် လာရောက်ခဲ့သည်။

ယနေ့ တရားရုံးတွင် တရားသူကြီး ဦးသောင်းညွန့်၊ အကြံပေး တရားသူကြီးအဖြစ် ဦးညီညီစိုး၊ ခရိုင် ဥပဒေအကြံပေး အရာရှိက ဦးမြင့်ကြိုင်တို့ တက်ရောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံး ရမန်ဖြင့် ယခုအခါ အင်းစိန်ထောင်ထဲတွင် ဆက်လက်ထိန်းသိမ်းထားကာ၊ ယခုလ ၁၈ ရက်နေ့တွင် တရားရုံးထုတ်မည်ဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် ဒေါ်ဝင်းမမတို့ အမှုအတွက် ရှေ့နေ ဦးဉာဏ်ဝင်း၊ ဦးကြည်ဝင်းနှင့်

ဦးလှမျိုးမြင့်က လိုက်ပါဆောင်ရွက်သွားမည်။

မြန်မာ့နိုင်ငံရေး ဆုတ်ယုတ်မှု အိမ်နီးချင်း ထိုင်းနိုင်ငံ စိုးရိမ်

14 May 2009

မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွေမှာ ကုလသမဂ္ဂက ပါဝင်ကူညီ ဖြေရှင်းပေးဖို့ မျှော်လင့်တဲ့ အကြောင်း ထိုင်းဝန်ကြီးချုပ် အဘီဆစ် ဗိတ်ချာချီဝ (Abhisit Vejjajiva) က ပြောဆိုလိုက်ပါတယ်။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရက အင်းစိန်အကျဉ်းထောင်မှာ ဖမ်းဆီးထားပြီး တရားစွဲဆိုထားတာနဲ့ ပတ်သက်လို့ ပြောဆိုလိုက်တာပါ။ အကြောင်းစုံကို ကိုသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။

ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အခုလို အင်းစိန်ထောင်ပို့ပြီး တရားစွဲဆိုတာနဲ့ ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံတွေထဲမှာ စိုးရိမ်တဲ့အကြောင်း ထိုင်းနိုင်ငံက ပထမဆုံး ထုတ်ဖော်ပြောလိုက်တာပါ။ ထိုင်းဝန်ကြီးချုပ် အဘီဆစ် ဗိတ်ချာချီဝ ပြောတဲ့အထဲမှာ သေချာပေါက် ဒါက ဆုတ်ယုတ်မှုတခုဖြစ်တယ်၊ ကုလသမဂ္ဂအနေနဲ့ ပါဝင်ဖြေရှင်းဖို့ လိုအပ်တယ်၊ အိမ်နီးချင်းနိုင်ငံတခုအနေနဲ့ စိုးရိမ်တယ်ဆိုတဲ့အကြောင်း ဒီနေ့ သတင်းထောက်တွေကို အခုလို ပြောသွားပါတယ်။

ထိုင်းဝန်ကြီးချုပ် အဘီဆစ် ဗိတ်ချာချီဝက "ဒါကတော့ သေချာပါတယ်၊ ဒါဟာ ဆုတ်ယုတ်မှုတခု ဖြစ်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပြီး ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း" ပြောဆိုသွားတာ ဖြစ်ပါတယ်။

ထိုင်းဝန်ကြီးချုပ်က အိမ်နီးချင်းနိုင်ငံတခုအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေပေါ်မှာ စိုးရိမ်တဲ့အကြောင်းကိုလည်း အခုလိုပြောပါတယ်။

"ကျနော်တို့အနေနဲ့ အခြေအနေတွေ အားလုံးအပေါ်မှာ စိုးရိမ်ပါတယ်။ ကျနော်တို့ မြင်ချင်တာကတော့ မြန်မာစစ်အစိုးရက သူတို့ချမှတ်ထားတဲ့ နိုင်ငံရေးလမ်းညွှန် အစီအစဉ်တွေအတိုင်း အကောင်းဘက်ကို ဦးတည်တဲ့ တိုးတက်မှုတွေ ဆောင်ရွက်သွားဖို့ပါပဲ။ နိုင်ငံရေးဖြစ်စဉ်တွေမှာ အားလုံးပါဝင်နိုင်ဖို့နဲ့ ဒီလိုနိုင်ငံရေးဖြစ်စဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်ပြီးလွှတ်ပေးဖို့ဆိုတဲ့ ကိစ္စတွေကို ကျနော်တို့ ပြီးခဲ့တဲ့အခေါက် နောက်ဆုံးတွေ့ဆုံတဲ့အချိန်မှာ ဆွေးနွေးခဲ့ပါတယ်" ဆိုပြီး ထိုင်းဝန်ကြီးချုပ် အဘီဆစ် ဗိတ်ချာချီဝက ပြောသွားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အခုလို အင်းစိန်အကျဉ်းထောင်ကိုပို့ပြီး စစ်အစိုးရဘက်က တရားစွဲဆိုတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ တုံ့ပြန်ချက်တွေကတော့ ဆက်တိုက်ဆိုသလို ထွက်နေပါတယ်။ အိမ်နီးချင်းနိုင်ငံထဲမှာတော့ ထိုင်းဝန်ကြီးချုပ်က ပထမဆုံး ပြောတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်ကို "သီးသန့်ဧည့်ဂေဟာ" တွင် ထိန်းသိမ်းထား

THURSDAY, 14 MAY 2009 18:32 သန်းထိုက်ဦး

စစ်အစိုးရက ဂျွန် ဝီလျံ ယက်ထော အမှုနှင့် ပတ်သက်၍ တရားစွဲဆိုခဲ့ပြီးနောက် ဒေါ်အောင်ဆန်း စုကြည်ကို အင်းစိန် ထောင်ပရိဝုဏ် အတွင်းရှိ သီးသန့် ဧည့်ဂေဟာတွင် ထိန်းသိမ်းထား ကြောင်း ရှေ့နေကြီးဦးကြည်ဝင်းက ပြောသည်။



ဓာတ်ပုံ - အေပီ

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ယခုလဆန်းပိုင်း၌ တိတ်တဆိတ် ဝင်ရောက်လာသော အမေရိကန်လူမျိုး ဂျွန် ဝီလျံ ယက်ထော ဆိုသူအမှုနှင့် ပတ်သက်ပြီး အာဏာပိုင်များက ယနေ့နံနက်ပိုင်းတွင် အကျယ် ချုပ်ထားရာ

နေအိမ်မှဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အကျဉ်းထောင်သို့ ခေါ်ဆောင်၍ တရားစွဲဆိုခဲ့ပြီးနောက် ယခုကဲ့ သို့ ထိန်းသိမ်းထားခြင်းဖြစ်သည်။

ရှေ့နေကြီးဦးကြည်ဝင်းက"ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ပရိဂုဏ်အတွင်းမှာရှိတဲ့ ထောင်အာဏာပိုင် တွေ ညီလာခံတို့ အစည်းအဝေးတို့လာတက်ရင်နေတဲ့ အဆောက်အဦးမှာထားတယ်"ဟု ရောဂတီသို့ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား တရားရင်ဆိုင်ရန် မေလ ၁၈  ရက်နေ့သို့ ရက်ချိန်း သတ်မှတ်ထားကြောင်းသိရ သည်။

အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အပါဝင် အတူနေသော အမျိုးသမီးတို့ကိုလည်း ပုဒ်မ ၂၂ /၁၀၉ ဖြင့် တရားစွဲဆိုထားကြောင်း သိရှိရသည်။ အဆိုပါ စွဲဆိုထားသည့် ပုဒ်မများသည်  ပြစ်မှုထင်ရှားပါက ၃ နှစ်မှ ၅ အထိ ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် ကျပ် ၅၀၀၀ ကျခံနိုင်ဖွယ် ရှိကြောင်း ရှေ့နေများ ပြောပြချက်အရ သိရ သည်။

စစ် အာဏာပိုင်များ စွဲဆိုထားသည့် ဥပဒေပုဒ်မနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတွင်အပြစ်မရှိဟု ယုံကြည်ထားကြောင်း ဦးကြည်ဝင်းက ပြောသည်။

ရှေ့နေ ဦးကြည်ဝင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ယနေ့ နံနက်တွေ့ဆုံရာ၌ ဒေါ်အောင်ဆန်းစုကြည်သည် ကျန်းမာရေး နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ကြောင်း သိရသည်။

ဦးကြည်ဝင်းက"ကျနော်က သူ့ကိုအားပေးရမှာ သူက ကျနော်ကိုပြန်ပြီးအားပေးနေတယ်"ဟု ဆိုသည်။

ရန်ကုန် အင်းလျားကန်စောင်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရေကူး၍သွားရောက်ခဲ့သူ ဂျွန် ဂီလျံ ယက် ထော(Mr. John William Yettaw) ကိုလည်း ယနေ့အတူ ရုံးထုတ်ခဲ့ကြောင်းသိရှိရသည်။

ယမန်နှစ်ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ နိုင်ငံခြားသားတဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လာဘ်ငွေပေးပြီးဝင်ရောက်ရန်ကြိုးစားခဲ့သဖြင့် မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းက အာဏာပိုင်များထံတိုင် ကြားခဲ့ဖူးကြောင်း ၊ သို့ရာတွင် သက်ဆိုင်ရာအာဏာပိုင်များက မည်သို့မျှအရေးမယူခဲ့ကြောင်းသိရှိရသည်။

NLD အဖွဲ့ဝင်များအဆိုအရ ရေကူးဝင်ရောက်လာသော ဂျွန် ဂီလျံ ယက်ထောကို ဒေါ်အောင်ဆန်းစုကြည်က လက်မခံဘဲ နှင်လွှတ်ခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကအလွန်ပင်ပန်းနေသဖြင့် ခေတ္တနားခိုခွင့်တောင်းပြီး တစ်ည တည်းခိုသွားခဲ့ကြောင်း သိရသည်။

ဂျွန် ဂီလျံ ယက်ထောနှင့်ပတ်သက်ပြီး အာဏာပိုင်များက လေ့လာသိရှိထားပြီးဖြစ်ရာ လုံခြုံရေးတင်းကျပ်ထား သည့် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်ခြံဝင်းအတွင်းသို့ ယခုလိုရေကူးဝင်ရောက်သွားနိုင်သည့်အပေါ် လေ့လာ သူများ အနေဖြင့် မေးခွန်းထုတ်စရာဖြစ်နေသည်။

ယနေ့ထုတ် အစိုးရသတင်းစာများတွင် ၎င်း ဂျွန် ဂီလျံ ယက်ထောအား အမေရိကန် သံရုံးမှ ဒုတိယ အတွင်းဝန် (ကောင်စစ်ဝန်) Mr. Colin P. Furst နှင့် အဖွဲ့က ရန်ကုန်မြို့ရှိ အောင်သပြေ ရိပ်သာ၌ ကောင်စစ်ဆိုင်ရာတွေ့  ဆုံမှု ပြုလုပ်ခဲ့ကြောင်းနှင့် ဂျွန် ဂီလျံ ယက်ထော၏ ကိုယ်ရေး အကျဉ်းတို့ကို ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါသတင်းကို စိတ်ဝင်စားသူ ပြည်တွင်းသတင်းထောက်များအနေဖြင့် အခက်အခဲများစွာ ကြုံနေရ ကြောင်းသိရသည်။

အင်းစိန်ထောင်အနီး သတင်းလိုက်ယူသော သတင်းထောက်များအား ကိုယ်ရေးအကျဉ်း တောင်းဆိုခြင်း ဓာတ်ပုံ ရိုက်ယူခြင်းများ ခံရကြောင်း၊ ထို့အပြင် ပြည်တွင်း သတင်းဂျာနယ်အယ်ဒီတာများကလည်း မိမိတိုက်ရှိ သတင်း ထောက်များကို သတင်းမလိုက်ရန်နှင့် အကယ်၍ ပြဿနာ ပေါ်ပါက မိမိပြဿနာ မိမိဖြေရှင်းရန် ညွှန်ကြားထား သည်ဟု သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း အကြမ်းဖက် တိုက်ခိုက်မှု အပြီးမှ စတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်း ခံနေရသည်မှာ ၅ နှစ် ကျော်ပြီ ဖြစ်သည်။ ၁၉၈၉ ခုနှစ်မှစ၍ နေ အိမ်အကျယ်ချုပ် ဘဝဖြင့် နေရချိန် စုစုပေါင်း ၁၃ နှစ်ရှိပြီ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်နှင့် ပတ်သက်သော အယူခံလွှာကို လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၉ ရက် နေ့တွင် နေပြည်တော်သို့ တင်သွင်းခဲ့ရာ ယခုလ ၁ ရက်နေ့က ယင်း အယူခံလွှာကို စစ်အာဏာပိုင်များက ပယ်ချခဲ့သည်။

အယူခံလွှာတွင် ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ပုဒ်မ ၁၀ (ခ) အရ အရေးယူထားသည်မှာ ဥပဒေနှင့် ညီမညီ၊ အရေးယူထားသည့် ကာလမှာ ဥပဒေနှင့် ညီ မညီ၊အတူနေ ဒေါ်ခင်ခင်ဝင်း သားအမိအနေနှင့်တားဆီးမိန့် အကျုံး ဝင် မဝင်၊ ကျန်းမာရေးနှင့် ပတ်သက်၍ မိသားစုဆရာဝန်နှင့် ပုံမှန်ဆေးစစ်ခွင့်၊ ရှေ့နေဦးကြည်ဝင်း အတွက်လက် ထောက်ရှေ့နေ ထပ်မံငှားရမ်းခြင်း စသည့် အချက်များပါဝင်သည်။

ရန်ကုန်မြို့ခံများ ဒေါ်အောင်ဆန်းစုကြည် သတင်းကြောင့် အံ့သြ ဒေါသထွက်

THURSDAY, 14 MAY 2009 17:42 ဇာနည်ဝင်း

ဒေါ်အောင်ဆန်း စုကြည်ကို အင်းစိန်ထောင်သို့ ပို့ပြီး ထောင်တွင်း တရားရုံးတွင် တရားစွဲဆို လိုက်သည် ဟူသော သတင်းကြောင့် ရန်ကုန်မြို့ခံများ အံ့အားသင့်နေကြသည်။

"အစိုးရက ဒေါ်စုအပေါ် ဘယ်လို သဘောထားတယ် ဆိုတာတော့ ကျမတို့ သိပြီးသားပါ။ သိပေမယ့် ဒီမနက် ဖြစ်သွားတာကတော့ ဘယ်လိုမှကို ထင်မထားတဲ့ဟာပဲ။ အရမ်း အံ့သြသွားတယ်။ စိတ်မကောင်းဘူး" ဟု ဗဟန်းမြို့နယ်မှ အိမ်ရှင်မတဦးက ဧရာဝတီကို ပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်လာပါက မြန်မာ့နိုင်ငံရေးတွင် အပြောင်း အလဲ ဖြစ်လာနိုင်သည်ကို စစ်အစိုးရ နားလည်သဖြင့် လွှတ်ပေးမည်မဟုတ်ဟု ရန်ကုန်မှ သံဃာတပါးက ခန့်မှန်းသည်။

"ဒီလ ၃၀ ရက်နေ့အထိ မလွတ်ဘူးဆိုရင် အထွေထွေ သပိတ်ကြီး ခေါ်နိုင်ရင် ပိုကောင်းမယ်။ ဝီလျံယက်တော လာတယ်ဆိုတာ သူ့ဟာသူ လာတာပဲ။ တကယ်တမ်း မသွားအောင် ကာကွယ်ရမှာက သူတို့မှာ တာဝန်ရှိတယ်။ အခု ဒေါ်စုအပေါ် အပြစ်ပုံချတယ်ဆိုတာ သက်သက် အကောက်ကြံတာပဲ။ ယုတ်မာလွန်း အားကြီးတယ်" ဟု ဘွဲ့အမည် မဖော်လိုသူ အဆိုပါ သံဃာက ပြောသည်။

ကမာရွတ်မြို့နယ်မှ ကျူရှင်ဆရာတဦးက ပြည်ပရောက် မိတ်ဆွေများ ပေးပို့သည့် အီးမေးဖတ်ပြီးမှ ထိန်းသိမ်းခံထားရသည့် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နောက်ဆက်တွဲ သတင်းကို သိရသည်ဟု ဆိုသည်။

"ကျနော်က တော်တော်လေး ဒေါသထွက်တယ်။ ကိုယ်လည်း ဘာမှလည်း မလုပ်တတ်ဘူး။ ပြီးတော့ ရန်ကုန်မှာ ဖြစ်တာကို ရန်ကုန်မှာ နေတဲ့ ကျနော်တို့က ဘာသတင်း အချက်အလက်မှ မသိရဘူး ဆိုတော့လည်း ပိုပြီး ဒေါသ ထွက်ရတယ်" ဟု ကျူရှင်ဆရာတဦးက ပြောသည်။

ကွန်ပျူတာ အင်တာနက် အသုံးပြုသူမှာ လူနည်းစုသာ ဖြစ်သည်။ အများစုမှာ နိုင်ငံရေး သတင်းအချက်အလက် ရရှိရန် အတွက် မနက်စောစောပိုင်း နှင့် ညပိုင်းတွင် ဖမ်းယူ နားဆင်နိုင်သည့် ပြည်ပ အခြေစိုက် အသံလွှင့် ဌာနများကို အားကိုးကြသည်။ ရေဒီယို၊ စာနယ်ဇင်းများနှင့် ကင်းကွာသူများမှာ လက်ရှိ အခြေ အနေများကို လက်လှမ်း မီခြင်း မရှိကြပေ။

"ဘေးအိမ်က ရေဒီယို ဖွင့်ထားတော့ မနက်တုန်းက ဒီသတင်း ကြားလိုက်တယ်။ စိတ်မကောင်းဘူး၊ ဝမ်းနည်းတယ်။ ဒေါ်စုကို ပြန်လွှတ်ပေးမှာ မဟုတ်ဘူး။ ကျမတို့လည်း ဘာမှ မတတ်နိုင်ဘူး" ဟု တောင်ဥက္ကလာပ မြို့နယ်မှ ကျောင်းဆရာမ တဦးက ပြောသည်။

စာရေးဆရာကြီး သိန်းဖေမြင့်၏သား ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးဟံသာမြင့်ကလည်း အာဏာပိုင်တို့၏ လုပ်ရပ်ကို ကျေနပ်မှု မရှိကြောင်း ပြောပြသည်။

"ကျနော့် တယောက်တည်း အမြင်အရ ပြောရမယ် ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းထားတာ မေလထဲမှာ ၆ နှစ်ပြည့်ပေမယ့် လွှတ်မှာ မဟုတ်ပါဘူးလို့ မျှော်မှန်းပြီးသား။ ဒီလို ဘာကြောင့် လုပ်သလဲ မသိဘူးပေါ့ဗျာ။ လူတွေကလည်း ဒါပဲ မေးနေကြ၊ သိချင်နေကြတယ်။ တိုက်တိုက် ဆိုင်ဆိုင် ဖြစ်သွားတာလားပေါ့ဗျာ။ အင်းစိန်ထောင်ကို ပို့မယ် ဆိုတာကိုတော့ ဘယ်သူကမှ မတွက်ထားခဲ့ကြဘူးဗျ။ ကျနော်တို့ နေ့တိုင်း တွေ့နေတဲ့သူတွေက ဒီကိစ္စအပေါ် မကျေနပ်ဘူး" ဟု ဧရာဝတီကို ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ တရားရုံးတွင် ယခင် ဥပဒေ အတိုင်း တရားစွဲခံရသည်ဟု ရန်ကုန်မှ ရှေ့နေကြီး ဦးအောင်သိန်းက ပြောသည်။

"အရင် ဥပဒေပဲဗျ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူ ဘေးအန္တရာယ် ကာကွယ်တဲ့ ဥပဒေ ပုဒ်မ ၂၂ တဲ့။
အဲဒါက ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်အထိ သို့မဟုတ် ဒဏ်ငွေ သက်သက်၊ ဒဏ်ငွေ ၅၀၀၀ ချလို့ ရပါတယ်" ဟု ဦးအောင်သိန်းက ရှင်းပြသည်။

လွန်ခဲ့သည့် ၆ နှစ်က ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံရစဉ်မှ စပြီး အိမ်တွင် နေထိုင်သူ ဒေါ်ခင်ခင်ဝင်း နှင့် သမီးဖြစ်သူ မဝင်းပပတို့သည်လည်း တရားစွဲခံနေရသည်ဟု သိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ကျူးကျော် ဝင်ရောက်သူကိုလည်း ကန့်သတ်ထားသည့် နယ်မြေ အတွင်း ဝင်ရောက်ခြင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေကို ချိုးဖောက်ခြင်းတို့ဖြင့် တရားစွဲမည်ဟု သိရသည်။ ပြစ်မှုထင်ရှားပါက အဆိုပါ ကျူးကျော် ဝင်ရောက်သူသည် ထောင်ဒဏ် စုစုပေါင်း ၆ နှစ်အထိ ကျခံရနိုင်သည်။

ဒေါ်စု အမှုနှင့် သူတို့အသံများ

အင်တာဗျူး

ကိုဝိုင်း

ကြာသပတေးနေ့၊ မေလ 14 2009 17:43 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား နအဖ စစ်အစိုးရက နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများအား ကာကွယ် စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ ဖြင့် ယနေ့ တရားစွဲဆိုလိုက်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေး ခေါင်းဆောင်အချို့၏ အမြင်သဘောထားများကို မဇ္ဈိမသတင်းထောက် ကိုဝိုင်းက မေးမြန်းတင်ပြထားပါသည်။

**ဦးအေးသာအောင်**

(အတွင်းရေးမှူး၊ လွှတ်တော် ကိုယ်စားပြု ကော်မတီ - စီအာပီပီ)

ကန့်သတ်ချက်ကို ချိုးဖောက်တယ် ဆိုတာက ကျနော့်အမြင် ပြောမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ဟာ အထိန်းသိမ်း ခံထားရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ထိန်းသိမ်းထားတဲ့ အာဏာပိုင်တွေမှာ သူတို့ ထိန်းသိမ်းထားတဲ့ ပုဂ္ဂိုလ်ရဲ့ လုံခြုံရေးအတွက် တာဝန်ရှိတယ်။ အဲဒီတော့ အမေရိကန် နိုင်ငံသားဆိုတဲ့ ပုဂ္ဂိုလ်က ခိုးပြီး ဝင်ရောက်လာနိုင်တယ်ဆိုတာ လုံခြုံရေး တာဝန်ရှိတဲ့ လူတွေမှာပဲ တာဝန်ရှိတယ်။ အကယ်၍ပေါ့၊ လူတယောက်က ဝင်ပြီးတော့ အမျိုးသမီးတွေပဲ ရှိနေတဲ့နေရာဆိုတော့ ဘာမှ ထိထိရောက်ရောက် ခုခံနိုင်မယ့် အနေအထားက မရှိဘူးလေ။

**ဦးခွန်မြင့်ထွန်း**

(နိုင်ငံရေးအကျဉ်းသမားဟောင်း)
(ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အန်အယ်ဒီ သထုံမြို့နယ် မဲဆန္ဒနယ် အမှတ် - ၁)

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ ဒီမိုကရေစီအရေး လှုပ်ရှားတဲ့သူတွေကို ဒီပဲယင်းမှာ တကယ်ကို အသေသတ်ဖို့ ကြံခဲ့တာပဲ။ ဒေါ်အောင်ဆန်းစုကြည်က ကံကြီးလွန်းလို့ အသက်ရှင်ခဲ့တာကိုး။ ဒီပဲယင်း လုပ်ကြံမှုဖြစ်ကတည်းက ကျနော်တို့ ဗမာပြည်မှာ တွေ့ဆုံဆွေးနွေးရေးကို နအဖ က လက်မခံဘူးဆိုတာကို ပြတ်ပြတ်သားသား ပြလိုက်တာ။ နောက်တခါ ဒေါ်အောင်ဆန်းစုကြည်ကို မတရားဖမ်းဆီးထားတာကနေ ထပ်ပြီးတော့မှ အမှုဆင်ပြီးတော့ ဒီလို ထပ်ပြီးတော့ လုပ်ကြံ စွပ်စွဲပြီးတော့ ထောင်ဒဏ်အပြစ်ပေးမယ် ဆိုတာကတော့ နအဖ က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ကို အတိအလင်း ချိုးဖောက်ဖျက်ဆီးလိုက်တာ ဖြစ်တယ်။

ပြီးတော့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ သူ့မှာ ဘယ်လိုမှ သဘောထားမရှိဘူးဆိုတာ အားလုံးသိအောင် ရှင်းရှင်းလင်းလင်း ပြောတာဖြစ်ပါတယ်။ နောက် ဒီတိုင်းပြည်မှာ ကိုမင်းကိုနိုင်တို့၊ ဦးဂမ္ဘီရတို့၊ ဦးခွန်ထွန်းဦးတို့ အပါအဝင်ပေါ့၊ ပုဂ္ဂိုလ်တွေက တကယ့်တကယ် အပြစ်ရှိလို့ ထောင်ကျနေတာ မဟုတ်ဘူး။ အားလုံးက ဒီလို အမှုဆင်ပြီး ထောင်ချတာဖြစ်တယ်။ နအဖ အနေနဲ့ကတော့ ဒီဥစ္စာ Crime against Humanity ဥပဒေကို ချိုးဖောက်တာပါပဲ။ အပြစ်မရှိတဲ့သူကို အပြစ်ရှာပြီး ထောင်ချတာကိုက ရာဇဝတ်မှု ကျူးလွန်တာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်ပြီ ဆိုကတည်းကိုက ထောင်ချဖို့ကတော့ သေချာပါပြီ။ သူတို့ ထောင်ချမှာပဲ။

**ရဲဘော်ဖိုးသံချောင်း**

(ပြောခွင့်ရ ပုဂ္ဂိုလ်၊ ဗမာပြည်ကွန်မြူနစ်ပါတီ)

ပြောချင်တာကတော့ အချက်အလက် ကျနော်တို့ သိရတာ သိပ်နည်းသေးတယ်။ နအဖ ကလည်း သေချာကို ဖုံးထားတဲ့ သဘောမျိုး ရှိတယ်။ နအဖ ဖုံးထားတယ်ဆိုတဲ့အထဲမှာ ဒီလူအကြောင်းကို ဒေါက်တာတင်မျိုးဝင်း report လုပ်ပြီးသားဆိုတဲ့ဟာနဲ့ ပတ်သက်ပြီး နအဖ က အဲဒါကို အပြည့်အစုံ ဖော်ထုတ်ရမယ်။ ဘာတွေ report လုပ်ခဲ့တယ်ဆိုတဲ့ဟာ။ ဒေါက်တာတင်မျိုးဝင်း report လုပ်ပြီးသားဆိုရင် သူတို့ ဘာလို့ ဗီဇာထုတ်ပေးသလဲ။ တကယ်လို့ ဒီလူအကြောင်း နအဖ သိထားလို့ရှိရင် ဘာလို့ ဗီဇာပေးပြီး အဝင်ခံလဲ။ ဒီလူကို ဗီဇာငြင်းပယ်လိုက်ရင် ရတဲ့ဟာကို။ တိုင်းပြည်ထဲကို ခိုးဝင်လာတာမှ မဟုတ်ဘဲ။ သံသယ ရှိစရာတွေ အများကြီး ရှိနေတယ်။

ကျနော်တို့ ကတော့ ဒီကိစ္စကို ကိုယ့်ပြည်တွင်း ပြည်သူလူထုနဲ့ ဘယ်လို စည်းရုံးရမလဲ။ ပြည်တွင်း ပြည်သူလူထုရဲ့ အင်အားနဲ့ ဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆတယ်။ ပြည်ပက မတတ်နိုင်ဘူး။ နအဖ အကွက်ထဲကို ကွက်တိပဲ ဝင်နေတာ။ ဆန္ဒပြရမယ်ဆိုပြီး ကျနော် အတိအကျကြီး ပြောနေတာမဟုတ်ဘူး။ ပြည်သူလူထုက သူတို့ရဲ့ နိုးကြားမှုကို ဖော်ပြတဲ့၊ သူတို့ရဲ့ စိတ်ဝင်စားမှုကို ဖော်ပြတဲ့၊ သူတို့ရဲ့ ဆန့်ကျင်မှုကို ဖော်ပြတဲ့ နည်းနာပေါင်းစုံသုံးပြီး ဒီကိစ္စ လုပ်မှရမယ်လို့ ထင်တယ်။

**ဦးမဟော်ခွန်ဆာ**

(အထွေထွေအတွင်းရေးမှူး၊ တိုင်းရင်းသားလူမျိုးများ ကောင်စီ - အီးအန်စီ)

ကျနော်တို့မြင်တာက ဒေါ်စုက တနိုင်ငံလုံး အတိုင်းအတာအနေနဲ့ နိုင်ငံရေးအရလည်း ယုံကြည်မှုရှိကြတယ်။ ဒေါ်စုရဲ့ ဩဇာလည်း လွှမ်းမိုးနိုင်တယ်။ စစ်အစိုးရက သူတို့ရဲ့ အာဏာတည်မြဲရေးအတွက် ၂၀၀၈ အခြေခံဥပဒေကို လုပ်လိုက်တယ်။ အဲဒီ ဥပဒေအရ ၂၀၁၀ ခု ရွေးကောက်ပွဲကို လုပ်မှာဖြစ်တယ်။ ဒေါ်စုအပိုင်းနဲ့ ပတ်သက်လို့ ကျနော်တို့ သိထားတာက သူ့ကို ချုပ်ထားတဲ့ ဥပဒေဟာ၊ ချုပ်ထားမှုဟာ အခု မေလအတွင်းမှာ ဒီကိစ္စက ပြည့်သွားမယ်။ ပြည့်သွားမယ်ဆိုရင် ဘာပဲပြောပြော ဒေါ်စုကို ပြန်လွှတ်ပေးရမယ်။ ပြန်လွှတ်ပေးရမယ်ဆိုတော့ သူ့ရဲ့ ဩဇာအရှိန်အဝါကို သိတဲ့အတွက်ကြောင့်မို့လို့ သူတို့အနေနဲ့ ဒေါ်စုကို ၂၀၁၀ ရွေးကောက်ပွဲမှာ အနှောင့်အယှက် အဟန့်အတားမဖြစ်ဖို့အတွက် အကြောင်းအမျိုးမျိုးပြပြီးတော့မှ ဖမ်းဆီးလိမ့်မယ်လို့ ကျနော်တို့ နဂိုကတည်းက တွက်ထားတယ်။ အဲဒါကြောင့် အခု ဒီဖမ်းဆီးမှုဟာလည်း ၂၀၁၀ ရွေးကောက်ပွဲမှာ စိတ်ကြိုက် လုပ်ချင်သလို လုပ်နိုင်ဖို့အတွက် ဒေါ်စုကို ထိန်းသိမ်းနိုင်ဖို့၊ ဖမ်းဆီးထားနိုင်ဖို့အတွက် ဒါအကြောင်းပြုပြီးမှ လုပ်တာပဲလို့ ကျနော်တို့က ယူဆတယ်လေ။

## ထိန်းသိမ်းခံ အမေရိကန် လူမျိုးအတွက် အကျိုးဆောင် လိုက်ပါခွင့်ရရေး သံရုံးမှ ကြိုးစားနေ

မုံပြီး

ကြာသပတေးနေ့၊ မေလ 14 2009 16:59 - မြန်မာစံတော်ချိန်

နယူးဒေလီ။     ။ ရန်ကုန်မြို့ အင်းစိန်ထောင် တရားရုံးတွင် အမှု ရင်ဆိုင်နေရသော ထိန်းသိမ်းခံ အမေရိကန်လူမျိုး John William Yettaw အတွက် အကျိုးဆောင် ငှါးရမ်း ကာကွယ်ခွင့်ရရန် မိမိတို့သံရုံးမှ ကောင်စစ် တွေ့ဆုံမှုရရှိရေး ဆက်လက် ကြိုးစားသွားမည်ဟု ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးမှ ပြောသည်။

ကောင်စစ်အရာရှိ မစ္စတာ ကောလင်းပီဖတ်စ်တ် (Colin P. Furst) သည် အင်းစိန် အကျဉ်းထောင် တရားရုံးတွင် အမှုရင်ဆိုင် နေရသော မစ္စတာ ယက်တော နှင့် ကြာသပတေးနေ့က ဒုတိယအကြိမ် တွေ့ဆုံခွင့်ရခဲ့သည်ဟု ရန်ကုန်ရှိ အမေရိကန်သံရုံး ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်မေး (Richard Mei) က ပြောသည်။

ကျနော်တို့ကတော့ ကောင်စစ်တွေ့ဆုံမှုရဘို့ ဆက်လုပ်သွားမယ်။ သူ့ဥပဒေ အကျိုးဆောင် ငှါးရမ်း ကာကွယ်ခွင့်ရရေး အတွက် သေချာအောင် လုပ်သွားမယ် ဟု မေးက မဇ္ဈိမကို ပြောသည်။

မစ္စတာ ယက်တောနှင့်အတူ နိုဘယ်  ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၊ သူမ၏ ပါတီဝင်များဖြစ်ပြီး သူမကို ပြုစု စောင့်ရှောက်နေသူ ဒေါ်ခင်ခင်ဝင်းနှင့် သူမ၏ သမီးတို့ကို အင်းစိန်ထောင်အတွင်း အထူးတရားရုံး၌ ကြာသပတေးနေ့ မနက်က ရုံးထုတ်ခဲ့သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အခြား ပါတီဝင် အများအပြားမှာ အကျဉ်းထောင်တွင်းသို့ ဝင်ခွင့်မရကြဘဲ သူမ၏ရှေ့နေ ဦးကြည်ဝင်းနှင့် သူ၏ လက်ထောက်တို့ ၂ ဦးကိုသာ ဝင်ရောက်ခွင့်ပြုခဲ့သည်။

တရားရုံးတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီးများဖြစ်ကြသော ဦးသောင်းညွှန့်နှင့် ဦးညီညီစိုးတို့ ရုံးထိုင်ပြီး ဒေါ် အောင်ဆန်းစုကြည်ကို သူမအား ထိန်းသိမ်းထားသည့် ဥပဒေပါ ပြဌာန်းချက်များကို ချိုးဖောက်မှု အဆိုပါဥပဒေ၏ ပုဒ်မ ၂၂ ဖြင့် တရားစွဲဆိုခဲ့သည်။

အမှုကို ခဏတာ ကြားနာစစ်ဆေးပြီးနောက် ရပ်နားထားလိုက်ကာ နောက်တကြိမ်ကြားနာရန် မေလ ၁၈ ရက် တနင်္လာနေ့ သို့ ချိန်းဆိုလိုက်သည်။

သူမ၏ အမှုတွင် လိုက်ပါဆောင်ရွက်နေသော ဦးကြည်ဝင်းနှင့် သူ၏ လက်ထောက်တို့အပြင် ယခုအမှုတွင် လိုက်ပါဆောင်ရွက်ရန် အတွက် နောက်ထပ် ရှေ့နေများဖြစ်သော ဦးဉာဏ်ဝင်း၊ ဦးအောင်သိန်း နှင့် ဒေါ်ခင်ဌေးကြွယ်တို့ကို NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ငှါးရမ်းခဲ့ကြောင်း NLD သတင်းရပ်ကွက်များက ပြောသည်။

အဆိုပါ ၄ ဦးကို အင်းစိန် အကျဉ်းထောင်ရှိ အထူးတိုက်သို့ ခေါ်ဆောင်သွားပြီး ဒေါ်အောင်ဆန်းစုကြည်၏ သမားတော်ကြီး ဖြစ်ပြီး အင်္ဂါနေ့က ဖမ်းဆီးခံခဲ့ရသူ ဒေါက်တာတင်မျိုးဝင်းကိုမူ ယနေ့ ကြာသပတေးနေ့ အမှုစစ်ဆေးရာတွင် မတွေ့ရှိရဘဲ ယင်းကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကိုလည်း မသိရပါ။

မြန်မာအစိုးရ၏ အာဘော် မြန်မာ့အလင်း သတင်းစာကမူ မစ္စတာ ယက်တောသည် အင်းယားကန်ကို ဖြတ်ကူးကာ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ထဲ ဝင်ရောက်၍ ၃ ရက်ကြာ နေထိုင်ခဲ့သည်ဟု ရေးသား ဖော်ပြထားသည်။

စစ်အစိုးရပိုင် သတင်းစာ၏ ရေးသားချက်များအပေါ် အမျိုးမျိုး ခန့်မှန်း ဝေဘန်ပြောဆိုနေကြချိန်တွင် မစ္စတာ ယက်တောသည် မြန်မာ့ဒီမိုကရေစီ၏ ပြယုဂ်ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ အင်းယားကန်နံဘေး နေအိမ် ခြံဝင်းအတွင်း ဝင်ရောက်ခဲ့သည်ဟု ဗုဒ္ဓဟူးနေ့က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားခဲ့သည်။

ခပ်တိုတို ကျင်းပခဲ့သော သတင်းစာ ရှင်းလင်းပွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားရာ၌ မြန်မာ အာဏာပိုင်များသည် ဂျွန် ယက်တောနှင့် ကောင်စစ် တွေ့ဆုံခွင့်ပြုခဲ့ကြောင်း၊ ထိန်းသိမ်းခံ အမေရိကန်လူမျိုးသည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ ညနေက အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် ဖဲလ်ကွန် ဒဲလ်တာလမ်းရှိ မစ္စတာ ယက်တော၏ နေအိမ်သို့ ကြိမ်ဖန်များစွာ ဆက်သွယ်ခဲ့သော်လည်း လက်ခံဖြေကြားခြင်း မရှိခဲ့ပါ။

[ဒေါ်အောင်ဆန်းစုကြည် တရားစွဲခံရ](#)

THURSDAY, 14 MAY 2009 13:29 ကိုစိုး

စစ်အစိုးရက ဂျွန် ဝီလျံ ယက်တော အမှုနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်း စုကြည်အား တရားရင်ဆိုင်ရန် မေလ ၁၈ ရက်နေ့သို့ ရက်ချိန်း သတ်မှတ်လိုက်ကြောင်း သိရသည်။



ဓာတ်ပုံ - အေပီ

၎င်း၏ နေအိမ်သို့ ယခုလဆန်းက တိတ်တဆိတ် ဝင်ရောက်လာသော အမေရိန်ကန်လူမျိုး ဂျွန် ဝီလျံ ယက်တော ဆိုသူအမှုနှင့် ပတ်သက်ပြီး အာဏာပိုင်များက ယနေ့နံနက်ပိုင်းတွင် အကျယ်ချုပ်ထားရာ နေအိမ်မှ ဒေါ်အောင်ဆန်း စုကြည်အား အင်းစိန် အကျဉ်းထောင်သို့ ခေါ်ဆောင်၍ အမှုရင်ဆိုင်ရန် ရက်ချိန်းပေး စီစဉ်လိုက်ခြင်း ဖြစ်ကြောင်း AFP သတင်း တရပ်တွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အတူနေ အမျိုးသမီးတို့ကို ပုဒ်မ ၂၂ ဖြင့် တရားစွဲဆိုလိုက်ပြီ ဖြစ်ကြောင်း ရှေ့နေ ဦးလှမျိုးမြင့်ကလည်း သတင်းထောက်များသို့ ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရား စွဲဆိုရန် စစ်အာဏာပိုင်များက ယနေ့ နံနက်တွင် ခေါ်ဆောင်သွားသည်ဟု အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကလည်း ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား ယင်းသို့ ရုံးတင်တရားစွဲဆိုရန် အတွက် ယနေ့နံက် ၇ နာရီတွင် ခေါ်ယူရန် အစီအစဉ်ကို အာဏာပိုင်များ၏ ပြောကြားချက်အရ သိရှိရကြောင်း ဦးဉာဏ်ဝင်းက ပြောဆိုသည်။

"ဒီနေ့တရားရုံးကို အမှုတင်ပါမယ်၊ အင်းစိန်ထောင်တွင်းထဲမှာ တင်မယ်"ဟု ၎င်းက ရောဂတီသို့ ပြောသည်။

ယနေ့နံနက် ၉ နာရီ ဝန်းကျင်ခန့်က ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား ၂ ဦးအား အင်းစိန်ထောင်သို့ အာဏာပိုင်များက ခေါ်ဆောင်လာသည်ကို တွေ့မြင်ရကြောင်းနှင့် NLD အဖွဲ့ ရှေ့နေများဖြစ်သော ဦးဉာဏ်ဝင်း၊ ဦးကြည်ဝင်း၊ ဦးအောင်သိန်း၊ ဒေါ်ခင်ဌေးကွယ်နှင့် ဦးကြည်ဝင်း၏ လက်ထောက်ရှေ့နေ ဦးလှမျိုးမြင့်တို့လည်း အင်းစိန်ထောင်သို့ ရောက်ရှိနေကြောင်း အင်းစိန်ထောင် ဝန်ထမ်းအသိုင်းအဝန်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ၎င်း၏အိမ်တွင် အတူနေသူ အမျိုးသမီး ၂ ဦးကို ယနေ့နံက်က အင်းစိန်ထောင်သို့ ခေါ်ဆောင်သွားခြင်းမှာ အမေရိကန်လူမျိုး ဂျွန် ဝီလျံ ယက်တော ဆိုသူ ကိစ္စနှင့် ပတ်သက်ပြီး တရားစွဲဆိုရန် ဖြစ်သည်ဟု ကြားသိရကြောင်း NLD အဖွဲ့ဝင် တဦးကလည်း ပြောဆိုသည်။

အဆိုပါ ဂျွန် ဝီလျံ ယက်တော(Mr. John William Yettaw) သည် အင်းလျားကန်စောင်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရေကူး၍ သွားရောက်ကာ မေလ ၃ ရက် မှ ၅ ရက်နေ့အထိ ၃ ရက်ကြာ နေထိုင်ခဲ့ပြီး မေလ ၆ ရက် နေ့တွင် အင်းလျားကန် အတွင်း၌ ၎င်းအား တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ကြောင်း မေလ ၇ ရက်နေ့ထုတ် စစ်အစိုးရ သတင်းစာများတွင် ဖော်ပြထားသည်။

ယနေ့ထုတ် အစိုးရသတင်းစာများတွင် ၎င်း ဂျွန် ဝီလျံ ယက်တောအား အမေရိကန် သံရုံးမှ ဒုတိယ အတွင်းဝန် (ကောင်စစ်ဝန်) Mr. Colin P. Furst နှင့် အဖွဲ့က ရန်ကုန်မြို့ရှိ အောင်သပြေ ရိပ်သာ၌ ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှု ပြုလုပ်ခဲ့ကြောင်းနှင့် ဂျွန် ဝီလျံ ယက်တော၏ ကိုယ်ရေး အကျဉ်းတို့ကို ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း အကြမ်းဖက် တိုက်ခိုက်မှု အပြီးမှ စတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်း ခံနေရသည်မှာ ၅ နှစ် ကျော်ပြီ ဖြစ်သည်။ ၁၉၈၉ ခုနှစ်မှစ၍ နေအိမ်အကျယ်ချုပ် ဘဝဖြင့် နေရချိန် စုစုပေါင်း ၁၃ နှစ်ရှိပြီ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်နှင့် ပတ်သက်သော အယူခံလွှာကို လွန်ခဲ့သည့် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၉ ရက် နေ့တွင် နေပြည်တော်သို့ တင်သွင်းခဲ့ရာ ယခုလ ၁ ရက်နေ့က ယင်း အယူခံလွှာကို စစ်အာဏာပိုင်များက ပယ်ချခဲ့သည်။

အယူခံလွှာတွင် ဒေါ်အောင်ဆန်းစုကြည်က သူ့ကို ပုဒ်မ ၁၀ (ခ) အရ အရေးယူထားသည်မှာ ဥပဒေနှင့် ညီ မညီ၊ အရေးယူထားသည့် ကာလမှာ ဥပဒေနှင့် ညီ မညီ၊ အတူနေ ဒေါ်ခင်ခင်ဝင်း သားအမိအနေနှင့် တားဆီးမိန့် အကျုံး ဝင် မဝင်၊ ကျန်းမာရေးနှင့် ပတ်သက်၍ မိသားစုဆရာဝန်နှင့် ပုံမှန်ဆေးစစ်ခွင့်၊ ရှေ့နေဦးကြည်ဝင်း အတွက် လက်ထောက်ရှေ့နေ ထပ်မံငှားရမ်းခြင်း စသည့် အချက်များပါဝင်သည်။

NLD ပြန်ကြားရေး အဖွဲ့ဝင်တဦးဖြစ်သည့် ဦးဟံသာမြင့်က စစ်အစိုးရအနေနှင့် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ရန် မျှော်လင့်မထားကြောင်းနှင့် ယခုကဲ့သို့ ရုံးတင်တရားစွဲဆိုမည့် အစီအစဉ် အထိဖြစ်လာမည်ကိုလည်း ထင်မြင် မထားကြောင်း ပြောဆိုသည်။

## ဒေါ်အောင်ဆန်းစုကြည် ထောင်ချောက်ဆင်ခံရသလား

THURSDAY, 14 MAY 2009 19:18 ဇာနည်ဝင်း

ထိန်းသိမ်းခံနေရသူ ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ အမေရိကန် တဦး ဝင်ရောက်မှု နှင့် စစ်အစိုးရ၏ နောက်ဆက်တွဲ အရေးယူ ဆောင်ရွက်ချက်များမှာ အများက စိတ်ဝင်တစား ဝေဖန် ပြောဆိုနေကြသည့် အကြောင်းအရာ ဖြစ်နေသည်။

ပြီးခဲ့သည့် အပတ်က အမေရိကန် နိုင်ငံသား ဂျွန် ဝီလျံ ယက်တောသည် လုံခြုံရေး တင်းကျပ်သော ဒေါ်အောင်ဆန်းစုကြည်၏ အိမ်သို့ ဝင်ရောက်ပြီး အပြန်တွင် ဖမ်းဆီးခံလိုက်ရသည်။ အိမ်ရှင် ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အာဏာပိုင်တို့ လျစ်လျူမရှုခဲ့ပေ။ ယနေ့ နံနက်ပိုင်းတွင် အာဏာပိုင်တို့က ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန် ထောင်သို့ ပို့ဆောင်ပြီး ကန့်သတ်ချက် ဖောက်ဖျက်မှုဖြင့် တရားစွဲလိုက်သည်။

စစ်အစိုးရက ဤဖြစ်ရပ်ကို ၎င်းတို့၏ အကျိုးအတွက် အသုံးချခြင်း ဖြစ်သည်ဟု ထင်ရှားသည့် မြန်မာဘလော့ဂါ အောင်သာငယ်က သုံးသပ်သည်။

"နအဖရဲ့ လုပ်ဇာတ်လေ။ ဒေါ်စုကို ထောင်ထဲ ထည့်မယ်၊ ၂၀၁၀ ရွေးကောက်ပွဲမှာ သူ့ဩဇာ မပါအောင် ကြိုတင် ဖြိုဖျက်တာပဲ။ ဒါမှ သူတို့ ပြောနေတဲ့ ဥပဒေတွေနဲ့ ကိုက်မှာကိုး။ ဒေါ်စုဟာ ပြင်ပက အဆက် အသွယ်တွေ ရှိတယ်၊ နိုင်ငံခြား ဩဇာခံတွေ ရှိတယ်ပေါ့ဗျာ" ဟု ကယ်လီဖိုးနီးယားပြည်နယ်ရောက် ဘလော့ဂါ အောင်သာငယ်က ပြောသည်။

ရန်ကုန် အခြေစိုက် စာနယ်ဇင်းသမား တဦးက အမေရိကန် နိုင်ငံသားသည် စစ်အစိုးရနှင့် ပတ်သက်ခြင်းမရှိဟု ယူဆသည်။

"ယက်တော ဆိုတဲ့သူကတော့ သူ့စိတ်ကူးနဲ့သူ လုပ်ချင်တဲ့ဟာကို လုပ်သွားတာ ဖြစ်ပါလိမ့်မယ်။ ဒေါ်အောင်ဆန်းစုကြည်ကို သိက္ခာချဖို့ ကြံစည်နေတဲ့ နအဖက အဲဒီ အဖြစ် အပျက်အပေါ်မှာ အကျယ်ချုပ် သက်တမ်း တိုးဖို့၊ ဖမ်းဆီးတာ သက်တမ်းရှည်ဖို့ အတင်း အဓမ္မ ခွင်ဆင်တာ လို့ မြင်တာပါပဲ" ဟု အဆိုပါ စာနယ်ဇင်းသမားက ပြောသည်။ "ဆင်တဲ့ခွင်က မသင့်တော်လည်း အတင်းလုပ်တဲ့ သဘောပါပဲ" ဟု ဆိုသည်။

မြန်မာနိုင်ငံအကြောင်း ရေးသားလေ့ရှိသည့် ထင်ရှားသော ဘလော့ဂါတဦးဖြစ်သူ မင်းဒင် ကလည်း ယခု လူပြောများနေသော ဖြစ်ရပ်မှာ သွေးရိုးသားရိုးမဟုတ်နိုင်ဟု ပြောသည်။

"သံသယ အမြင်နဲ့ စွပ်စွဲတာမျိုးကို ကျနော် မပြောချင်ပေမယ့် အာဏာအတွက် လူစုပြီး ချောင်းရိုက်တတ်တဲ့ စစ်သားအမည်ခံ ကိုယ်ကျိုးရှာ၊ အာဏာရှင်တွေဟာ မဟုတ်၊ မတရားတာကို လုပ်ဖို့  ဘယ်တုန်းကမှ လက်မနေးခဲ့တာကြောင့် ယက်တောကိစ္စမှာလည်း သွေးရိုးသားရိုးလို့ ကျနော် မယူဆနိုင်ပါဘူး" ဟု သုံးသပ်ပြသည်။

ဤအမှုမှာ ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်အထိ သို့မဟုတ် ဒဏ်ငွေ သက်သက်၊ ဒဏ်ငွေ ၅၀၀၀ ချမှတ်နိုင်သည့် အမှု ဖြစ်သည်ဟု ရန်ကုန်မှ ရှေ့နေကြီး ဦးအောင်သိန်းက ရှင်းပြသည်။

နိုင်ငံတကာတွင်လည်း လွတ်ရက်စေ့တော့မည့် ဒေါ်အောင်ဆန်းစုကြည်အပေါ် တရားစွဲဆိုမှုနှင့် ပတ်သက်ပြီး တုံ့ပြန် ပြောဆိုမှုများ ရှိနေသည်။

ဩစတေးလျ နိုင်ငံခြားရေး ဝန်ကြီး စတီဖင်စမစ်က ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးမှုမှာ "အလွန်တရာ စိုးရိမ်ဖွယ်" ဖြစ်သည်ဟု ဆိုသည်။

ယခုဖြစ်ရပ်တွင် အဓိကပုဂ္ဂိုလ် တဦး ဖြစ်သူ ဂျွန် ဝီလျံ ယက်တောသည် ယခုအချိန်အထိ အဖွဲ့အစည်း တခုခုနှင့် ပတ်သက်သည် ဟူသော သတင်း ထွက်ပေါ်လာခြင်း မရှိပေ။ သာမန် အရပ်သား တဦးသာ ဖြစ်သည် ဟု ဆိုသည်။

သူ၏ သားဖြစ်သူ ပေါလ်နက်ရိုက AP သတင်းဌာနသို့ ပြောပြရာတွင် သူ၏ဖခင်  ယက်တောသည် နိုင်ငံရေး လှုပ်ရှားမှုများတွင် စိတ်ဝင်စားမှု မရှိဟု

ဆိုသည်။

"ဂျွန်က အွန္တရာယ် မပေးတတ်သလို နိုင်ငံရေးလည်း စိတ်မဝင်စားပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကို ဒုက္ခပေးဖို့ စိတ်ကူးမရှိပါဘူး" ဟု ပေါ်လ်နက်ရိုက ပြောသည်။

"ဂျွန်က ဆီးချိုရောဂါရှိတယ်၊ ကျန်းမာရေး ကောင်းတာလည်း မဟုတ်ဘူး"ဟု ဆိုသည်။ ကျန်းမာရေး ကောင်းမွန်ခြင်း မရှိသဖြင့် မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် မဟုတ်ဟု ၎င်းက ပြောသည်။

ယခုအချိန်အထိ ယက်တော၏ ကျူးကျော်ဝင်ရောက်မှုနှင့် ပတ်သက်ပြီး သူနှင့် တွေ့ခွင့် ရခဲ့သော ရန်ကုန်မြို့ အမေရိကန် ကောင်စစ်ဝန်ထံမှ လည်းကောင်း၊ စစ်အစိုးရ ထံမှ လည်းကောင်း ပြည့်စုံသည့် ပြောကြားချက် ထွက်ပေါ်လာခြင်း မရှိသေးပေ။

ပြည်ပရောက် နိုင်ငံရေးသမားဖြစ်သူ ကိုဌေးလင်းက ဤဖြစ်ရပ်တွင် မြှုပ်ကွက်များ ရှိနိုင်သည်ဟု ခန့်မှန်းနေသည်။

"သံသယ ဖြစ်စရာတွေ တွေ့ရတယ်။ တကယ်တော့ ဒီနေရာက လုံခြုံရေး စည်းကြပ်ထားမှုအရ ဆိုရင် ဝင်လို့ကို မရတဲ့ နေရာဖြစ်တယ်။ ဒီလို လုံခြုံရေး အခြေအနေ ရှိတဲ့ ဒီနေရာကို လာခွင့် ရသွားတယ်။  မမြင်ချင် ယောင်ဆောင်တာ ဒါမှမဟုတ် ဝင်ရောက်ခွင့် ပေးလိုက်တာမျိုး မဟုတ်ဘဲနဲ့တော့ ဝင်လို့ ရစရာ အကြောင်း မရှိဘူး။ သူ့ရဲ့ကျူးကျော်မှုမှာ အစိုးရ သော်လည်းကောင်း၊  လုံခြုံရေး ဝန်ထမ်းတွေ သော်လည်းကောင်း ပါဝင်နေတယ် လို့ ကျနော် သုံးသပ်မိတယ်" ဟု ကိုဌေးလင်းက ရေဝတီကို ပြောပြသည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်ရက်စေ့ခါနီးတွင် အစိုးရက သူ့ကို ပြန်လည် ထိန်းသိမ်းနိုင်ရန် ကြိုတင် ကြံစည် ဆောင်ရွက်ခြင်း ဖြစ်မည်ဟု သံသယရှိမိကြောင်း ကိုဌေးလင်းက ရှင်းပြသည်။

## ပြည်သူလူထုထံ မျက်နှာမူရန် လိုအပ်

အင်တာဗျူး

မြင့်မောင်

ကြာသပတေးနေ့၊ မေလ 14 2009 23:45 - မြန်မာစံတော်ချိန်

နယူးဒေလီ (မဇ္ဈိမ)။      ။ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် နေအိမ်အကျယ်ချုပ်မှ အကျဉ်းထောင်အတွင်း ထားရှိခံရကာ တရားစွဲဆိုခံနေရချိန်တွင် ပါတီ၏ ထိပ်တန်းခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်က ပါတီ၏ အခြေခံ မူဝါဒများအတိုင်း ဆက်လက်၍ ကိုင်စွဲကာ လုပ်ကိုင်သွားမည်ဟု ဆိုသည်။

သူက နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ရန်နှင့် ၉၀ ခုနှစ် ရွေးကောက်ပွဲ ရလဒ် အသိအမှတ်ပြုရေးများ လိုအပ်နေဆဲဖြစ်ကြောင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ထို့အပြင် ပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ပြည်သူလူထုထံ မျက်နှာမူသည့် လှုပ်ရှားမှုများ လုပ်ကိုင်သွားပါရန်နှင့် ဒီမိုကရေစီရေး လှုပ်ရှားသူများနှင့် ပြည်သူလူထုအနေဖြင့် မတရားမှုကို ရင်ဆိုင်ရန် စိတ်ဓာတ်ရေးရာအားဖြင့်  ဖောက်ထွက်ပါရန်လည်း ထပ်မံ ပြောဆိုလိုက်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း တိတ်တဆိတ် ဝင်ရောက်ခဲ့သည့် နိုင်ငံခြားသားတဦး၏ ဖြစ်ရပ်၊ မြန်မာနိုင်ငံ တရားစီရင်ရေးအပေါ် သဘောထား၊ ဖောက်ထွက်ရေး အတွေးအခေါ်နှင့် ညီညွတ်ရေးအမြင်များကို မဇ္ဈိမသတင်းထောက် မြင့်မောင်က ဆက်သွယ်မေးမြန်းရာတွင် တုံ့ပြန်ဖြေကြားခဲ့သည်များကို တင်ပြလိုက်ပါသည်။

ဒီနေ့ အဖြစ်အပျက်လေးကို ပြောပြပေးပါ ခင်ဗျ။

ဒီနေ့ အဖြစ်အပျက်က ဒီလိုဗျာ။ မနေ့တုန်းကဟာကိုပဲ အခြေခံပြီး ပြောရမှာပဲ။ မနေ့ ညနေ ၅ နာရီလောက်မှာ ရှေ့နေကြီး ဦးကြည်ဝင်းကို လှမ်းပြီးတော့ ခေါ်တယ်။ မနက်ဖြန်ကျလို့ရှိရင် ဒေါ်စုကို တရားစွဲမယ်၊ ဒေါ်စုကို အင်းစိန်ကို တရားစွဲမယ်၊ တရားစွဲဖို့အတွက် မနက် ၇ နာရီမှာ ဒေါ်စုကို လာခေါ်မယ်၊ ဒေါ်စုနဲ့အတူ အိမ်မှာနေတဲ့ အမျိုးသမီး နှစ်ဦးကိုပါ ခေါ်သွားမယ်၊ အဲဒီအတွက် အိမ်မှာ အိမ်စောင့်တွေဘာတွေ ရှာထားပါ၊ ဘာကြောင့်လဲဆိုတော့ ဒေါ်စုကို သူ့အိမ်ကို ပြန်မပို့ဘူးဆိုပြီးတော့ ပြောတယ်။ ဒါက မနေ့တုန်းက ဖြစ်တဲ့ အဖြစ်အပျက်။

အဲဒီတော့ ဒီနေ့မနက်ကျတော့ ဒေါ်စုကို လာခေါ်သွားတယ်။ အင်းစိန် တရားရုံးမှာ တင်တယ်ပေါ့လေ။ ရှေ့နေတွေကလည်း သူ့ဘာသာသူ သွားရတယ်။ ရုံးမှာကျ ဦးကြည်ဝင်းနဲ့ ဒေါ်စုနဲ့ ခဏတွေ့တယ်။ ဒါပေမယ့် ရုံးရဲ့အနေအထားက ဘယ်လိုလဲဆိုလို့ရှိရင် တရားရုံးမှာ ရှေ့နေတွေကနေပြီးတော့ ပါဝါလွှဲစာတွေတောင် မတင်နိုင်ဘူး။ တရားသူကြီးက ရုံးခန်းပေါ် တက်လာပြီးတော့ ၁၈ ရက်နေ့မှာ ရုံးချိန်းရှိတယ်လို့

ပြောပြီးတော့ ဆင်းချသွားတယ်။

အန်ကယ် ဦးကြည်ဝင်းနဲ့ အန်တီ စု တွေ့တဲ့အခါမှာ ဘာတွေများ ပြောခဲ့ကြလဲခင်ဗျ။

အပြင်ကိစ္စတွေ ဘာမှ ပြောခွင့် မရခဲ့ဘူး။ သူတို့ဘေးမှာလည်း ထောက်လှမ်းရေးတွေနဲ့။ ပြောတဲ့ဟာကတော့ အမှုကိစ္စပဲ။ ရှေ့နေက ၃ ဦး လုပ်မယ်။ ဦးကြည်ဝင်းရယ်၊ ဦးကြည်ဝင်းရဲ့ လက်ထောက်ရယ်၊ ဦးဉာဏ်ဝင်းရယ်။ ဒါပေမယ့် ဒီနေ့ ဦးဉာဏ်ဝင်းက အတွင်းကို ဝင်လို့မရဘူး၊ ရုံးကို သွားလို့ မရဘူး။ ခွင့်မပြုဘူး။ ဦးကြည်ဝင်းနဲ့ ဦးကြည်ဝင်းရဲ့ လက်ထောက်ပဲ ဝင်လို့ရတယ်။

အဲဒီတော့ ဒီလို ရှေ့နေလိုက်မယ့်ကိစ္စ၊ ပါဝါလွှဲမယ့်ကိစ္စ၊ ဒါလေးပဲ ပြောဆိုနိုင်ခဲ့ပြီး ကျန်တဲ့ကိစ္စကိုတော့ ဒေါ်စုနဲ့ ပြောရခြင်း မရှိဘူးလို့ ပြောတယ်ခင်ဗျ။

ဘာမှ ပြောဆိုနိုင်တာမျိုး မရှိဘဲ ၁၈ ရက်နေ့ ရက်ချိန်းပေးလိုက်တာနဲ့ စစ်အစိုးရဘက်က တဖက်သတ် သတင်းထုတ်ပြန်တဲ့အပေါ် ဘယ်လိုမြင်လဲဗျ။

ဘာမှ ကျေနပ်စရာကောင်းတဲ့ အနေအထား မရှိဘူးလို့ ကျနော်တော့ ပြောချင်တယ်။ ပထမဆုံး စပြောချင်တာက သတင်းထုတ်ပြန်တဲ့ ပုံသဏ္ဍာန်ပေါ့ဗျာ။ ကျနော်တို့က ဘာလဲဆိုရင် တရားခံတယောက်ကို ဖမ်း၊ ဖမ်းလို့ ရပါတယ်။ ဥပဒေနဲ့ ငြိတယ်ဆိုရင် တရားရုံးမှာ တင်နိုင်တယ်။ ဒါ သဘောတူတယ်၊ ကျနော်တို့ ဘာမှ ပြောစရာမရှိဘူး။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မှန်ကန်တဲ့၊ သင့်တင့်လျောက်ပတ်တဲ့ သတင်းထုတ်ပြန်မှုတော့ ရှိရမယ်။ တရားခံကို ဘာပုဒ်မနဲ့ ဖမ်းတယ်၊ ဘယ်ရုံးမှာ တရားစွဲမယ်၊ နောက်တခုက ဘယ်နေရာမှာ ထားတယ်ဆိုတာတော့ ပြောရမယ်ဗျ။ အချုပ်နဲ့ ထားသလား၊ အင်းစိန်ထောင်ထဲမှာ ထားသလား၊ ဒါမှမဟုတ် ထောက်လှမ်းရေး စခန်းတခုမှာ ထားသလား။ ဒါက ပြောကို ပြောရမယ်။ နောက်တခါ ဘယ်နေ့ဘယ်ရက်မှာ ရုံးချိန်းပေးတယ် ဆိုတာတွေကို စနစ်တကျ ပြောရမယ်။ ဒါက သတင်းပြန်ကြားမှုနဲ့ ပတ်သက်တာ။ အဲဒီ ပြန်ကြားမှုမှာလည်း အစိုးရဟာ အများကြီး ပျက်ကွက်နေတယ်။ မပြည့်မစုံ၊ မလုံမလောက်နဲ့၊ တွန့်တွန့်ဆုတ်ဆုတ်နဲ့၊ တွန့်တွန့်တိုတို လုပ်နေတယ်လို့ ပြောချင်တယ်။ ဒါဟာ မှားယွင်းတဲ့ သဘောထား၊ မှားယွင်းတဲ့ အပြုအမူ၊ မှားယွင်းတဲ့ အကျင့်အကြံလို့ ပြောချင်တယ်။

နောက် တရားစွဲတဲ့ကိစ္စ၊ သူတို့ ပြောတဲ့ စကားလုံးက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂၊ အဲဒီအရ တရားစွဲတာကိုး။ ဒီဟာနဲ့ ပတ်သက်လို့ တရားစွဲတာက စွဲ။ ဒါပေမယ့် ကျနော်တို့က တရားစွဲတာ မှားတယ်လို့ ယူဆတယ်လေ။ ဒေါ်စုမှာ ဘာမှ အပြစ်မရှိဘူးလို့ ယူဆတယ်။ ဒါကို ကျနော်တို့ ကြေညာချက်ထဲမှာ အတိအကျ ပြောထားတယ်။

နောက်တခုက ရှင်းရှင်းပြောရရင် တရားစီရင်ရေး တခုလုံးကို ကျနော်တို့က မယုံဘူး။ တရားစီရင်ရေးဟာ သင့်တင့်လျောက်ပတ်တဲ့၊ တရားမျှတတဲ့၊ တရားဥပဒေစိုးမိုးမှု ရှိတဲ့ တရားစီရင်ရေး မဟုတ်ဘူးလို့ ယူဆတယ်။ အခု ဒေါ်အောင်ဆန်းစုကြည် အရေးကိစ္စ ပေါ်လာမှ ကျနော်တို့ ပြောတာမဟုတ်ဘူး။ မင်းကိုနိုင်တို့ ကျောင်းသားခေါင်းဆောင်တွေ၊ ခွန်ထွန်းဦးတို့ တိုင်းရင်းသားခေါင်းဆောင်များ အရေးကိစ္စတွေ၊ အမှုကိစ္စတွေ အပါအဝင် ကျန်တဲ့ အခြားအခြားသော အန်အယ်ဒီ လူငယ်တွေ၊ သံဃာတော်တွေ၊ ဒါတွေ တလျှောက်လုံး တနှစ်လောက်အတွင်းမှာ ဖြစ်ပျက်နေတဲ့ တရားစီရင်ရေးတွေဟာ ဒီလောက် ကမောက်ကမဖြစ်နေတယ်၊ ဒီလောက်အထိ တရားမဲ့နေတယ်၊ ဒီလောက်အထိ ဥပဒေမဲ့ လုပ်နေတယ်၊ ဒီလောက်အထိ ထင်ရာလုပ်နေတယ်ဆိုတာ ထင်ရှားတယ်။

အဲဒါကြောင့် အမှန်အတိုင်း ပြောရရင် ဒီတရားစီရင်ရေးကို ကျနော်တို့က အယုံအကြည် မရှိဘူးဗျ။ ရှင်းရှင်းပြောရမှာပဲ။ ဒေါ်အောင်ဆန်းစုကြည်ကိစ္စ ပေါ်လာလို့ ကျနော်တို့ ပြောတာမဟုတ်ဘူး။ ခုနပြောသလို လူပေါင်းများစွာ၊ နေရာပေါင်းများစွာ။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည်ကိစ္စမှာ သူတို့ ဘယ်လိုလုပ်မယ်ဆိုတာကိုလည်း ကျနော်တို့ အယုံအကြည် မရှိဘူး။ တရားစီရင်ရေးဟာ မျှတတဲ့ တရားစီရင်ရေး၊ စစ်မှန်တဲ့ တရားစီရင်ရေး မဟုတ်ဘူးလို့ ကျနော်တို့က ထင်နေတယ်။

ကျနော်တို့ သဘောထားကတော့ ဒီကနေ့ ကြေညာချက်ထဲမှာ အတိအလင်း ပါပြီးသား။ ဒေါ်စုမှာ အပြစ်မရှိဘူးလို့ ကျနော်တို့က ယုံတယ်။ နောက်တခုက ဒေါ်စုကို တရားစွဲတာ မှားတယ်လို့ ကျနော်တို့က ယုံတယ်။ နောက်တခုက ဒေါ်စုကို တရားစီရင်မှု မလုပ်သင့်ဘူးလို့ ယူဆတယ်။ အဲဒါပါပဲ။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကို စစ်အစိုးရက တာဝန်ယူထားတယ်ဆိုတော့ လုံခြုံရေးလစ်ဟာမှုကြောင့်လို့ ပြောချင်တာလားဗျ။

လွန်ခဲ့တဲ့ တပတ်၊ ကြာသပတေးနေ့မှာ စပြီးတော့ သတင်းကြေညာလိုက်တယ်။ အမေရိကန် နိုင်ငံသားက ရေကူးပြီး ခြံထဲကို ဝင်တဲ့ကိစ္စအတွက် ကျနော့်ကို မီဒီယာတွေက အင်တာဗျူးတဲ့အခါ ကျနော် ပြောခဲ့တဲ့အချက် နှစ်ချက် ရှိတယ်ဗျနော်။

အဲဒါ ဘာလဲဆိုရင် ဒေါ်စု ခြံဆိုတာက ရှင်းရှင်းပြောရရင် ထောင်ပဲဗျ။ ခြံဘေးမှာ အစောင့်တွေရှိတယ်၊ ကန်ဘက်မှာ အစောင့်တွေရှိတယ်၊ အင်းလျားကန်မှာ ချထားတယ်၊ ရဲတွေ ချထားတယ်။ တက္ကသိုလ် ရိပ်သာလမ်းပေါ်မှာ အစောင့်တွေ ချထားတယ်၊ ကင်းတွေ ချထားတယ်။ အိမ်ထဲမှာလည်း ရဲ စခန်းရှိတယ်။ အိမ်ကိုလည်း သော့ခတ်ထားတယ်။ အဲဒီတော့ ဒီလောက်လုပ်ထားတဲ့ ကြားထဲကနေပြီးတော့ ဝင်တယ်ဆိုရင် ဒါဟာ အစိုးရရဲ့ ညံ့ဖျင်းမှုပဲ။ လုံခြုံရေးပျက်ကွက်မှုပဲ။ အကျဉ်းသားကို စောင့်ရှောက်တဲ့အခါ လုံခြုံရေးပျက်ကွက်တာက အစိုးရရဲ့ တာဝန်ပျက်ကွက်မှုပဲ။

အမေရိကန်တယောက် ဝင်လာသည်ဖြစ်စေ၊ ဒီပဲယင်းကလူတယောက် ဝင်လာသည်ဖြစ်စေ ဘယ်လို သွားတားမလဲ။ အကျဉ်းသားရဲ့ လုံခြုံရေးဟာ အလွန်အင်မတန်ကို စိုးရိမ်စရာ အန္တရာယ်ရောက်သွားတယ်လို့ ကျနော်တို့ ပြောလို့ ရတယ်။ ဒါကို တချက်အနေနဲ့ ပြောခဲ့တယ်။

နောက်တခုက ဒီလိုဆိုရင် ဒီလိုပျက်ကွက်မှုတွေ ကြားထဲမှာ ဒေါ်စုကို အမှုလုပ်ချင်နေသလားလို့။ ဒေါ်စုက မေလ ၂၇ ရက်နေ့မှာ လွတ်ရက်က စေ့နေပြီ။ အဲဒီ လွတ်မယ့်သူကို အမှုဆင်ဖို့ ကြံတာလား။ ကျနော် ဒီ နှစ်ချက် ပြောခဲ့တယ်ဗျ။ ဒီဗီဘီတို့၊ ဗီအိုအေတို့မှာ ကျနော် ပြောခဲ့တယ်။ ကျနော့်သဘောထားက ရှင်းနေတာပဲ။ ဒီအတိုင်းပဲ သဘောထားတယ်။ လွယ်လွယ်ကူကူနဲ့ ဖြစ်ရိုးဖြစ်စဉ် တရားစွဲတာပဲဆိုပြီး လက်မခံနိုင်ဘူး၊ သည်းမခံနိုင်ဘူး။

လွတ်ရက်နီးမှ အခုလို ဖြစ်လာတဲ့အပေါ် ဘယ်လိုခံစားရတယ်၊ ထင်မြင်ရတယ်ဆိုတာလေး ပြောပြပေးပါဗျ။

အမှုကြီးတခုလုံးရဲ့ ဖြစ်ပုံကို ကျနော် ပြောမယ်။ သာမန်အားဖြင့် အစိုးရဟာ အရေးကြီးဖြစ်တဲ့ ဖြစ်ရပ်မျိုး ပေါ်ပေါက်လာရင် ချက်ချင်း သတင်းထုတ်ပြန်သင့်တယ်။ ဥပမာဗျာ - ကေအန်ယူ ခေါင်းဆောင်တယောက် ဖမ်းမိတယ်၊ လက်နက်ချတယ်ဆိုတာမျိုးပေါ့။ ဒါပေမဲ့ သူတို့က အချိန်ယူ စဉ်းစားတယ်ဗျ။ သတင်းစာရှင်းလင်းပွဲ ဘယ်လိုလုပ်ရမလဲ။ စဉ်းစားပြီးတော့မှ ဒီအမှုကို ကြေညာတယ်။ ခေါင်းဆောင်တယောက်၊ သူပုန်ယောက် မိလာလို့ ချက်ချင်း ဘယ်တော့မှ မကြေညာဘူးဗျ။ အခု ဒီကိစ္စမှာက ချက်ချင်း သိ၊ ချက်ချင်း ကြေညာတယ်။ လုပ်ပုံကို ပြောတာက။ နောက် အဲဒါဖြစ်ပြီးတာနဲ့ ချက်ချင်း ဒေါက်တာတင်မျိုးဝင်းကို ဖမ်းတယ်။ ဒေါ်စုကိုလည်း ဖမ်းပြီးတော့ တရားစွဲတယ်။ ထောင်ချတယ်ဆိုတာက ဒီကောက်ချက်တွေက သိပ်မှန်တယ်ဗျ။ --- အဲဒါကို ဆက်ပြီးတော့ ကျနော် ဟောကိန်း ထုတ်ရမယ်ဆိုရင်၊ ပြောရမယ်ဆိုရင် ဒေါ်စုကို ဒီ ၂၇ ရက်နေ့မတိုင်ခင် သူတို့ အမိန့်ချရမယ်ဗျ။ သူတို့ကြံရွယ်ချက်ကြီးအတိုင်းပဲ တွန်းလုပ်နေတယ်။

ဘာလို့တွန်းလုပ်သလဲဆိုတာ ကျနော် ပြောနိုင်တယ်။ အဲလိုမှ တွန်းမလုပ်ဘူးဆိုရင် ဒေါ်စုကို ၂၇ ရက်နေ့မှာ လွှတ်ပေးရမယ်ဗျ။ အဲဒီတော့ အခုအခါကျတော့ အမှုကိုရင်ဆိုင်နေရတဲ့ အခါကျတော့၊ တရားရင်ဆိုင်ရတဲ့ အခါကျတော့ နေအိမ်ကို ပြန်ပို့ရမယ်။ လွတ်လပ်စွာ တွေ့ရမယ်။ သူဟာ အကျဉ်းသား မဟုတ်တော့ဘူးဗျ။ ၂၇ ရက်နေ့ ကျော်သွားရင် ဒေါ်စုဟာ လွတ်လပ်တဲ့သူ ဖြစ်သွားပြီ။ ပထမထိန်းသိမ်းထားတဲ့ အမှုကနေ လွတ်သွားပြီ။ လွတ်လပ်သူသည် လွတ်လပ်စွာ တရားစီရင်ခြင်းကို ရင်ဆိုင်နိုင်ရမယ်။ အဲလို အနေအထားမှာ ရှိတယ်။ အဲဒါကြောင့် ကျနော့် အထင်ကတော့ သူတို့က တွန်းလုပ်ပြီး ၂၇ ရက်နေ့ မတိုင်ခင်မှာ ဒေါ်စုကို ပြစ်ဒဏ်ချလိမ့်မယ်လို့ ထင်နေတယ်ဗျ။

ရေကူးဝင်တဲ့သူက ၂၀၀၈ ခုနှစ်တုန်းကလည်း တကြိမ် ဝင်ခဲ့သေးတယ်လို့ သတင်းတွေ ထွက်တာမျိုးလည်း ကြားရတယ်ဗျ။ အန်ကယ်တို့ရော ဘယ်လိုသိထားလဲဗျ။

ကျနော်တို့တော့ မသိဘူးဗျ။ ကျနော်က နှစ်ကုန်ခါနီး နောက်ပိုင်းမှ ထောင်ထဲက လွတ်လာတာကိုး။ နောက်တခုရှိတာက ဟုတ်တယ်လည်း မထင်ဘူး၊ သိလည်း မသိဘူး။ အခု ဒေါက်တာတင်မျိုးဝင်းကို ဖမ်းတဲ့နေရာမှာ ဒီကိစ္စဟာ အရင်တုန်းကဟာနဲ့ ပတ်သက်တယ်ဆိုပြီးတော့လည်း သူတို့ ပြောဆိုနေကြတယ်။ အဲဒီတုန်းကလည်း ဒီလူဟာ အခုလို လုပ်ခဲ့တယ်ဆိုရင်၊ ပထမတခါတုန်းကလည်း ဒေါ်စုဟာ အကျယ်ချုပ် ကျခံနေရတာပဲလေ။ ပထမအကြိမ်တုန်းကလည်း ဥပဒေပုဒ်မ ၇ အရ နိုင်ငံခြားသားနဲ့ မတွေ့ရဘူး၊ နိုင်ငံရေးသမားနဲ့ မတွေ့ရဘူး၊ နေအိမ်မှာ နေရမယ်ဆိုတဲ့ သူ့ရဲ့ ကန့်သတ်ချုပ်ချယ်မှုကလည်း အဲဒီအချိန်တုန်းကလည်း ရှိတာပဲ။ အဲဒါဆိုရင် ပထမအကြိမ်တုန်းကလည်း သူတို့ ဘာဖြစ်လို့ အရေးမယူလဲ။ သူတို့ မသိဘဲ ဘယ်နေမလဲ။

သူတို့ မသိဘဲ လွတ်သွားတယ်ဆိုရင်၊ ဒီသတင်းက ရှိနေတယ်ဆိုရင်၊ အခုတောင်မှ အရပ်ထဲမှာ ပြောနေရအောင် ဖြစ်တယ်မှန်တယ်ဆိုရင် ဘာဖြစ်လို့ သူတို့ အရေးမယူသလဲ။ ဘာဖြစ်လို့ နောက်တခါ ဒီလူကို သွင်းလာသလဲ။ အဲလိုဆိုရင် ရိုးရိုးသားသား ဖြစ်တဲ့ဟာလား။ ပထမတခါတုန်းက ဖြစ်ရဲ့သားနဲ့ အရေးမယူဘူး။ အရေးမယူတဲ့အပြင် နောက်တခါ ဒုတိယအကြိမ် ပြန်ဝင်လာတော့လည်း ဘာဖြစ်လို့ ဝင်ခွင့်ပေးလဲ။ အစိုးရက ဗီဇာဝင်ခွင့်မပေးရင် ဒီလူဟာ ဝင်လာလို့ မရဘူး။ သူ့ဟာသူ ပညာရှင်အနေနဲ့ဖြစ်ဖြစ်၊ သတင်းစာဆရာ အနေနဲ့ဖြစ်ဖြစ် တိုးရစ်ဗီဇာနဲ့ ပြည်တွင်း ဝင်လာလို့ရှိရင် အစိုးရ ခွင့်ပြုချက် မရှိရင် ဝင်လာလို့ မရဘူး။ အဲဒါကို ဝင်လာတယ်ဆိုတော့ ဘာသဘောလဲ။ အဲဒီတော့ ဒီဟာကြီးတခုလုံးကို လုပ်ကြံမှုအနေနဲ့လည်း ယူဆတယ်။ ဒါကြီးတခုလုံးကို လက်မခံဘူး။ အဲဒါမျိုး ဖြစ်တာမျိုး မှန်တယ်ဆိုရင်လည်း ဒါဟာ အစိုးရတာဝန်သာ ဖြစ်တယ်။ ပထမတခါ ဖြစ်ခဲ့တယ်ဆိုရင် သင့်တင့်လျောက်ပတ်တဲ့ ပုံစံနဲ့ အရေးယူရမယ်၊ ဒါမှမဟုတ် ပြန်ဝင်လာရင် တားရမယ်။ သူက အကွက်ဆင်ပြီး လုပ်နေတယ်လို့ပဲ ကျနော်က ပြောရမှာပေါ့ဗျာ။

ဒေါ်အောင်ဆန်းစုကြည်အပေါ် အခုလို လုံခြုံရေးလစ်ဟာတဲ့အပြင် တရားစွဲခံရတဲ့ အထိပါ လုပ်လာတာကို ပါတီခေါင်းဆောင် တယောက်အနေနဲ့ ဘယ်လိုခံစားရတယ်၊ အမှုအတွက် ဘယ်လိုမျှော်လင့်ထားတယ်ဆိုတာ သိချင်ပါတယ်။

ကျနော်တို့ ခေါင်းဆောင်တယောက်ဟာ၊ ကျနော်တို့ ခေါင်းဆောင်ဆိုတာက ရိုးရိုး ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ နာမည်ခေါင်းဆောင် မဟုတ်ဘူးဗျ။ မြန်မာပြည်တင်မကဘဲ ကမ္ဘာ့လူထုကပါ ဝိုင်းရံထားတဲ့ ခေါင်းဆောင်။ ဒီလိုခေါင်းဆောင်တယောက်ဟာ ထောင်ထဲ ဝင်ရမယ်ဆိုတော့ ကျနော်တို့အနေနဲ့ အလွန်ကို စိတ်ပျက်အားငယ်ခြင်း ဖြစ်ရတယ်ပေါ့ဗျာ။ ခေါင်းဆောင်ကောင်းတယောက် ဆုံးရှုံးတာ။ ဒါက တခု။ နောက်ပြီးတော့ ဒီခေါင်းဆောင်ဟာ အလုပ်မရှိ ထိုင်ပြီးတော့ နေရာကနေ ထောင်ထဲရောက်သွားတာ မဟုတ်ဘူး။ နိုင်ငံရေးဦးဆောင်မှုတွေ ပေးနေရာကနေ ရောက်သွားတာ။ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်။ တကယ်လည်း ဦးဆောင်မှုပေးနိုင်တဲ့ ပုဂ္ဂိုလ်၊ တကယ်လည်း နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်လောက်တဲ့ နိုင်ငံရေးသြဇာရှိတဲ့ ပုဂ္ဂိုလ်။ ဒီလိုပုဂ္ဂိုလ်မျိုးကို ကျနော်တို့ ဆုံးရှုံးတယ်ဆိုတော့ ကျနော်တို့ သွားနေတဲ့ နိုင်ငံရေးလမ်းကြောင်းအနေနဲ့ အလွန်ကို အရေးကြီးတဲ့ ပုဂ္ဂိုလ်၊ တွေ့ဆုံဆွေးနွေးပွဲ စားပွဲဝိုင်းမှာ ထိုင်မယ့်သူက ဒေါ်အောင်ဆန်းစုကြည်။ တခြားသူ

မဟုတ်ဘူး၊ ဒေါ်အောင်ဆန်းစုကြည်။ ဒီ ပုဂ္ဂိုလ်မျိုးကို ဆွဲထုတ်လိုက်တာက ရှင်းရှင်းပြောရရင် ကျနော်တို့ နိုင်ငံရေးလမ်းကြောင်းက ပျက်သွားသလို ဖြစ်တယ်လို့ ခံစားရတယ်။ ဒါက တခုပေါ့။

ကျနော့်အနေနဲ့ ထောင်ထဲမှာ နှစ်ပေါင်း ၂၀ ထောင်ထဲမှာ နေခဲ့ဖူးသူ လူတယောက်အနေနဲ့ ကြည့်တဲ့အခါကျတော့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပုဂ္ဂိုလ်ရေးခံစားမှုတွေက သိပ်ပြီးတော့ စာနာမိတယ်။ ဒီအချိန်မှာ ဒီလောက်ထိ လုပ်တာ တရားလွန်ပြီ။ ဒေါ်အောင်ဆန်းစုကြည် ထောင်ထဲမှာ နေရတဲ့ဟာ နှစ်ပေါင်းရေမယ်ဆိုရင် သူလည်း နှစ်ပေါင်း တော်တော်များပြီ။ အခုလည်း နောက်ထပ် ထပ်ကျမယ်ဆိုရင် နှစ်ပေါင်း ၂၀ တောင် ကျော်သွားတော့မယ့် အနေအထားတောင် ရှိနေပြီ။ အဲဒါကြောင့် ဒီလို ပုဂ္ဂိုလ်မျိုး၊ လူတယောက်အနေနဲ့လည်း ကျနော် စာနာတယ်။ နိုင်ငံရေးသမားတယောက်အနေနဲ့ မကဘူး၊ လူတယောက်အနေနဲ့ စဉ်းစားတဲ့ အခါကျတော့ သူ့မှာ သားတွေနဲ့၊ သူ့မှာ သူ့ရဲ့ ပုဂ္ဂိုလ်ရေး လုပ်ငန်းတွေ ရှိတယ်။ သူ့ရဲ့ ပုဂ္ဂိုလ်ရေး အစီအမံတွေ ရှိတယ်။ သူ့ရဲ့ လေ့လာမှုတွေ၊ သူ့ရဲ့ လုပ်ငန်းတွေ ရှိတယ်။ ဒါတွေ အကုန်လုံးကို စွန့်လွှတ်ပြီး ထောင်ထဲမှာ နေရတာ နည်းတာ မဟုတ်ဘူး။ အခုပဲ ကြည့်လေ၊ ၆ နှစ် ပြည့်သွားပြီ၊ ၆ နှစ်စေ့သွားပြီ၊ တရားလွန်တယ်လို့ ထင်တယ်ဗျာ။

ဒေါ်အောင်ဆန်းစုကြည်က သွားတွေ့တာမျိုး မဟုတ်ဘဲ၊ ကိုယ့်အိမ်ထဲမှာ နေနေတာကိုတောင် ခဲမှန်တဲ့ ပုံစံမျိုးဖြစ်ရတဲ့ အပေါ်မှာ ဘယ်လို မြင်ပါသလဲ။

ဒီကိစ္စနဲ့ ပတ်သတ်ပြီး ပြောမယ်ဆိုလို့ရှိရင် ကိုယ့်အိမ်ထဲမှာနေတဲ့ လူတယောက် ဒီလိုဟာမျိုး လုပ်တယ်ဆိုတာက တရားဥပဒေ စိုးမိုးမှု မရှိတဲ့ နိုင်ငံမှာသာ ဖြစ်နိုင်တာကိုး။ သူလို တိုင်းသူပြည်သားတယောက်အနေနဲ့ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်လုပ်ငန်း ကိုယ်လုပ်နေတဲ့ လူတယောက်ဟာ ဆိုလို့ရှိရင် ဖြစ်စရာအကြောင်း မရှိဘူး။ တရားဥပဒေ စိုးမိုးမှု ကင်းမဲ့တဲ့ နိုင်ငံတွေမျိုးမှာသာ ဒီလိုဟာမျိုးတွေ ဖြစ်တာ။

ဒေါ်အောင်ဆန်းစုကြည် ဆိုရင်လည်း အကျဉ်းကျနေတဲ့ သူတဦးဖြစ်တယ် ဆိုသော်ငြားလည်း သူဟာ ရှင်းရှင်းပြောရရင် သူ့ရဲ့အနေအထားက ကိုယ့်အိမ်ထဲမှာ အကျဉ်းကျခံနေတာ၊ လုံခြုံရေး အထပ်ထပ် ချထားတဲ့အထဲ အကျဉ်းကျတာ။ ဒီလိုကိစ္စမျိုး ပေါ်တယ်ဆိုတာဟာ တရားဥပဒေ စိုးမိုးမှု ကင်းမဲ့ခြင်း၊ လုံခြုံမှု ကင်းမဲ့ခြင်း၊ လုံခြုံစွာ စောင့်ရှောက်မှု ကင်းမဲ့ခြင်း ဆိုတာတွေတင် မကဘူး။ မတရား လုပ်ကြံဖန်တီးမှုတွေရဲ့ တိုးနက်ချက်တွေ ခံရခြင်း ဆိုတာတွေလည်း ပါလာတယ်။ သူတို့က သူတို့ဘာသာ စီမံချင်သလို စီမံ၊ လုံခြုံမှု ကင်းမဲ့ရုံတင် မဟုတ်ဘူး။ လုပ်ကြံမှုတွေပါ ခံရတယ်လို့ ကျနော်က ထင်မြင်တယ်။ အဲလိုပဲ ခံစားရတယ်။

အခုဖြစ်ရပ်က အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေးအပေါ် ဘယ်လို အကျိုးသက်ရောက်မှုတွေ ဖြစ်စေနိုင်တယ်လို့ ယူဆပါသလဲ။

စောစောက ကျနော်ပြောခဲ့သလိုပဲဗျာ။ ဒေါ်စုဟာ တွေ့ဆုံဆွေးနွေးပွဲ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲတွေ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းရေးတွေအပေါ်မှာ အလွန်အရေးပါတဲ့ ပုဂ္ဂိုလ်၊ အလွန် စွမ်းရည်ထက်မြက်တဲ့ ပုဂ္ဂိုလ်၊ အလွန် ဦးဆောင်မှုကြီးမားတဲ့ ပုဂ္ဂိုလ်အနေနဲ့ ဘာပဲပြောပြော ကျနော်တို့မှာ အများကြီး ဆုံးရှုံးသွားတာပေ့ါဗျာ။ ကျနော်တို့ မျှော်မှန်းချက်တွေလည်း ဆုံးရှုံးသွားပြီးပေ့ါဗျာ။ သို့သော် ဒီဟာနဲ့ ပတ်သတ်လို့ စောစောက ကျနော်ပြောတဲ့ အတိုင်းပဲ ကျနော်တို့ကတော့ ဒီလိုင်းကို ကျနော်တို့ မစွန့်ဘူး၊ ဒီမျှော်မှန်းချက်ကိုလည်း ကျနော်တို့ မစွန့်ဘူး။ ဒါတွေက ကျနော်တို့ ဆက်လုပ်သွားမှာပဲ။

သို့သော် ဒေါ်စု မရှိတဲ့အတွက် ရာခိုင်နှုန်း တော်တော်ကြီး၊ များများကြီး ကျနော်တို့မှာ ဆုံးရှုံးသွားတယ်။ ကျနော်တို့မှာ နစ်နာသွားတယ်။ ကျနော်တို့မှာ လျော့ပါးသွားတယ်လို့ ပြောလို့ရတယ်။ အဲလိုပဲ ယူဆလို့ ရတယ်။ ရှေ့ အလားအလာတွေ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြဿနာများ၊ မြန်မာပြည်ရဲ့ နိုင်ငံရေး ပြဿနာများ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ အလားအလာများဟာ အလွန်ကို မှေးမှိန်သွားတယ်။ အလွန်ကို အားနည်းသွားတယ်။ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ အားလျော့သွားသော်ငြားလည်းပဲ၊ အားနည်းသွားသော်ငြားလည်းပဲ လုပ်စရာ ရှိတာကို ဆက်ရမှာပဲ။ ဒီလိုင်းကို မစွန့်ဘူး။ တိုင်းပြည်မှာ ဒီနည်းနဲ့ပဲ ဖြေရှင်းမယ်။ တခြားတခြားသော နည်းလမ်းတွေနဲ့ ဖြေရှင်းမယ်ဆိုရင်လည်း ဖြစ်နိုင်ချေမရှိဘူး၊ ဖြစ်ဖို့လည်း မကောင်းဘူးလို့ ကျနော်တို့ ယူဆတဲ့အတွက် တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းကိုတော့ စွန့်မှာ မဟုတ်ဘူး။ အစိုးရက ပျက်အောင်လို့ ဘယ်လိုပဲ ပိတ်ဆို့ ပိတ်ဆို့၊ ဘယ်လိုပဲ နှောင့်ယှက်ဟန့်တား ဟန့်တား၊ ကျနော်တို့က ဒီလမ်းကြောင်းအတိုင်း ဆက်လျှောက်နေတာနဲ့အတူ ဒေါ်စုလို ပုဂ္ဂိုလ်၊ ကျနော်တို့ရဲ့ ခေါင်းဆောင် လွှတ်ပေးဖို့ ဆိုတာကို ဆက်တောင်းဆိုနေမှပဲ။ ဒေါ်စုနဲ့အတူဖြစ်တဲ့ ကျနော်တို့ရဲ့ ခေါင်းဆောင် ဦးတင်ဦးတို့၊ ကျနော်တို့ တိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးတို့ ပုဂ္ဂိုလ်မျိုးတွေ၊ ကျောင်းသားခေါင်းဆောင်များဖြစ်တဲ့ ကိုမင်းကိုနိုင်လို ပုဂ္ဂိုလ်မျိုးတွေ ဆက်လွှတ်ဖို့ရာအတွက် ဆက်တောင်းနေမှာပဲခင်ဗျာ။ ကျနော်တို့လုပ်ငန်းကို ကျနော်တို့ လုပ်သွားမှာပဲ။ ဒါကတော့ ကျနော်တို့ ဒေါ်စုရှိလို့ မရှိလို့ဆိုတဲ့ ဟာပေါ်မှာ မကြည့်ဘူး။ ဒါကတော့ ကျနော်တို့ အား ဘယ်လောက်ပဲ လျော့လျော့ ကျနော်တို့ရဲ့ လုပ်ငန်းကို ကျနော်တို့ ဆက်ကိုင်ထားမှာပဲလို့ ပြောချင်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က အခုလို တရားရင်ဆိုင်နေရတဲ့အပေါ်မှာ အန်အယ်ဒီကရော ဘယ်လိုမျိုး ရပ်တည်ပြီး၊ ဘယ်လောက် ရုန်းကန်သွားရမယ်လို့ ပြောနိုင်မလဲခင်ဗျ။

ဒါကတော့ ခုန ကျနော် ပြောသလို ကျနော်တို့ လုပ်မြဲအလုပ်တွေကတော့ ကျနော်တို့ လုပ်မှာပဲ။ ကျနော် အကြိမ်ကြိမ် ပြောသလိုပါပဲ။ ဒီရက်အတွင်းမှာပဲ ကျနော် အများကြီး ပြောပါတယ်။ ကျနော်တို့ရဲ့ အခြေခံမူဝါဒတွေ ဖြစ်တဲ့ ဒီမိုကရေစီရေး မူဝါဒတွေ၊ အခြေခံ မူဝါဒတွေ၊ မူလတရားတွေပေ့ါဗျာ။ အာဏာရှင် စနစ်ဆန့်ကျင်ရေးလို ဟာမျိုးတွေ၊ လူ့အခွင့်အရေး မျှော်မှန်းချက်တွေ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးတွေ၊ စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးလိုဟာတွေ၊ ခွင့်တူညီမျှရေးလိုဟာမျိုးတွေကို ကျနော်တို့ ဘာမှ စွန့်လွှတ်ခြင်း မရှိဘူး။

လုပ်မြဲလုပ်နေမှာပဲ။ အားပြတ်နေရင်လည်း ကျနော်တို့ လုပ်မြဲအတိုင်း လုပ်နေမှာပဲ။

ခုန ကျနော် ပြောသလိုပဲ။ ဒေါ်စု ကျနော်တို့ ခေါင်းဆောင်ကြီး ဒေါ်စု မရှိတာ နှစ်ပေါင်းများစွာ ကြာပြီဗျာ။ သို့သော် ကျနော်တို့ လုပ်မြဲ လုပ်နေတယ်။ သို့သော် အားကောင်းမောင်းသန် ဖြစ်ချင်မှတော့ ဖြစ်မယ်ပေါ့။ ဒါကတော့ မသိဘူး။ ကျနော်တို့ ကြည့်ရမှာပဲ။ သို့သော် အရှိန်အဟုန်တော့ မပျက်ပါဘူး။ ကျနော်တို့ ဆက်လုပ်ကြမှာပဲ။ ဆက်ပြီးတော့ ဆုံးဖြတ်ချက်တွေ ချသွားမှာပဲ။ အဲဒီတော့ ဒေါ်စု ဒီလိုတရားရင်ဆိုင်နေရတဲ့ ကာလအတွင်းမှာ ကျနော်တို့ကတော့ ခုနပြောသလို ဒီတရားစွဲဆိုခြင်းသည် လုံးဝကို မှားယွင်းတယ်။ လုံးဝကို မမှန်ကန်ဘူး။ ဒေါ်စုမှာ လုံးဝကို အပြစ်မရှိဘူးလို့ တစ် ပြောမယ်။ နောက်တခုက ကောင်းပြီ၊ ဒီကြားထဲမှာပဲ သူတို့က တရားစွဲလာလို့ ရှိရင်လည်း ဒီတရားစီရင်ရေးဟာ မှန်ကန်တဲ့ တရားစီရင်ရေး ဟုတ်မှာ မဟုတ်ဘူး။

ကျနော်တို့ကလည်း တရားစီရင်ရေးကို အယုံအကြည် မရှိဘူး။ ရှေ့နေရှေ့ရပ်တွေနဲ့ သေချာကျကျနန တွေ့ဆုံဆွေးနွေးခွင့် ရှိရမယ်။ သတင်းထုတ်ပြန်ခွင့်တွေ မှန်ကန်တဲ့ သတင်းထုတ်ပြန်မှုတွေ ရှိရမယ်။ နောက်ပြီး အများပြည်သူ ကြားနာနိုင်တဲ့ အနေအထားတွေ ရှိရမယ်ဆိုတာ ကျနော်တို့ ဆက်ပြောသွားမှာပဲခင်ဗျ။ ဒါကို ဆက်ပြောသွားမှာပဲ။

အဲဒီကနေတဆင့် ပြောရမယ်ဆိုရင် ကျနော်တို့ဟာ ကျနော်တို့ရဲ့ အလုပ်ကို လုပ်နေတဲ့အတွက် ကျနော်တို့ဟာ ကျနော်တို့ရဲ့ ပါတီလူထုတွေ၊ ကျနော်တို့ရဲ့ ကမ္ဘာ့လူထုတွေ၊ ဗမာပြည်က လူထုတွေ၊ အကုန်လုံးကို ပြောချင်တာက ဘာလဲဆိုရင် ကျနော်တို့က ကျနော်တို့အလုပ် ဆက်လုပ်နေမှာပဲ။ အောင်မြင်အောင်လည်း ဝိုင်းဝန်းကြပါ၊ ကျနော်တို့ကို ဝန်းရံကြပါ။ ဒေါ်စု ထောင်ကျနေတယ်၊ နောက်ထပ် ထောင်ကျအုံးမယ်ဆိုရင်လည်း မတတ်နိုင်ဘူး။ ဒီလိုပေါ့ဗျာ၊ တိုင်းပြည်မှာ တရားဥပဒေမဲ့နေတဲ့ ခေတ်ကြီးမှာ ဒီလိုအဖြစ်မျိုးတွေ ကြုံမှာပဲ။

အဲဒါအတွက် ကျနော်တို့မှာ ဘာမှ အားငယ်မနေဘူး။ ကျနော်တို့ လုပ်နိုင်တဲ့ဟာ လုပ်နေမှာပဲ။ အဲဒါကြောင့် ကျနော်တို့ကို ဝန်းရံကြပါ၊ ကျနော်တို့ကို ကူညီကြပါ၊ ကျနော်တို့ကို အားပေးကြပါ။ ဒါပဲ ကျနော်တို့ ပြောရမှာပဲ။ ပြောဖို့ ရှိတာပဲခင်ဗျ။

ပြည်သူလူထုကို ဝန်းရံကြပါ၊ အားပေးကြပါ ဆိုတဲ့အပေါ်မှာ ရှေ့ဆက်ပြီးတော့ ခြေလှမ်းသစ်ပေါ့နော်၊ နဂိုက ခြေလှမ်း ထပ်တိုးပြီးတော့များ လုပ်ဆောင်ဖို့ရာ ရှိပါသေးသလား ခင်ဗျ။

အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပြောရမလဲဆိုတော့ ကျနော်တို့ကို လူတွေက ပြောကြတာပေါ့ဗျာ၊ လုပ်ကိုင်တာတွေနဲ့ ပတ်သက်ပြီးတော့ အားရတယ်တို့၊ အားမရဘူးတို့ ဒါက အများအမြင်။ ပြောခွင့်ပြုတယ်၊ ဝေဖန်ခွင့် ရှိတယ်။ ကျနော်တို့အပေါ်မှာ အားမရတဲ့ အခွင့်အရေးလည်း ရှိတယ်။ အားမရတဲ့ သဘော ရှိတာလည်း ကျနော်တို့ ဘာမှ မပြောလိုပါဘူး။ သို့သော် ကျနော်တို့ ပြောချင်တာကတော့ ကျနော်တို့ လုပ်နေတာကတော့ လုပ်သင့်လုပ်ရမယ့် မူဝါဒတွေအတိုင်း ကျနော်တို့ လုပ်နေတာပဲ။

လွယ်လွယ်လေး ပြောရမယ်ဆိုလို့ရှိရင် ကျနော်တို့ရဲ့ အခြေခံ ဝါဒက ခုနကပြောတဲ့ ယုံကြည်မှု တည်ဆောက်ရေးတို့ အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ ဟုတ်လား၊ စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးတို့ဆိုတဲ့ မူဝါဒတွေ ရှိတယ်၊ အခြေခံ တရားတွေ။ အခြေခံ တောင်းဆိုချက်တွေ ရှိတယ်။ ဥပမာ စုလွှတ်တွေ လိုဟာမျိုးတွေ။ ဒေါ်စုနဲ့တကွ နိုင်ငံရေး အကျဉ်းသား အားလုံး လွှတ်ပေးဆိုတဲ့ ဟာမျိုးတွေ။ နောက်တော့ လွှတ်တော် ခေါ်ယူကျင်းပပေးရေး ဆိုတာတွေ၊ နောက်တခါ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပရေးဆိုတဲ့ ဒီလို အခြေခံ တောင်းဆိုချက်တွေ ရှိတယ်ဗျ။

ဒါတွေဟာ ကျနော်တင်တယ်၊ လုံလောက်တဲ့ နိုင်ငံရေး တောင်းဆိုချက်တွေ၊ နိုင်ငံရေးအစီအမံတွေ၊ နိုင်ငံရေး အစီအစဉ်တွေ၊ မူဝါဒ သဘောတရားတွေ၊ ဒါတွေ ကျနော်တို့မှာ အပြည့်အစုံ ရှိတယ်။ အဲဒီတော့ ကျနော်တို့ကို ပြည်သူလူထုက အားရတဲ့ အခါတွေ အားမရတဲ့ အခါတွေ ရှိမယ်လို့ထင်တယ်။ ဒါတွေကို ပြောမယ်ဆိုရင် ကျနော်တို့က ကျနော့်ကို ဥပမာအားဖြင့် လက်ညှိုးထိုးမယ်ဆိုရင် ကျနော်က နောက်ကို လက်ညှိုးထိုးပြမယ်။ နောက်မှာ ကြည့်ပါအုံးဗျာ၊ နောက်မှာ စစ်အစိုးရကြီးက ကျနော်တို့ကို ဖိနှိပ်နေတယ်၊ ကျနော်တို့ကို ချုပ်ချယ်နေတယ်၊ ကျနော်တို့ကို ဟန့်တားနေတယ်၊ ကျနော်တို့ကို လည်ပင်းညှစ်နေတယ်ပေါ့ဗျာ။ ဟုတ်လား။ အဲလိုပဲ ကျနော်တို့ ပြောရမှာပဲ။

ကျနော်တို့ လုပ်ခဲ့တဲ့ လုပ်ငန်းတွေထဲမှာ အားနည်းချက်တွေ ရှိမယ်။ အဲဒီအားနည်းချက်တွေထဲမှာ ကျနော်တို့ ညံ့ဖျင်းမှုတွေ၊ ကျနော်တို့ ပျော့ညံ့မှုတွေ ဖြစ်နိုင်ပါတယ်။ ဒါနဲ့အတူပဲ အစိုးရရဲ့ မတရား ဖိနှိပ်မှုတွေ၊ ချုပ်ချယ်မှုတွေ၊ ကန့်သတ်မှုတွေကြောင့် ဖြစ်တယ်လို့ ကျနော်တို့ ပြောလို့ရတယ်။ အဲဒီတော့ ရှေ့လျှောက်လုပ်မယ့် လုပ်ငန်းတွေနဲ့ ပတ်သက်လို့ကလည်း ပြည်သူလူထုအနေနဲ့ ကျနော်တို့ကို ဝန်းရံကြပါ၊ ကျနော်တို့ကို ကူညီကြပါ၊ ကျနော်တို့ကို အားပေးကြပါလို့ ပြောတဲ့နေရာမှာ အလားတူပဲ ကျနော်တို့ ဝေဖန်ချက်တွေ ပေါ်လာနိုင်တယ်။ ခင်ဗျားတို့ လုပ်ငန်းတွေက၊ ခင်ဗျားတို့ အစီအမံတွေက ပျော့ညံ့တယ်၊ မှားယွင်းတယ်၊ တိမ်းချော်တယ် အဲလိုတွေ ပြောလာမယ်။ အဲလိုပြောလာတိုင်း ပြောလာတိုင်း ကျနော်ပြောတာက မှားလို့ရှိရင် ကျနော်တို့ ဝန်ခံမယ် ပြင်မယ်။ ဟုတ်လား။

ဒါပေမယ့် ကျနော်တို့ သွားနေတာကတော့ ဆက်သွားနေမှာပဲ။ အဲဒီဟာက ဘာလို့ ချို့ယွင်းနေလဲ၊ ဘာဖြစ်လို့ ညံ့ဖျင်းနေလဲ၊ ဘာဖြစ်လို့ ဒီလောက်ထိ တိမ်းချော်နေလဲကြည့်ရင် ခုန ကျနော်ပြောသလို နောက်က စစ်အစိုးရကို လက်ညှိုးထိုးပြရမှာပဲ။ စစ်အစိုးရ ချုပ်ချယ်နေပါတယ်ဗျာ၊ စစ်အစိုးရ ဖိနှိပ်နေပါတယ်၊ စစ်အစိုးရကနေပြီးတော့ ကွပ်ညှပ်နေပါတယ်ပေါ့ဗျာ။ ကျနော်ပြောချင်တာက ကျနော်တို့ လုပ်ငန်းတွေကို ထောက်ခံမှုနဲ့အတူ ဒီစစ်အစိုးရ ဆန့်ကျင်ရေး လုပ်ငန်းတွေကိုလည်း တိုးမြှင့်ပြီး လုပ်ကြပါ။ တိုင်းပြည်ကနေလည်း ပါဝင်ကြပါ။ စစ်အစိုးရကိုလည်း ဆန့်ကျင်ကြပါအုံး။ ကျနော်တို့ ပြောတာလည်း ကျနော်တို့ ခံမယ်။ ကျနော်တို့ မှားရင်လည်း ကျနော်တို့ ပြင်မယ်။

သို့သော် တချိန်တည်းမှာဘဲ စစ်အစိုးရကို ဆန့်ကျင်ဖို့ရာလည်း စဉ်းစားကြပါအုံး။ ပြည်သူလူထုက ဝိုင်းဝန်းကြပါ။ ပြည်သူလူထုက မဆန့်ကျင်ဘဲ ကျနော်တို့ကို ညှံ့ဖျင်းလှချည်လားလို့ အပြစ်တင်လို့တော့ သိပ်ပြီးတော့ ပြည့်စုံတဲ့ အဖြေမျိုး ဘာခေါ်မလဲ အင်အားတွေ ရလာမှာ မဟုတ်ဘူး။ လုပ်ရပ်တွေ ပေါ်လာမှာ မဟုတ်ဘူးလို့တော့ ကျနော်တော့ အဲလိုပဲ ပြောချင်တယ်။

ဖောက်ထွက်ဖို့ရာ စဉ်းစားကြပါဆိုတဲ့ အနေအထားမျိုးမှာ အန်အယ်ဒီကရော ဘယ်တွေလုပ်ဖို့ အစီအစဉ်တွေ ရှိပါသလဲလို့ မေးရင်ရောခင်ဗျ။

ဒီဟာနဲ့ ပတ်သက်လို့ ရှင်းရှင်းလင်းလင်း သိနေမှာပါ။ ဒီစစ်အစိုးရဟာ တိုင်းပြည်မှာ အုပ်ချုပ်နေတာ နှစ်ပေါင်း ၂၀ ကျော်ပြီပေ့ါ။ နှစ်ပေါင်း ၂၀ ကျော်ပြီ။ နှစ်ပေါင်း ၂၀ ကျော် ကာလမှာ ကျနော်တို့ ဖောက်ထွက်တယ်ဆိုတာက ကျနော် အခုမှ ပြောနေတာမဟုတ်ဘူး။ ကျနော် ဟိုတုန်းကတည်းက ပြောနေတာ။ ဒါက စိတ်ဓာတ်ပဲဗျ။ ဖောက်ထွက်တဲ့ စိတ်ဓာတ်မွေးကြရမယ်လို့ ကျနော် ပြောနေတာ။ တံတားကြီး ရိုက်ချိုးဖို့ ပြောနေတာ မဟုတ်ဘူးဗျ။ အဲလိုပြောတော့ တချို့ အင်တာဗျူးတဲ့ လူတွေက ကျနော့်ကို မေးတယ်။ ခင်ဗျား ဖောက်ထွက်ရမယ်လို့ ပြောတယ်။ ဘယ်တော့ ဖောက်ထွက်မှာလဲ။ သို့သော် ခင်ဗျား ဖောက်ထွက်မယ့်နောက် လူဘယ်နှယောက်ပါမှာလဲ။ သို့မဟုတ် ခင်ဗျားဖောက်ထွက်တာ ဘယ်ဘက်က ဖောက်မှာလဲ။ အဲဒီတော့ ကျနော် ပြောတာက မဟုတ်ဘူး။ ကျနော် နောက်ကို လှည့်မကြည့်ဘူး။ ကျနော့် နောက်မှာ လူဘယ်နှယောက်ပါတယ် မပါဘူးဆိုတာ အရေးမကြီးဘူး။

ကျနော်လုပ်နေတာက ကျနော်တို့ လုပ်နေတာက ပိတ်ဆို့နေတဲ့ အခါမျိုးမှာ လူတယောက်က တံခါးကနေ ဖောက်ထွက်ရမှာပဲ။ အဲဒီစိတ်ဓာတ် မွေးရမယ်။ ဘယ်နားမှာလဲတို့၊ ဘယ်အခန်းမှာလဲတို့၊ ဘယ်နံရံကြီးမှာလဲတို့ ပြောလို့မရဘူး။ တကယ်တော့ ဒါက အဓိကပဲ။ အဲဒီတော့ ကျနော် ပြောချင်တာက ဘာလဲဆိုတော့ ဒေါ်စုကိုယ်တိုင်ပင်လျှင် နံရံကြီးကို အကြိမ်ကြိမ် ဖောက်ထွက်နေတာပဲ။ ဟုတ်တယ်မလား။

ဖောက်မထွက်တဲ့လူက အချိန်တန်ရင် ရုံးသွားတက်မယ်။ အချိန်တန်ရင် အစည်းအဝေးထိုင်မယ်။ အချိန်တန်ရင် ဆုံးဖြတ်ချက်ချမယ်။ အချိန်တန်ရင် သူများဆီပို့မယ် ဆိုတာမျိုး။ ဘာမှကို မလုပ်ဘူးဆိုရင် ဟုတ်လား၊ အသစ်ကြံဆတယ်၊ အသစ်တွေးခေါ်တယ်၊ အသစ်နည်းလမ်းရှာတယ်။ ဒါဟာ ဖောက်ထွက်ခြင်းပဲဗျ။ ဖောက်ထွက်တယ်ဆိုတာ တံခါးရိုက်ချိုးမှ ဖောက်ထွက်တာ မဟုတ်ဘူးဗျ။ ကျနော် ပြောတာက ဖောက်ထွက်တဲ့ စိတ်ဓာတ်တော့ မွေးရလိမ့်မယ်၊ မွေးပါ။

ကောင်းပြီ၊ ကျနော်တို့ အဖွဲ့ချုပ်မှာ ဖောက်ထွက်တဲ့ စိတ်ဓာတ် ဘယ်လိုရှိလဲ။ ကျနော်တို့ဆီမှာ ဖောက်ထွက်တဲ့ စိတ်ဓာတ် ဒီနေ့အထိ ရှိပါတယ်။ အရမ်းကြာပြီ။ ကျနော်တို့ဟာ အပြုသဘောနဲ့ ဖောက်ထွက်တယ်၊ လိုက်လျောမှုနဲ့ ဖောက်ထွက်တယ်၊ သာယာငြိမ်းချမ်းရေးနဲ့ ဖောက်ထွက်တယ်။ အဲဒီတော့ ဆိုလိုတာက ဖောက်ထွက်ခြင်းဆိုတာက အဲဒါပါ။

အဲဒီတော့ ဒီနေ့ဒီအချိန်မှာ ဖောက်ထွက်ဖို့ အချိန်တန်တဲ့ အချိန်ရောက်နေတယ်လို့ ကျနော် မပြောချင်ဘူး။ ဖောက်ထွက်ဖို့အချိန်က စစ်အစိုးရက စတင်ပြီး တိုင်းပြည်ကို စက်သေနတ်နဲ့ နင်းတဲ့ အချိန်ကစပြီး ဖောက်ထွက်ဖို့ အချိန်သင့်နေတာပဲ။ အဲတော့ နှစ်တိုင်း နှစ်တိုင်းမှာလဲ ဖောက်ထွက်ဖို့ အချိန်အခါတွေ သင့်နေတာပဲ။ ရှေ့လျှောက်လည်း ဒီဖောက်ထွက်ဖို့ အချိန်အခါတွေ သင့်နေမှာပဲ။ အဲတော့ ကျနော်တို့ လုပ်ငန်းတွေကတော့ ကျနော် လုပ်နေမှာပဲ။ အဲဒီဖောက်ထွက်တယ်ဆိုတာက ကျနော်တို့ တံခါးကြီးတခု ရိုက်ချိုးတယ်ဆိုတာထက် စိတ်ဓာတ်ထဲက လူတိုင်းလူတိုင်းရဲ့ စိတ်ထဲမှာ ငါတို့ သိပ်ကျပ်တည်းနေရင် ဖောက်ထွက်မယ်၊ ငါတို့ သိပ်ဆိုးနေရင် အကြံသစ်တွေ ရှာမယ်၊ ဖောက်ထွက်မယ်။ နည်းလမ်း သဘောထားတွေ ပေါ်မယ်၊ အတွေးအခေါ်တွေ ပေါ်မယ်၊ အယူအဆတွေ ပေါ်မယ်။ အဲဒါ သူတို့ ဖောက်ထွက်တဲ့ စိတ်ဓာတ်ပဲ။ ကျနော် အဲလို မြင်တယ်။ အဲဒီ စိတ်ဓာတ်ဟာ ရှေ့လျှောက်လည်း ရှိအုံးမှာပဲ။ အခုလည်း ရှိနေမှာပဲလို့ ကျနော် ပြောချင်ပါတယ်။

ဖြည့်စွက်ပြောချင်တာရှိရင် ပြောပေးစေလိုပါတယ် ခင်ဗျ။

ရွှေဂုံတိုင် အစည်းအဝေးမှာ ကျနော်လည်း မိန့်ခွန်း ပြောခွင့်ရတယ်ဗျ။ ခုနပြောတဲ့အချက်တွေ ပါပြီးသားပါ။ ဒါပေမယ့် ထူးခြားချက်က ဘာလဲဆိုတော့၊ ကျုပ်တို့အခြေအနေက ဘာလဲဆိုရင်၊ ကျနော်ပြောတဲ့ မိန့်ခွန်းမှာ ကျနော်တို့ ပြောခဲ့တာက ထောင်ထဲမှာ ရှိတဲ့ကာလရော၊ အပြင်မှာ ရှိတဲ့ ကာလတုန်းကရော ပြောခဲ့တာက မူလဘူတ မူဝါဒများသို့ ဆိုတဲ့ ကြွေးကြော်သံနဲ့ မူလ မူဝါဒတွေကို မစွန့်နိုင်ဘူး။

မူလ မူဝါဒဆိုတာက မတရားတဲ့ အမိန့်အာဏာနဲ့ အုပ်ချုပ်တဲ့ အစိုးရမျိုးကို လက်မခံဘူး၊ အာဏာရှင်စနစ်ကို လက်မခံဘူး၊ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ကျနော်တို့ မျှော်မှန်းတယ်၊ တည်ဆောက်မယ်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ပြန်လည်တည်ဆောက်မယ်၊ ဒီမိုကရေစီစနစ်ကို ထူထောင်မယ် စတဲ့ ဒီလိုဟာတွေက အခြေခံမူဝါဒတွေ။ ဒီလို မူဝါဒတွေကို မစွန့်ဘူး။

အလားတူပဲ အခြေခံ မူဝါဒတွေ မစွန့်သလို၊ အခြေခံ တောင်းဆိုချက်တွေ ဖြစ်တဲ့ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပါ၊ ပြည်သူ့လွှတ်တော်ကို ခေါ်ပါ၊ တွေ့ဆုံဆွေးနွေးရေး ကျင်းပပါ၊ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းပါ၊ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးကိုလည်း လွှတ်ပေးပါ ဆိုတဲ့ တောင်းဆိုချက်တွေကိုလည်း ကျနော်တို့ မစွန့်ဘူးဗျ။ ဒါက ကျနော်ပြောခဲ့တဲ့ မိန့်ခွန်း အစိတ်အပိုင်းတခု။ အချက်တစ်ပေ့ါဗျာ။

ဘယ်လို အခြေအနေမျိုးပဲဖြစ်ဖြစ် ဒါက အခြေခံပါပဲ။ သို့သော် ဒါတွေကို စိုက်လိုက်မတ်တတ် အတင်းဆုပ်၊ အတင်းညှစ်ပြီးတော့၊ အသေဆုပ်ကိုင်ပြီးတော့ မလွှတ်တမ်း ကိုင်နေတာမဟုတ်ဘူး။ သင့်တင့်တဲ့ အပြောင်းအလဲနဲ့ အလျှော့အတင်းနဲ့ လုပ်မယ်၊ လုပ်တတ်တယ်။ ကျနော်တို့ လုပ်ဖို့ရည်ရွယ်ချက်ရှိတယ် ဆိုတာကို ကျနော်တို့က ပြောတာ။ ဒီအချိန်မှာ ညီညွတ်ဖို့ လိုပါတယ်။ ဒါပေမယ့် တိုင်းပြည်ထဲမှာဗျာ သူတို့

စစ်အစိုးရက အမျိုးမျိုးကို အငြိုးအတေးနဲ့ ခွဲနေတာ။ ကျနော်တို့ထဲကို ခွဲတယ်ဗျာ၊ လူလူချင်း ခွဲတယ်ဗျာ၊ မြို့နယ် မြို့နယ်ချင်း ခွဲတယ်ဗျာ၊ တိုင်းတိုင်းချင်း ခွဲတယ်ဗျာ စသည်ပေါ့ဗျာ။ တခြားသော ပါတီများနဲ့လည်း ခွဲတယ်၊ တခြားသော လူမျိုးစုတွေနဲ့လည်း ခွဲတယ်။ အဲဒီလို သေးစိတ်မွှားပြီးတော့ သွားရအောင် လုပ်နေပါတယ်။ ဒီအခြေအနေမှာ ကျနော်တို့က ညီညွတ်ရေး လုပ်ကြရမယ်။

ကောင်းပြီ၊ အနိမ့်ဆုံးအားဖြင့် ညီညွတ်ရေး လုပ်နိုင်တဲ့ အနေအထားမရှိဘူး၊ အားမရှိဘူး ဆိုရင်တောင်မှ မကွဲပြဲအောင် လုပ်ကြပါ။ မတူဘူးနော်။ ညီညွတ်ရေးလုပ်တယ်ဆိုတာက ဆက်ပြီးတော့ မြင့်သွားအောင် တည်ဆောက်တာ။ မကွဲပြဲအောင်ဆိုတာက အောက်အခြေခံကနေပြီးတော့ ခိုင်မာနေအောင်လုပ်တာ။ ဒါကြောင့် အကွဲအပြဲ မခံနိုင်ဘူး။ အဲဒါကြောင့် ကျနော် ပြောတာက ညီညွတ်ရေးလုပ်ကြမယ်၊ သို့မဟုတ်ရင် အနိမ့်ဆုံးအားဖြင့် မကွဲပြဲအောင် လုပ်ကြရမယ်။ ဒါက ဒုတိယအချက် ပြောတာ။

နောက်တချက်က ဘာလဲဆိုတော့ ကျနော်တို့ ဗမာပြည်မှာ နှစ်ပေါင်းများစွာအတွင်းမှာ ကျနော်တို့ နိုင်ငံရေးဟာ ဘယ်လိုဖြစ်လဲဆိုတော့ နိုင်ငံရေးပြဿနာတွေ ပြောကြတယ်၊ ဆိုကြတယ်၊ တောင်းဆိုကြတယ်၊ လုပ်ကြတယ်။ တခါတလေ လူထုကို မေ့မနေနဲ့၊ လူထုရဲ့ အရေးအရာတွေကို လျစ်လျူရှုမနေနဲ့။ လူထုရဲ့ ဘဝတွေမှာ ပါဝင်ဆင်နွှဲရမှာ၊ ရှေ့ဆောင်ရှေ့ရွက် လုပ်ရမယ့်နေရာမှာ အားနည်းနေတယ်ပေါ့ဗျာ။ ကျနော်တို့ ညီညွတ်ရေးလုပ်မယ်ဆိုတာဟာ ကိုယ့်ရဲ့ အိမ်တွင်း၊ ကိုယ့်ရဲ့ မိသားစု အသိုက်အဝန်းကို ဖျက်ပြီးတော့ လမ်းပေါ်ထွက် ရပ်ကွက်ထဲ ဝင်ပြီးတော့ လုပ်တယ်ဆိုကတည်းက ရပ်ရေးရွာရေးပဲဗျ။ အဲဒီရပ်ရေးရွာရေး ဆိုတာကလည်း အမှန်အတိုင်း ပြောရရင် နိုင်ငံရေးပဲဗျ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ဘာအတွက် လုပ်တာလဲ၊ လူတွေအတွက် လုပ်တာဗျ။ လူတွေအတွက် လုပ်ရင်းကနေပြီးတော့မှ ဒ့ါထက်ပိုပြီးတော့မှ နိုင်ငံရေးမှာ အားရှိလာအောင်၊ စနစ်ကျလာအောင်၊ နည်းမှန်လမ်းမှန်တွေ ဖြစ်အောင် စသည်ပေါ့ဗျာ။

အဲဒီအတွက် မူဝါဒတွေ ရှာကြတယ်၊ သဘောတရားတွေ ရှာကြတယ်၊ နည်းလမ်းတွေ ရှာကြတယ်။ အဖွဲ့အစည်းတွေ ထူထောင်ကြတယ်။ နောက်တခါ တခြားသော နိုင်ငံများနဲ့ ကုလသမဂ္ဂနဲ့ စတဲ့ဟာနဲ့ ဆက်ဆံကြတယ်။ သို့သော် အခြေခံအားဖြင့်က လူတွေကိစ္စ။ ကျနော်တို့ ဘယ်လိုလဲဆိုတော့ အန်အယ်ဒီ ဆိုလို့ရှိရင် လူထု လူထုလို့ ပြောတဲ့အခါမှာ လူထုက တုံ့ပြန်မှုအားနည်းတဲ့အခါ ရှိတယ်။ လူထုက ကျနော်တို့ဘက်မှာ အများကြီး ရှိသော်ငြားလည်း၊ တခါတလေ လူထုကလည်း ငြိုငြင်တာ မဟုတ်ရင်တောင်မှ စိတ်ပျက်တဲ့ဟာတွေ ရှိတယ်။ ဘာဖြစ်လို့ ဒီလိုဟာမျိုး ဖြစ်ရလဲဆိုတဲ့အခါကျတော့ လူတွေရဲ့ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ အခွင့်အရေး အမျိုးစုံ၊ တိုင်းပြည်ကြီးမှာ လူတိုင်းလိုလို ဘဝပျက်နေတယ်ဗျာ။ လူတွေရဲ့ စားဝတ်နေရေး ပြဿနာတွေ၊ လူတွေရဲ့ ကျန်းမာရေး ပညာရေး စတဲ့ ပြဿနာတွေ၊ လူတွေရဲ့ လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်မှုဆိုတဲ့ ပြဿာနာမျိုးတွေ၊ လူတွေရဲ့ လွတ်လပ်စွာ စည်းရုံးလှုပ်ရှား ပြောဆိုရေးသားခွင့် ဆိုတဲ့ ပြဿနာမျိုးတွေ၊ လူ့အခွင့်အရေး ပြဿနာတွေ။ ဒါတွေအကုန်လုံးမှာ ဆုံးရှုံးနေတယ်ဗျာ၊ ပျက်ပြားနေတယ်ဗျာ။

အဲဒီအခါမျိုးမှာ တခါတလေ ကျနော်တို့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေဟာ လူထုရဲ့ ကိစ္စကို မပြောနိုင်ဘူး။ တခါတလေ ကုလသမဂ္ဂတို့၊ တခါလာ နအဖ၊ တခါလာ အာဆီယံ၊ တခါလာ အီးယူ ဆိုတဲ့ဟာတွေလောက်ပဲ ပြေးနေသလို ဖြစ်နေတဲ့အခါကျတော့၊ အေးနေသလို ဖြစ်နေတဲ့အခါကျတော့ လူထုက နားမလည်နိုင်ဘူး။ ကျနော်တို့ကလည်း ကျနော်တို့ဟာ မှားသလားဆိုတော့ မှားတယ်လို့ မဟုတ်ဘူး။ ဒါတွေလည်း လုပ်ရမှာပဲ။ ကုလသမဂ္ဂနဲ့လည်း လုပ်ရမှာပဲ၊ အာဆီယံလည်း၊ အီးယူနဲ့လည်း၊ တရုတ်နဲ့လည်း၊ အိန္ဒိယနဲ့လည်း၊ ယိုးဒယား၊ အင်ဒိုနီးရှား စသည်အားဖြင့် လုပ်နေရမှာပဲ။

သို့သော် လူထုရဲ့ ဟာတွေမှာ ရှေ့ကနေ မားမားမတ်မတ် ရပ်ပေးရမယ်။ ရှေ့ကနေ ရပ်ပေးရမယ်၊ တိုက်ပွဲဝင်ပေးရမယ်၊ ရှေ့ဆောင်ရှေ့ရွက် လုပ်ပေးရမယ်။ အဲဒါတွေမှာ အားနည်းနေတာကို ကျနော်က ပြောတယ်။ ကျနော့်မိန်းခွန်းမှာ ၃ ချက်ပြောတယ်။ ဘာတွေလဲဆိုတော့ အခြေခံ မူဝါဒတွေ ကိုင်စွဲမယ်ဆိုတာရယ်၊ အခြေခံ တောင်းဆိုချက်တွေ ကိုင်စွဲမယ်ဆိုတာရယ်၊ ညီညွတ်ရေးဆိုတာရယ်နဲ့အတူ လူထုကို မျက်နှာမူတဲ့ နိုင်ငံရေး လုပ်ကြပါလို့ ကျနော်က တိုက်တွန်းချင်တယ်။

အဲဒါကြောင့် လူထုဘက်ကို မျက်နှာမူတဲ့ နိုင်ငံရေးလုပ်မှ လူထုက ကျနော်တို့ကို ပိုပြီးတော့ ဝန်းရံလာမယ်၊ ပိုပြီးတော့ အားဖြစ်လာမယ်လို့ ကျနော်တော့ ထင်တယ်။ အဲဒီ ၃ ချက်ကတော့ ခင်ဗျားမေးတဲ့ မေးခွန်းတွေထဲမှာ ကျနော် ထပ်ဖြည့်ချင်တဲ့ဟာပါပဲ။ ဒါပါပဲ။

ဒေါ်စုကို ထောင်ထဲတွင်ချုပ်နှောင်ထားပြီးနောက်ယနေ့ညနေ ရန်ကုန်မြို့

May 14, 2009 · 2 Comments

၁၄ မေ ရန်ကုန်၊ ၊တင်ကျော်ကျော်စိုးဟိန်းခိုင်ထွန်း

Burmese People Shocks and Unbelievable Opposition Leader in Jail




စစ်ကားများတပ်ချထားသော ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်

၁..မေလ ၆ ရက်နေ့ မတိုင်ခင် ဒေါ်စုအိမ်တွင် တာဝန်ကျသော ရဲမှူးနှင့် အခြားတာဝန်ရှိသူများကို  ထိန်းသိမ်းထားရဲတပ်သားများကို ရဲတပ်ရင်း၄တွင်ထိန်းသိမ်း

၂..တက္ကသိုလ်ရိပ်သာ လမ်းတစ်လျှောက်တွင် လက်နက်ကိုင်ရဲလုံခြုံရေးအင်အား တိုးမြှင့် အင်းစိန်ထောင် တွင်းနှင့် ထောင်ရှေ့ တွင် ထောက်လှမ်းရေးအပါ အဝင် လက်နက်ကိုရဲများချထား
အမေရိကန်သံရုံး အရှေ့ရှိ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် ကြားဖြတ်အသံဖမ်းစက်
များတပ်ဆင်ထားသော ကားတစ်စီး အပါအဝင် စစ်ကားနှစ်စီး ချထား




ဆစ်ဒနီမောနင်းဟယ်ရယ်သတင်းစာ၏ အင်တာနက်စာမျက်နှာမှဒေါ်စုသတင်း

၃..ဒေါ်အောင်ဆန်းစုကြည်အား ထောင်တွင်း၌တရားစွဲဆို သည့်သတင်းကို
ယနေ့ ထုတ်နိုင်ငံတ
ကာသတင်းစာများက မျက်နှာဖုံးသတင်း နှင့် ခေါင်းကြီးပိုင်းသတင်းအဖြစ်ဖေါ်ပြ

၄..ဒေါ်အောင်ဆန်းစုကြည်အားအင်းစိန်ထောင်တွင်းသို့ ပြောင်းရွှေလိုက်ပြီဆိုသည့် သတင်းကြောင့်ရန်ကုန်မြို့ သားတို့  မယုံနိုင်လောက်အောင်ခံ ပြင်းမှုများဖြစ်ပေါ်ကြ

ဒေါ်စုကို နေအိမ်ပြန်မပို့ တော့အင်းစိန်ထောင်တွင်ရှိ အထူးတိုက်တွင်းချုပ် နှောင်ထား

May 14, 2009 · No Comments

၁၄ မေ ရန်ကုန်၊                ၊တင်ကျော်ကျော်စိုး

Aung San Suu Kyi detainees in Insein Jail After Appearing Court



ထောင်သွင်းအကျဉ်းချခြင်းခံ ထားရသည့် ကမ္ဘာပေါ်ရှိတစ်ဦးတည်းသော ငြိမ်းချမ်းရေးနိုဘယ် ဆုရှင် ဓာတ်ပုံ-ဂိကီပိဒိယ

အသက် ၆၃ နှစ်အရွယ်ရှိ မြန်မာ့ဒီမို ကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ယနေ့ မနက် အစောပိုင်းက နေအိမ်မှ လက်နက်ကိုင်ရဲ အစောင့်အရှောင့် အင်းစိန်အကျဉ်းထောင်သို့ ခေါ်ထုတ်သွားသည်။

မနက် ၁၀ နာရီတွင် အင်းစိန်ထောင်တွင်းရှိ အနောက်ပိုင်းခရိုင် အထူးတရားရုံး၌ ရုံးထုတ်ကာ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများမှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ ဖြင့်တရားစွဲဆိုပြီး ဒေါ်အောင်ဆန်းစုကြည် နှင့် အတူနေသော ဒေါ်ခင်ဝင်းနှင့် သမီးဖြစ်သူတို့ ကိုလည်းရင်း အမှုကိုအားပေးကူညီမှု ဖြင့်တရားစွဲဆိုခဲ့သည်။

ရေကူးဝင်ရောက်သူ အမေရိကန်နိုင်ငံသား ဂျွန် ယက်ထော ကိုမူ မြူနီစပါယ်မှု ၊လူဝင်မှုကြီးကြပ်ရေးမှု၊နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်စီးလိုသူများအား အကူအညီပေးမှု ရာဇသတ်ကြီး ပုဒ်မ ၂၂/၁၀၉ အရ တရားစွဲဆိုထားသည်။

ဒေါ်အောင်ဆန်းစုကြည် နှင့် လေးဦးကို မေလ ၁၈ ရက်နေ့ သို့ တရားသူကြီးကရုံးချိန်းပေးလိုက်ပြီး ထိုအမှု နှင့်သက်ဆိုင်သူ အားလုံးကို အင်းစိန်ထောင် တွင်ချုပ်နှောင်ထားသည်။

ကျန်းမာရေး အခြေအနေ စိုးရိမ်ဖွယ်ရာရှိသော ဒေါ်အောင်ဆန်းစုကြည်အားအင်းစိန် တရားရုံးသို့ လက်နက်ကိုင်ရဲအစောင့်အရှောင့် ၆၀ ခန့်ခြံရံလျှက်ခေါ်ထုတ်သွား

May 14, 2009 · No Comments

၁၄ မေ ရန်ကုန်၊ ၊တင်ကျော်ကျော်စိုး၊ယူကွန်

Aung San Suu Kyi appears in Special Court in Insein Jail



အင်းစိန်ထောင်တွင်းရှိ အထူးတရားရုံး၌ ၁၉၉၈ ခုနှစ်က နိုင်ငံခြားသား ၁၈ဦးကို ရုံးထုတ် စစ်ဆေးစဉ်

ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ မနက် ၆ နာရီ အချိန်ခန့် က အင်းစိန်ထောင်ရှိ အထူးတရားရုံးသို့လုံခြုံရေးအင်အားထူထပ်စွာစောင့်ကျပ်လျှက်ခေါ်ဆောင်သွားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ကမာရွတ်မြို့ နယ်မှ အဖွဲ့ ဝင်တစ်ဦးက Freedom News Group သို့ ပြောသည်။

ဒေါ်စုအား စစ်အစိုးရမှ တရားစွဲဆိုရန်ပြင်ဆင်နေပြီး အင်းလျှားကန်ကို ဖြတ်၍ ရေကူးဝင်ရောက်လာခဲ့သည့် အမေရိကန် နိုင်ငံသား မစ္စတာ ဂျွန် ဂီလျှံ ယက်ထော နှင့် ဆက်စပ်အပစ်ပေးနိုင်ရန် စီစဉ်နေကြောင်းမြောက်ဥက္ကလာပ NLD အဖွဲ့ ဝင်တစ်ဦးကပြောသည်။

ဒေါ်အောင်ဆန်းစုကြည် အားမည်သည့် ပုဒ်မ ဖြင့်တရားစွဲဆိုမည် ကို မသိရသေးသော်လည်း NLD လူငယ် က" အမှုကပ်တာပေါ့" ဟုပြောကြားသည်။

အင်းစိန်ထောင်သို့ ရှေ့နေ ဦးကြည်ဝင်းအပြင် NLD ပါတီမှ အဖွဲ့ ဝင်များရောက်ရှိ နေသည်။ဒေါ်စုအားတွေ့ ဆုံခွင့်ရရန် စောင့်ဆိုင်းနေသည်။ဒေါ်အောင်ဆန်းစု ကြည်အားအကျယ်ချုပ်ခံထားစဉ် စည်းကမ်းဖေါက်ဖျက်သည့် ပုဒ်မ ၊ဧည့်စာရင်း ပုဒ်မ တို့ဖြင့်အရေးယူနိုင်သည် ဟုဆိုသည်။

## အမှုမစစ်ဆေးမီ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်အတွင်းထား

မင်းနိုင်သူ / ၁၄ မေ ၂၀၀၉



ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသော ဘေးအန္တရာယ် ပုဒ်မ (၂၂) ရာဇသတ်ကြီးပုဒ်မ (၁၀၉) ဖြင့် နအဖစစ်အစိုးရက အင်းစိန်အထူးတရားရုံးတွင် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း အမှုကိုင်ရှေ့နေတဦးဖြစ်သူ ဦးအောင်သိန်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ယနေ့နံနက် (၇) နာရီခန့်တွင် နေအိမ်မှ အင်းစိန်ထောင်ရှိ အထူးတရားရုံးသို့ ခေါ်ဆောင်သွားခဲ့ရာ အတူနေ ဒေါ်ခင်ခင်ဝင်းတို့သားအမိလည်း လိုက်ပါသွားခဲ့ရသည်။

အမှုကိစ္စအတွက် ယနေ့နံနက် (၉) နာရီတွင် အင်းစိန်အထူးတရားရုံးသို့ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများ ဖြစ်သော ဦးကြည်ဝင်း၊ ဦးအောင်သိန်း၊ ဦးဉာဏ်ဝင်း၊ ဒေါ်ခင်ဌေးကြွယ်နှင့် ဦးလှမျိုးမြင့်တို့ လိုက်သွားကြသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်ခင်ခင်ဝင်းသားအမိ၊ နေအိမ်သို့ ရေကူးဝင်ရောက်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောတို့ကို ရုံးတင်ခဲ့သော်လည်း ဒေါက်တာတင်မျိုးဝင်းကို မတွေ့ရဟု ဦးအောင်သိန်းက ပြောသည်။

၎င်းက “ဒီနေ့ အင်းစိန်အထူးတရားရုံးမှာ နစ်ပါးထိုင်အဖြစ် တရားသူကြီး ဦးသောင်းထွန်းနဲ့ ဦးညီညီစိုးတို့က အမှုကို စတင်ကိုင်တွယ်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်တို့အမှုကို အခုလ (၁၈) ရက်မှာ စတင်ကြားနာမှာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်ပြန်ခွင့်မပြုဘဲ အင်းစိန်ထောင် ဧည့်ဆောင်မှာ ထိန်းသိမ်းထားတယ်” ဟု ပြောသည်။

ဒေါ်ခင်ခင်ဝင်းတို့သားအမိကို ဒေါ်အောင်ဆန်းစုကြည်အား စွဲဆိုထားသော ပုဒ်မများဖြင့် စွဲဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်း ဝင်ရောက်နေထိုင်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောကိုမူ လဝက ပုဒ်မ (၁၃/၁) နှင့် စည်ပင်သာယာပုဒ်မ (၂၈) တို့ဖြင့် တရားစွဲဆိုထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ပါတီက ဒေါ်အောင်ဆန်းစုကြည်အား ယင်းကဲ့သို့ တရားစွဲဆိုမှုမှာ မလုပ်သင့်မလုပ်ထိုက်သောကြောင့် ပြင်းထန်စွာ ကန့်ကွက်ကြောင်း ယနေ့ ကြေညာချက်ထုတ်ပြန်လိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အန်အယ်လ်ဒီအဖွဲ့ဝင်များနှင့်ထောက်ခံသူများကို ၂၀၀၃ ခုနှစ် မေလ (၃၀) ရက် ညပိုင်းတွင် ဒီပဲယင်းမြို့နယ် ကျီစုကျေးရွာအနီး စစ်အစိုးရလိုလားသူများက ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို နအဖစစ်အစိုးရက နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်သည့် ဥပဒေ ပုဒ်မ (၁၀/ခ) ဖြင့် နေအိမ်အကျယ်ချုပ်ချထားခဲ့သည်။

အဆိုပါဥပဒေကို ၁၉၇၅ ခုနှစ် စတင်ပြဋ္ဌာန်းခဲ့စဉ်က တကြိမ်လျှင် ရက်ပေါင်း (၁၈၀) နှင့် အများဆုံး (၃) နှစ်အထိ ဖမ်းဆီးချုပ်နှောင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် အကျယ်ချုပ်ကျခံနေရသည့် ၁၉၉၁ ခုနှစ်တွင် အများဆုံး (၅) နှစ်အထိ ချုပ်နှောင်ထားနိုင်သည်ဟု စစ်အစိုးရက ပြင်ဆင်သတ်မှတ်ခဲ့သည်။

ထို့နောက် ဒီပဲယင်းအရေးအခင်းအပြီး တတိယအကြိမ် ထိန်းသိမ်းခံရချိန်တွင် (၅) နှစ်ပြည့်မြောက်သော်လည်း (၆) နှစ်အထိ ချုပ်နှောင်ပိုင်ခွင့်ရှိသည်ဆိုကာ ၂၀၀၇ ခုနှစ် မေလ (၂၅) ရက်တွင် နအဖစစ်အစိုးရက အကျယ်ချုပ် သက်တမ်း တနှစ်ထပ်တိုးခဲ့သည်။

ထိုကဲ့သို့ထပ်တိုးခြင်းသည် ဥပဒေနှင့်လျော်ညီမှုမရှိသဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေကြီး ဦးကြည်ဝင်းက ထောက်ပြပြောဆိုခဲ့ပြီး အယူခံလွှာတစောင်ကိုလည်း ၂၀၀၈ ခုနှစ် အောက်တိုဘာ (၉) ရက်တွင် နအဖဝန်ကြီးချုပ်ထံ တင်သွင်းခဲ့သည်။

သို့သော် နအဖစစ်အစိုးရဘက်မှ အကြောင်းပြန်ကြားမှုမရှိသဖြင့် အယူခံအမှုကို ကြားနာပေးပါရန် မေတ္တာရပ်ခံစာ လေးကြိမ်ထပ်မံပေးပို့ခဲ့သော်လည်း နအဖဝန်ကြီးချုပ်ဘက်မှ အကြောင်းမပြန်ခဲ့ပေ။

ထို့နောက် ဧပြီ (၂၈) ရက်တွင် နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တိုက်ရိုက်မေတ္တာရပ်ခံစာကို ပေးပို့ခဲ့သည်။

နအဖစစ်အစိုးရဘက်မှ ဧပြီ (၃၀) ရက်တွင် ယင်းအယူခံမှုကို ပလပ်လိုက်ကြောင်း တရားဝင်အကြောင်း ပြန်ကြားခဲ့သည်။

အယူခံပယ်ချကြောင်း ပြန်ကြားချိန်သည် နအဖသတ်မှတ်ချက်အရ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ချထားခွင့်မှ ပြန်လွှတ်ပေးရမည့်ရက် (၂၇) ရက်အလိုတွင် ဖြစ်သည်။

ထို့နောက် မေလ (၇) ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အိမ်သို့ အမေရိကန်နိုင်ငံသားတဦး ဝင်ရောက်နေထိုင်ခဲ့ ကြောင်း နအဖသတင်းစာများက ဖော်ပြခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကို အကျယ်ချုပ်ချထားခွင့်ကုန်ဆုံးရန် (၂၁) ရက်အလိုတွင် ယင်းကိစ္စ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ထို့နောက်ပိုင်း ယနေ့နံနက်ပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်အား အင်းစိန်အထူးတရားရုံးသို့ ခေါ်ဆောင်သွားပြီး တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အထူးတရားရုံးသို့ ခေါ်ထုတ်

NEJ / ၁၄ မေ ၂၀၀၉



ဒေါ်အောင်ဆန်းစုကြည်ကို ယနေ့နံနက် (၇) နာရီခန့်တွင် အင်းစိန်အထူးတရားရုံးသို့ ခေါ်ဆောင်သွားပြီဖြစ်ကြောင်း အန်အယ်လ်ဒီလူငယ်အဖွဲ့ဝင် ကိုအေးထွန်းက ခေတ်ပြိုင်သို့ပြောသည်။

"အခုဝင်ဖို့လုပ်နေပါတယ်။ ဦးညွှန့်ဝင်း၊ ဦးအောင်သိန်း၊ ဦးကြည်ဝင်း၊ ဒေါ်ခင်စောမူ တို့ ဝင်ဖို့လုပ်နေကြပါပြီ။ ကတ်တွေဘာတွေလဲနေကြပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ ဒေါ်ခင်ခင်ဝင်းတို့သားအမိ ပါလာတယ်လို့ သိရတယ်။ တွေ့တော့မတွေ့ရသေး ဘူးဗျ။ ကျနော်တို့က အခုမှ လိုက်လာကြရတာလေ"ဟု ကိုအေးထွန်းက ပြောသည်။

အင်းစိန်ထောင်ရှေ့တွင် အမေရိကန်သံရုံးမှ ကားတစီးကိုတွေ့ရှိရပြီး အထိန်းသိမ်းခံ အမေရိကန်နိုင်ငံသားကိုပါ စစ်ဆေးမှုပြုမည်မပြုမည်ကို မသိရသေးကြောင်း ၎င်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်အကြောင်းကြောင့် အင်းစိန်အထူးတရားရုံးသို့ ခေါ်ဆောင်သည်ကို မသိရကြောင်း အာဏာပိုင်များဘက်မှ လာရောက်အကြောင်းကြားသဖြင့်သာ လိုက်ပါလာခဲ့ကြရခြင်းဖြစ်ကြောင်း အဆိုပါလူငယ်အဖွဲ့ဝင်က ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ယခု မနက်ပိုင်း အင်းစိန်ထောင်ရှေ့ရုံးတွင် တရားရုံးထုတ်ရန် စီစဉ်ထားသည့်အပြင် အင်းစိန်ထောင်အနီး နေအိမ်တခုတွင် ပြောင်းရွှေ့ထားရန် အာဏာပိုင်များက စီစဉ်နေကြောင်း ယမန်နေ့ ညနေပိုင်းက ဒေါ်အောင်ဆန်းစုကြည်နှင့်သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေ ဦးကြည်ဝင်းက ဗွီအိုအေသို့ ယနေ့မနက်ပိုင်းတွင် ပြောကြားခဲ့သည်။

ယနေ့ မနက် (၁၀) နာရီခွဲတွင် အန်အယ်လ်ဒီမှ ရှေ့နေများသည် အင်းစိန်ထောင်အတွင်း ဝင်ရောက်နေကြကြောင်း ဦးညွှန့်ဝင်း၏ လက်ကိုင်ဖုန်းကို ကိုင်ဆောင်ထားသူ ကိုအေးထွန်းက ခေတ်ပြိုင်သို့ ပြောသည်။

## တပ်ဖွဲ့စည်းပုံပြင်ဆင်ရေးကို အန်ဒီအေ(ကချင်) မူအရသဘောတူ

NEJ / ၁၄ မေ ၂၀၀၉

နယ်ခြားစောင့်တပ်အဖြစ် တပ်ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စကို မူအားဖြင့် သဘောတူသော်လည်း လာမည့် ၂၀၁၀ ရွေးကောက်ပွဲအပြီးတက်လာမည့် အစိုးရလက်ထက်ကျမှသာ လက်တွေ့အကောင်အထည်ဖော်လိုကြောင်း အန်ဒီအေ (ကချင်) တပ်ဖွဲ့က စစ်အစိုးရထံ တင်ပြမည်ဟု သိရသည်။

လာမည့်မေ (၁၈) ရက်တွင် နအဖစစ်ခေါင်းဆောင်များနှင့် ကချင်ပြည်နယ်အထူးဒေသ(၁) မှ အန်ဒီအေ (ကချင်)

ခေါင်းဆောင်များ တွေ့ဆုံသည့်အခါ အဆိုပါကိစ္စကို တင်ပြရန်ရှိသည်ဟု အန်ဒီအေ (ကချင်) ခေါင်းဆောင်ပိုင်းနှင့် နီးစပ်သူတဦးက ပြောသည်။

၎င်းက "သူတို့မကြာသေးခင်ကပဲ အစည်းအဝေးလုပ်တယ်။ တပ်ဖွဲ့ဝင်တွေနဲ့ရော ဒေသခံပြည်သူလူထုနဲ့ပါ စစ်အစိုးရ က ညွှန်ကြားထားတဲ့ တပ်ဖွဲ့စည်းပုံပြင်ဆင်ရေးကိစ္စချပြတယ်။ တပ်ကရော လူထုကပါ အဲဒီကိစ္စကို သဘောမတူကြ ဘူး။ ဒါကြောင့် နောင်အစိုးရသစ်ပေါ်လာတဲ့အထိ စောင့်ဆိုင်းစေချင်ပါတယ်ဆိုတဲ့ မယုတ်မလွန် သဘောထားကို တင်ပြလိမ့်မယ်" ဟု ပြောသည်။

နအဖစစ်အစိုးရ၏ ညွှန်ကြားချက်များအနက် ရွေးကောက်ပွဲဝင်ရန်ကိစ္စကိုမူ နဂိုဆုံးဖြတ်ချက်အတိုင်း တပ်ဖွဲ့အနေဖြင့် ပါတီထောင်ပြီး ဝင်ပြိုင်မည်မဟုတ်ဘဲ ကေအိုင်အော၊ အခြားကချင်ခေါင်းဆောင်များနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဟု သိရသည်။

အန်ဒီအေ (ကချင်) တပ်ဖွဲ့သည် ၁၉၈၉ ခု ဒီဇင်ဘာတွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် သစ်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်း လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ အဖွဲ့၏ လက်ရှိဥက္ကဋ္ဌသည် ဆခုံတိန့်ယိန်းဖြစ်ပြီး ဌာနချုပ်ပန်ဝါနှင့် ဌာနခွဲ ကမ်ပိုင်တီတွင် စစ်အစိုးရတပ်ရင်းတရင်းစီ တပ်စွဲထားသည်။

အန်ဒီအေ (ကချင်) အဖွဲ့က မေ (၁၈) တွင် စစ်အစိုးရနှင့် ဆွေးနွေးတင်ပြမည့်အချက်များကို ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ကလည်း လေ့လာနေပြီး ၎င်းတို့အဖွဲ့က မေ (၂၀) တွင် စစ်အစိုးရထံ တွေ့ဆုံအကြောင်းပြန်မည်ဟု သိရသည်။

## လက်ဝါးကြီးအုပ် ခေါင်းပုံဖြတ်မှုကြောင့် ငါးရှဉ့်မှောင်ခိုဖြစ်




ဈေးကွက်သို့ ပို့မည့် ငါးရှဉ့်များ ရွေးနေပုံ

NEJ / ၁၄ မေ ၂၀၀၉

မူဆယ်အခြေစိုက် နအဖစစ်ခေါင်းဆောင်တို့၏ သားသမီးများပိုင် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် က ခေါင်းပုံဖြတ် အမြတ်ထုတ်နေသောကြောင့် တရုတ်နိုင်ငံသို့ ငါးရှဉ့်တင်ပို့သည့်လုပ်ငန်းမှာ မှောင်ခို

ဖြစ်နေသည်ဟု သိရသည်။

ငါးရှဥ့်တင်ပို့နေသူ ကုန်သည်ကြီးတဦးက “ကျနော်တို့ ငါးရှဥ့်တွေ မူဆယ်ကို ရောက်တာနဲ့ အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီကို အပ်လိုက်ရတယ်။ နောက် တရုတ်ကုန်သည်တွေ ရောက်လာရင် ဟန်ပြလေလံဆိုတာ လုပ်ပြရတယ်။ ပြီးတာနဲ့ ဟန်ပြလေလံဈေးနှုန်း ပေါက်ဈေးအတိုင်း အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီကို ဝန်ဆောင်ခ (၄) ရာခိုင်နှုန်းနဲ့ အခြားစရိတ်တွေ ပေးလိုက်ရတယ်။ အဲဒီငွေ ပမာဏဟာ များလွန်းတော့ နောက်ပိုင်း ငါးရှဥ့်ကုန်သည်တွေ မူဆယ်ရေထွက်ကုန် တင်ပို့ရေးစခန်းကို ဘယ်သူမှ မသွားတော့ဘဲ ခိုးလမ်းတွေကနေ တရုတ်ပြည်ကို မှောင်ခိုတင်ပို့တာမျိုးပဲ လုပ်တော့တယ်” ဟု ပြောသည်။

နအဖစစ်အစိုးရသည် ပြီးခဲ့သည့် (၃) နှစ်မှစပြီး တရုတ်ပြည်နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအများစုကို ပုံမှန်ကုန်သွယ်ရေးသို့ ပြောင်းလဲခဲ့ရာ ငါးရှဥ့်၊ ကဏန်း စသည့် ရေထွက်ကုန် ပစ္စည်းတင်ပို့ရေးလုပ်ငန်းများလည်း ပါဝင်ခဲ့သည်။

ထိုသို့ ကုန်သွယ်ရေးစနစ်ပြောင်းလဲလိုက်ပြီးသည့်နောက် ရန်ကုန်မှ လုပ်ငန်းရှင်များ နယ်စပ်သို့ ရောက်လာပြီး မြန်မာကုန်သည်၊ အစိုးရနှင့် တရုတ်ကုန်သည်များအကြား ကြားပွဲစားအဖြစ် လုပ်ကိုင်ကာ ခေါင်းပုံဖြတ်မှုများ စတင်လုပ်ဆောင်လာကြကြောင်း နယ်စပ်မှကုန်သည်များက ပြောသည်။

ပုံမှန်ကုန်သွယ်ရေးအဖြစ် ပြောင်းလဲလိုက်သည့်အတွက် နဂိုမူလက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူ များသည် နိုင်ငံခြားငွေဘဏ်စာရင်းမရှိခြင်း၊ နေပြည်တော်တွင် ပါမစ်ရယူရေးကိစ္စ မကျွမ်းကျင်ခြင်း စသည်တို့ကြောင့် ရန်ကုန်မှ လုပ်ငန်းရှင်များ နယ်စပ်သို့ရောက်လာကြသည်ဟု ကုန်သည်များက ပြောသည်။

အဆိုပါလုပ်ငန်းရှင်များသည် နိုင်ငံခြားငွေ ဘဏ်စာရင်း ဖွင့်လှစ်ထားသည့် ပါမစ်ကိစ္စ ကျွမ်းကျင်သူများဖြစ်ပြီး မြန်မာကုန်သည်၊ အစိုးရနှင့် တရုတ်ကုန်သည်များအကြား ကြားပွဲစားအဖြစ် လုပ်ကိုင်ကာ အမြတ်ထုတ်လာကြခြင်း ဖြစ်သည်ဟုလည်း မူဆယ်မှ ကုန်သည်တဦးက ပြောသည်။

“အဲဒီကုမ္ပဏီတွေထဲမှာ နအဖ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့ သမီးအပါအဝင် ထိပ်ပိုင်းအာဏာပိုင် သားသမီးတွေရဲ့ အစုရှယ်ယာတွေနဲ့ ထူထောင်ထားတဲ့ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီဟာ အကြီးဆုံးပဲ။ သူတို့က နယ်စပ်ကို ငါးရှဥ့်၊ ကဏန်းတွေ တင်လာတဲ့ ကုန်သည်တွေနဲ့ တရုတ်ကုန်သည်တွေ အရောင်းအဝယ်လုပ်တဲ့အခါ နအဖကုန်သွယ်ရေး ပေါ်လစီနဲ့ ကိုက်ညီအောင် ကြားကနေ တရားဝင် နာမည်ခံပေးတဲ့ အလုပ်ကို လုပ်တာ” ဟု ၎င်းက ရှင်းပြသည်။

တကယ် ငါးရှဥ့်သယ်လာသူ ကုန်သည်များက စာရင်းမပေါက်ဘဲ တရားဝင် အရောင်းအဝယ် မှတ်တမ်းတွင် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီသာ စာရင်းပေါက်ကြောင်း၊ ထို့အတွက် ငါးရှဥ့်ရောင်းရငွေအဖြစ် နာမည်တပ်ထားသည့်  နိုင်ငံခြားငွေကိုလည်း ဝင်ငွေအဖြစ် ရရှိပြီး သွင်းကုန်တင်သွင်းသူများကိုလည်း လက်လွှဲရောင်းချနိုင်ကြောင်း သိရသည်။

ထို့အပြင် မြန်မာကုန်သည်များထံမှ အရောင်းအဝယ် ပမာဏ၏ (၄) ရာခိုင်နှုန်းနှင့် အခြားဝန်ဆောင်ခကိုလည်း ရရှိသည့်အတွက် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီသည် ၂၀၀၇ ခုနှစ် တနှစ်တည်းမှာပင် ဝန်ဆောင်ခ အမေရိကန် ဒေါ်လာ (၁.၂) သန်း ရရှိခဲ့ကြောင်း အဆိုပါမူဆယ်မှ ကုန်သည်က ဆက်လက်ပြောသည်။

ပြီးခဲ့တဲ့ မေ (၅) ရက်တွင် ရန်ကုန် ဘုရင့်နောင် ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သည့် အစည်းအဝေးတွင်မူ ငါးရှဥ့်တင်ပို့သူများ အသင်းဥက္ကဋ္ဌ ဦးဘသော်က အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီက ကောက်ခံနေသည့် ဝန်ဆောင်ခကိစ္စ ညှိနှိုင်းပေးရန် အာဏာပိုင်များကို တင်ပြမည်ဟု ပြောကြားခဲ့သည်။

သဘော်ာဆိပ်၊ ကားဆိပ်၊ လေဆိပ်နှင့် နယ်စပ်များတွင် ငါးရှဥ့်မှောင်ခိုတင်ပို့သူများကို တိတိကျကျ အရေးယူပေးရန် အာဏာပိုင်များထံ တင်ပြထားကြောင်းလည်း အစည်းဝေးတွင် ရှင်းလင်းခဲ့သည်။

## ဗီးစပ်ရှက်သောက်သုံးသည့် အေအိုင်ဒီအက်စ် ဝေဒနာရှင်များ အသက်အန္တရာယ် ကြီးမား

အောင်ထက် / ၁၄ မေ ၂၀၀၉

ရောဂါ၏ နောက်ဆုံးအခြေအနေဖြင့် ဆေးရုံသို့ ရောက်ရှိလာသော အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဝေဒနာရှင်တို့တွင် ဆေးမြီးတို ဗီးစပ်ရွက်အလွန်အကျွံသောက်သုံးထားသည့် လက္ခဏာများကို တွေ့ရှိရကြောင်း အိပ်ချ်အိုင်ဗွီ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ) မှ ဆရာဝန်တဦးက ပြောကြားသည်။

"ပြီးခဲ့တဲ့လက ဝေဒနာရှင်တဦး ဆေးရုံရောက်လာတယ်။ အိပ်ချ်အိုင်ဗွီပိုးတွေ့ရှိ သက်တမ်းထက် ဝေဒနာဆိုးဝါးနေပြီး အသားအရေတွေ ကွဲအက်လန်ထွက်နေတာကို တွေ့ရတယ်။ ဗီးစပ်ရွက်ကို လအတန်ကြာ သောက်သုံးခဲ့တာ ကြောင့် အိပ်ချ်အိုင်ဗွီရဲ့ ဆက်စပ်ရောဂါတခု ဖြစ်တဲ့ အရေပြားပျက်စီးမှု ဒီလောက်မြန်ဆန်သွားရတာဖြစ်တယ်" ဟု ၎င်းကပြောသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိပြီး ဗီးစပ်ရွက် သတ္တုရည်သောက်သုံးသူ ဝေဒနာရှင် အများစုမှာ နယ်မှဖြစ်ကြကြောင်း၊ အချို့မှာ ARV ဆေးစားသုံးသည့် အဆင့်မရောက်မီပင် သေဆုံးနေကြကြောင်း အဆိုပါဆရာဝန်က ပြောသည်။

မင်္ဂလာဒုံအထူးကုဆေးရုံကြီး၌ တက်ရောက်ကုသနေသော ဗီးစပ်ရွက် သောက်သုံးလာသူ ပုပ္ပားဘက်မှ ဝေဒနာရှင် တဦးသည် ARV ဆေးသောက်သုံးသဖြင့် အသက်ရှင်ခွင့်ရလိုက်သော်လည်း အဆက်မပြတ် သွေးသွင်းနေရကြောင်း၊ သွေးသွင်းရသည့် အကြောင်းရင်း ရောဂါဇစ်မြစ်ကို ဆရာဝန်ကြီးများ ရှာမရဖြစ်နေကြောင်း သိရသည်။

မင်္ဂလာဒုံ အထူးကုဆေးရုံကြီး၌ ဗီးစပ်ရွက်ဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့် ဗီးစပ်ရွက် သောက်သုံးခြင်း၏ ဘေးထွက်ဆိုးကျိုးများကို ကျန်းမာရေးဦးစီးဌာနမှ ရုပ်ပုံကားချပ်ကြီးများဖြင့် ပုံနှိပ်ဖော်ပြထားသည်ကို တွေ့ရသည်။

ဗီးစပ်ရွက်သည် အသည်းကို အဓိကထား ဖျက်ဆီးခြင်းကြောင့် တနေကုန် အဖျားတက်ခြင်း၊ မျက်စိအမြဲဝါနေသော အသည်းပျက်စီးသည့် လက္ခဏာများကို ဖြစ်ပေါ်စေကြောင်း သိရသည်။

"အေအိုင်ဒီအက်စ်ရောဂါကို ဗီးစပ်ရွက်သောက်ရင် ပျောက်တယ်ဆိုပြီး ကယားပြည်နယ်က မအေးအေးယဉ် အကြောင်း ပေါ်ပြူလာဂျာနယ်မှာ ဖတ်လိုက်ရတယ်။ ဖုန်းနံပါတ်လည်း ပါလို့ ဖုန်းဆက်လှမ်းမေးကြည့်မှ မအေးအေးယဉ် ကွယ်လွန်တာ (၃) နှစ်လောက်ရှိပြီဆိုတာ သိရတယ်" ဟု ဝေဘာဂီဆေးရုံရောက် အေအိုင်ဒီအက်စ်ဝေဒနာရှင်တဦးက ပြောသည်။

အိပ်ချ်အိုင်ဗွီ ကာကွယ်ရေး၊ ပညာပေးမှု ဆောင်ရွက်နေသူတဦးကမူ "မြန်မာပြည်မှာ အစိုးရရဲ့ တာဝန်မဲ့မှုကြောင့် သေရတာတွေရယ်၊ ခပ်ကြောင်ကြောင် ဆေးမြီးတိုတွေကြောင့် သေရတာတွေရယ်နဲ့ ခုလို သေဆုံးနှုန်း မြင့်နေရတာ" ဟု ပြောသည်။

# အကြီးဆုံး မြေရှင်နအဖ စစ်အစိုးရနဲ့ သူတို့ရဲ့ချစ်တီးလက်သစ်များ

| ရဲဘော်ဖိုးသံချောင်း |



၁၄ မေ ၂၀၀၉

> လယ်သမားတွေရဲ့ လယ်လုပ်သူလယ်ပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးဟာ သာမာန်ကိစ္စ မဟုတ်ပါဘူး။ အင်္ဂလိပ် ကိုလိုနီလက်ထက်ကစလို့ ဆရာစံအရေးတော်ပုံအပါအဝင် လယ်သမားတွေ မျိုးဆက်နဲ့ ချီ၊ သမိုင်းနဲ့ချီ တိုက်ပွဲဝင်ခဲ့ပြီးမှ အသိအမှတ်ပြုခံခဲ့ရတဲ့ အခွင့်အရေး ဖြစ်ပါတယ်။

"ခေါင်းတခါခါနှင့် ဆတ်လုစွာသော လုလုစွေ့စွေ့ရယ်နှင့် ဂဂပြေ့ပြေ့နပြာတရှဉ်းကိုလ ကျောင်းတကာကိုသာ အပ်လိုက်ပေရော့" ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ အညာမင်္ဂလာဆောင် လေချိုးကြီး ထဲကဆိုတာ အားလုံးသိကြပါတယ်။ ဒုတိယကမ္ဘာစစ် မဖြစ်မီက ကိုလိုနီလက်ထက် ဗမာပြည်က လယ်သမားများရဲ့ဘဝကို ထောက်ပြထားတာပါ။ ဒါပေမယ့် အခုခေတ် လယ်သမားသရုပ်ကို ဖော်မယ်ဆိုရင်တော့ အထက်မှာပါတဲ့ ကျောင်းတကာဆိုတဲ့ နေရာမှာ စစ်ဗိုလ်ကိုသာ ထည့်လိုက်ဖို့ရှိပါတော့တယ်။

တကယ်က ဗမာနိုင်ငံမှာ လယ်သမားတွေရဲ့ လယ်လုပ်သူလယ်ပိုင် ခွင့်ဆိုတဲ့ အခွင့်အရေးဟာ သာမာန်ကိစ္စ မဟုတ်ပါဘူး။ အင်္ဂလိပ် ကိုလိုနီလက်ထက်ကစလို့ ဆရာစံအရေးတော်ပုံအပါအဝင် လယ်သမားတွေ မျိုးဆက်နဲ့ ချီ၊ သမိုင်းနဲ့ချီ တိုက်ပွဲဝင်ခဲ့ပြီးမှ အသိအမှတ်ပြုခံခဲ့ရတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ မွေးရာပါ အခွင့်အရေး ပြဿနာလည်း ဖြစ်ပါတယ်။ လွတ်လပ်ရေးမရခင် ကာလတုန်းက ပြည်ချစ်နိုင်ငံရေး အင်အားစု အားလုံးလိုလိုက လယ်လုပ်သူလယ်ပိုင်ရေး ကြွေးကြော်သံကို တင်ခဲ့ကြပါတယ်။ အဲဒီအင်အားစုတွေဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ တက်သန်တက်ကြွစွာ ပါဝင်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ်နောက်ပိုင်း နိုင်ငံရေးမှာ သူတို့တတွေ ဗမာပြည်နိုင်ငံရေး ဇာတ်ခုံရဲ့ ထိပ်ပိုင်းကို ရောက်လာကြပါတယ်။ မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်သူတွေ ဒီလိုရှေ့တန်းကို ရောက်လာ၊ ထိပ်ပိုင်းကို ရောက်လာတော့ မြေရှင်တွေနဲ့ မြေရှင်စနစ်ဟာ ဒီကာလမှာ ခေါင်းလျှိုနေရတယ်ဆိုရင် မမှားပါဘူး။ ဒါ့အပြင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး နောက်မှာလည်း လက်နက်ကိုင် တော်လှန်ကြတဲ့ အင်အားစုတွေဟာ လယ်လုပ်သူလယ်ပိုင်ရေး ကြွေးကြော်သံကို ထိပ်တန်းတင်တိုက်ပွဲဝင်ခဲ့ကြ၊ သူတို့ဩဇာလွှမ်းမိုးရာ ကျေးလက်ဒေသတွေမှာ မြေရှင့် မြေတွေသိမ်းပြီး ဝေတာတွေလုပ်ခဲ့လို့ ဗမာပြည်မှာ မြေရှင်စနစ်ဟာ အင်မတန်ကို ချည့်နဲ့ သွားခဲ့ရပါတယ်။

ဒါပေမယ့် ၁၉၆၂ ခုနှစ်ကိုရောက်တော့ ဗိုလ်နေဝင်းတို့ရဲ့ မဆလစစ်အုပ်စုဟာ "လယ်လုပ်သူလယ်လုပ်ပိုင်ခွင့်ရှိရေး" ဆိုတဲ့ စကားနဲ့ လက်တလုံးခြားလုပ်ပြီး လယ်ယာမြေအားလုံးကို မြေပိုင်ရှင်ဆွေဆီကရော၊ လယ်သမားတွေဆီကပါ

အာဏာပိုင်အမျိုးမျိုးဟာ
အတိုးကြီးပေးရာကနေ
လယ်သမားတွေရဲ့ မြေတွေကို
အကြွေးအကြောင်းပြ သိမ်းပြီး
မြေရှင်တွေ ဖြစ်လာနေကြ တာလည်း
မနည်းပါဘူး။ နအဖမွေးထုတ်တဲ့
ချစ်တီးလက်သစ်တွေပါ။

(abstract noun) တခုဖြစ်ပါတယ်။ ဒါပေမယ့် အခုတော့ နိုင်ငံတော်ဆိုတာဟာ နအဖအစိုးရလို့ အဓိပ္ပာယ်ထွက်နေပါပြီ။ သူတို့ထင်သလို လုပ်နေတာတွေကို နိုင်ငံတော် တံဆိပ်နှိပ်ပေးနေတာသာ ဖြစ်ပါတယ်။ ဒါကြောင့် အခုအခါမှာ နိုင်ငံတော် ဆိုတာ နအဖ စစ်အုပ်စုဖြစ်တယ်။ ဗိုလ်သန်းရွှေ ဖြစ်တယ်လို့တောင် ပြောရင် ရလောက်ပါတယ်။ မြေယာတွေကို သူတို့ထင်သလို စီမံခြယ်လှယ်တာကလည်း တကြောင်း၊ တိုင်းပြည်ရဲ့ စီးပွားရေးကို သူတို့လုပ်ကိုင်ရာမှာ ကိုယ်ကျိုးစီးပွားကို အခြေခံတာကလည်းကြောင့်လည်းတကြောင်း၊ လယ်မြေတွေ လက်လွတ်ကုန်ရတဲ့ လယ်သမားတွေ များသထက်များလာနေပါတယ်။

ကချင်ပြည်နယ်ကနေ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်ကနေ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်၊ ဗမာပြည်တန်းတလျားမှာ လယ်သမားတွေ လယ်မြေတွေ အလုခံရ၊ ဆုံးရှုံးရတဲ့ သတင်းတွေ နေ့စဉ်မပြတ်ကြားနေရပါတယ်။ ဆုံးရှုံးတဲ့ ကိန်းဂဏန်းကိုလည်း ကြည့်ပါဦး။ တချို့နေရာများဆိုရင် လယ်မဲ့ယာမဲ့အရေအတွက်ဟာ (၅၀-၆၀) ရာခိုင်နှုန်း အထက်မှာတောင် ရှိနေပါတယ်။ ဒါဟာ စစ်မဖြစ်မီ ကိုလိုနီကာလက နှုန်းထားထက် မလျော့ပါဘူး။ မတိမ်းမယိမ်းပါ။ ဒါ့အပြင် လယ်သမားတွေ ကြွေးလည်ပင်းခိုက်နေတဲ့ အခြေအနေဟာလည်း ကြောက်ခမန်းလိလိဖြစ်နေတာကို သတိမပြုဘဲ မနေနိုင်ပါဘူး။

မဆလ စစ်အစိုးရလက်ထက်တုန်းကတော့ ဆိုရှယ်လစ်စကားတွေ ပြော၊ သူများတွေရဲ့ ဥစ္စာနေတွေကို "ပြည်သူပိုင်သိမ်း" နေရတော့ ဗိုလ်နေဝင်းတို့ရဲ့ စစ်အုပ်စုဟာ မြေယာကို ပုဂ္ဂလိကပိုင် မလုပ်ရဲပါဘူး။ ဒါပေမယ့် ဗိုလ်သန်းရွှေတို့ လက်ထက်ကျတော့ ဈေးကွက် စီးပွားရေး လို့ ပြောနေတာမို့ နိုင်ငံခြားသားတွေအပါ ငွေရှင်ကြေးရှင်တွေကို သူတို့ကြိုက်သလို လုပ်ပိုင်ခွင့်ချပေး၊ ကျေးလက်မှာ ဗိုလ်ကျရမ်းကား ခွင့်ရတဲ့ သူတို့ရဲ့ တပည့်သားမြေးတွေက ထင်သလိုသိမ်းယူ၊ စစ်တပ်က ထင်သလိုသိမ်းယူ၊ တနိုင်ငံလုံး ပြောင်းဆန်နေတယ်လို့ ပြောရမယ့် အခြေအနေဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်မှာ သူတို့ ခန့်ထားတဲ့ အာဏာပိုင်အမျိုးမျိုးဟာ အတိုးကြီးပေးရာကနေ လယ်သမားတွေရဲ့ မြေတွေကို အကြွေးအကြောင်းပြ သိမ်းပြီး မြေရှင်တွေ ဖြစ်လာနေကြတာလည်း မနည်းပါဘူး။ နအဖမွေးထုတ်တဲ့ ချစ်တီးလက်သစ်တွေပါ။ ပြည်တွင်းပြည်ပက လုပ်ငန်းရှင်တွေက လယ်ကေတွေရာနဲ့ချီပြီး သိမ်းယူတဲ့ ဖြစ်ရပ်တိုင်းမှာ စစ်တပ်ထိပ်ပိုင်းတွေနဲ့ တိုက်ရိုက်ပဲ ပတ်သက်နေပါတယ်။ အနည်းဆုံးတိုင်းမှူးဆိုသူကတော့ "ပွ" သွားတာပါပဲ။

ဆိုးတဲ့အချက်တခုက အဲဒီလို စစ်တပ်တွေက၊ ကုမ္ပဏီကြီးတွေက လယ်ယာတွေသိမ်းသွားလို့ ကျေးလက်တွေမှာ စက်မှုလက်ယာပေါ်မလာဘဲ သီးစားချထားတဲ့စနစ်ပဲ ဆိုးဝါးပြင်းထန်လှတဲ့ နှုန်းတွေနဲ့ ထွန်းကားလာတာပါပဲ။ တပ်ရင်းတွေကတောင် လယ်သမားတွေရဲ့ မြေတွေကို အနိုင်ကျင့်လုယက်ပြီး သီးစားပြန်ပေးတယ်လို့လည်း အံ့မခန်းကြားနေရပါတယ်။ ဒီလိုမြေယာလုယက်မှုတွေဟာ နအဖရဲ့ ၂၀၀၈ ခု ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြု လိုက်တဲ့အတွက် ပိုတောင်များလာ၊ ကြမ်းလာတယ်လို့ ယူဆစရာရှိပါတယ်။ ဒါကြောင့် ဒီအခြေခံ ဥပဒေဟာ ဘယ်သူတွေ ကို အကျိုးပြုတယ်ဆိုတာကို ဒီမြေရှင်သစ်တွေ ပေါ်ပေါက်မှုက အထင်ရှားဆုံး မြင်သာစေတယ်လို့ ဆိုရင် မမှားပါဘူး။ ဒီနေရာမှာ နအဖဟာ သူတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ သူတို့ရဲ့ ခါးပိုက်ဆောင်တပ်နဲ့ ပတ်သက်လို့ကျတော့ အခန်းကြီးတခန်း သီးသန့်ဖွင့်ပြီး ပုဒ်မရစ်ခုနဲ့ ဖွင့်ဆိုထားပြီး အားလုံးရဲ့ ထမင်းရှင် လယ်သမားများနဲ့ ပတ်သက်လို့ ကျတော့ ပုဒ်မ (၂၃) မှာ အပိုဒ်တိုလေး နစ်ပိုဒ်ပဲ ဖော်ပြထားဆိုတာ ထောက်ပြလိုပါတယ်။

အခုတော့ ကျေးလက်တွေမှာ လူဦးရေတိုးတက်လာတဲ့အပြင် မြေမဲ့ယာမဲ့တွေ ပိုများလာတဲ့အတွက် အတည်တကျမရှိတဲ့ အလုပ်လက်မဲ့တပ်ဖွဲ့ကြီးအဖြစ် စုစည်းမိလာနေပါတယ်။ ဒီအလုပ်လက်မဲ့တပ်ဖွဲ့ကြီးမှာ ပြည်ပက အလုပ်ပြုတ် ပြန်လာသူ တွေ ထပ်တိုးလိုက်တော့ ဒီဂဏန်းဟာ ဧရာမဂဏန်းကြီး ဖြစ်လာပါတယ်။ သူတို့ဟာ ပြည်တွင်းမှာလည်း ဟိုသွားဒီလှည့် အလုပ်ရှာကြ၊ ပြည်ပ-အထူးသဖြင့် အိမ်နီးနားချင်းတွေမှာ ဟိုစမ်းတိုး၊ ဒီရမ်းတိုး အလုပ်ရှာကြ၊ ဂမ်းမပြည့်၊ စိတ်မငြိမ် ဖြစ်နေကြတာတော့ အမှန်ပါပဲ။ ဒီကြားထဲမှာ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကလည်း မကျော်လွှန်နိုင်သေးဆိုတော့ အရေအတွက်ဟာ ပိုလို့သာများလာစရာ ရှိပါတယ်။ လယ်ယာကို မှီခိုအသက်ရှင်သူ အရေအတွက်ဟာ ဗမာပြည်လူဦးရေ ရဲ့ (၇၀) ရာခိုင်နှုန်းကျော်လို့ သုတေသနပြုချက်များက ဆိုထားချက်နဲ့ ဆက်စဉ်းစားလိုက်ရင် ဒီပြဿနာ ဘယ်မျှကြီးမား တယ်ဆိုတာ ရှင်းနေပါတယ်။

ဘာတွေဆက်ဖြစ်နိုင်တယ်ဆိုတာကို တွေးတတ်သူတိုင်း တွေးပူမိကြမှာပါ။

အခုတော့ ဒီနိုင်ငံမှာ မြေအများစုကြီးဟာ နအဖစစ်ဗိုလ်တွေနဲ့ သူတို့ အသိုင်းအဝိုင်းတွေဆီမှာ စုနေပါပြီ။ ဒါ့အပြင် သူတို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကောင်းမှုကြောင့် နောင်မှာလည်း အများကြီး သူတို့လက်ထဲရောက်ဖို့ ရှိနေပါသေး

တယ်။ ဒါကြောင့် အခုအခါ ဗမာပြည်မှာ ဘယ်သူဟာ အကြီးဆုံး မြေရှင်လည်းလို့မေးလာရင် နအဖ စစ်အုပ်စုလို့ပဲ ပြောရတော့မှာပါ။

## ဝါရင့် ရှမ်းနိုင်ငံရေးသမားကြီးက ၂၀၁၀ အရေး လှည့်လည်ဆွေးနွေး

အင်တာဗျူး

နန်းဒေဝီ

ကြာသပတေးနေ့၊ မေလ 14 2009 22:47 - မြန်မာစံတော်ချိန်

နယူးဒေလီ (မဇ္ဈိမ)။ ။ ရှမ်းပြည် ဝါရင့် နိုင်ငံရေးသမားကြီး ဦးရွှေအုံးသည် ၂၁ ရက်ခန့် ကြာမြင့်ခဲ့သည့် ရှမ်းပြည်နယ် ခရီးစဉ်တခု သွားရောက်ခဲ့ပြီး ဒေသတွင်းရှိ နိုင်ငံရေးပါတီ၊ လူမျိုးစု ခေါင်းဆောင်များနှင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ဝင်ရောက်ရေးအတွက် ပဏာမ ဆွေးနွေးမှုများကို မကြာသေးခင်က ပြုလုပ်ခဲ့သည်။

"မပြိုကွဲနိုင်သော ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့" ဟူသည့် စာအုပ်ကို ရေးသားခဲ့သူ အသက် ၈၆ နှစ်အရွယ် ဦးရွှေအုံးသည် ယခင်က ရှမ်းပြည်နယ် လူမျိုးစုများပါတီ အမည်ဖြင့် ပါတီဖွဲ့စည်းခဲ့ဖူးကာ ယခုအခါတွင် 'ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ်အဖွဲ့' ပါတီအမည်ဖြင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည်။

သူ့ခရီးစဉ် အခြေအနေများကို ပိုမို သိရှိနိုင်ရန်အတွက် မဇ္ဈိမသတင်းထောက် နန်းဒေဝီက ဆက်သွယ်မေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။

မေး။ ။ ဘယ်ဒေသတွေကို ရောက်ခဲ့ပါသလဲ။

ဖြေ။ ။ ရှမ်းပြည် တောင်ပိုင်း၊ မြောက်ပိုင်း၊ အတိအကျပြောရမယ်ဆိုရင် တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ မန္တလေး၊ လားရှိုးတို့ကို သွားတာပါ။ မေလ ၅ ရက်ကနေ ၂၆ ရက်နေ့အထိ ကြာပါတယ်။ ကျနော်တယောက်ထဲ သွားတာပါ။

မေး။ ။ ခရီးစဉ်ရည်ရွယ်ချက်လေး ပြောပြပါလား။

ဖြေ။ ။ မကြာခင် ပါတီထောင်ဖို့ ကျနော်တို့ စီစဉ်ထားတာ ရှိတယ်။ ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ်အဖွဲ့ ဆိုတာ လုပ်ထားတယ်။ အဲဒါ ပါတီထောင်ခွင့် ဥပဒေကျလာတော့မှ တကယ်လုပ်ရမှာ။ အခုတော့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ သွားတာပါ။

မေး။ ။ ဘယ်အဖွဲ့အစည်းတွေနဲ့ တွေ့ခဲ့လဲရှင့်။ ဝ အဖွဲ့အစည်းတွေနဲ့လည်း တွေ့ခဲ့တယ်လို့ ကြားပါတယ်။

ဖြေ။ ။ ဝ အဖွဲ့တွေနဲ့လည်း တွေ့ပါတယ်။ တောင်ပိုင်းမှာတော့ ပအိုဝ်၊ အင်းသူ၊ အင်းသား၊ မြောက်ပိုင်းရောက်တော့၊ ဝ၊ လားဟူ၊ ကိုးကန့်ရယ် တွေ့ဆုံခဲ့ပါတယ်။ အခုတော့ ကျနော် ဘာမှ အလုပ်လုပ်ဖို့ သွားတာ မဟုတ်ဘူးလေ။ မကြာခင်လုပ်မယ့် လုပ်ငန်းတွေအတွက် ကြိုတင် ပဏာမ တွေ့တာပေါ့။ မတွေ့တာလည်း ကြာပြီဆိုတော့ တွေ့ရင်း၊ လုပ်ငန်းတွေ လုပ်တဲ့အခါမှာ အဆင်သင့်ဖြစ်အောင် ဆွေးနွေးထားတာပါ။

မေး။ ။ ခရီးစဉ်အပေါ် အားရကျေနပ်မှုကရောရှင့်။

ဖြေ။ ။ မမျှော်မှန်းနိုင်တဲ့ အဖြေတွေရခဲ့တယ်။ အဓိပ္ပာယ်က သူတို့နဲ့ အဆက်အသွယ်ပြတ်နေတာ ကြာပြီလေ။ တွေ့တဲ့အခါကျတော့ အကုန်လုံးက ရင်းရင်းနှီးနှီးနဲ့ မကြာခင် ပြန်ပြီး လုပ်ဖို့အတွက်၊ ကျနော်တို့ အုတ်မြစ်ချနိုင်ဖို့အတွက် အဆက်အသွယ်တွေ၊ နားလည်မှုတွေ ရရှိလာပါတယ်။

မေး။ ။ ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ် ပါတီထဲကို ဝင်ရောက်လုပ်ကိုင်ကြဖို့ တွေ့ခဲ့တဲ့ လူတွေက သဘောတူကြရဲ့လားရှင့်။ သဘောထားကွဲလွဲမှုတွေရော ရှိသလား။

ဖြေ။ ။ အားလုံးက သဘောတူပါတယ်။ အခြေအခံအရ အားလုံးက လက်ခံပါတယ်။ သဘောထားကွဲလွဲတာတွေ၊ ဆန့်ကျင်တာတွေ မရှိပါဘူး။

မေး။ ။ တွေ့ဆုံခဲ့တဲ့ လူမျိုးစု အဖွဲ့အစည်းတွေက အထူးတောင်းဆိုချက်တွေ၊ တင်ပြချက်တွေ ရှိသလားရှင့်။

ဖြေ။ ။ ဒီအချိန်မှာတော့ အထူးတင်ပြချက်တွေ မရှိသေးပါဘူး။ ကျနော်တို့က ပဏာမ လုပ်တာပဲ ရှိသေးတာကိုး။ အဲဒီတော့ ပါတီထောင်ခွင့် ဥပဒေ

ကျလာလို့ရှိရင် စလုပ်ကြရအောင်လို့ ပဏာမ လုပ်တာပါ။ နားလည်မှုယူတုန်း အချိန် ဖြစ်ပါသေးတယ်။

မေး။ ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ တွေ့ခဲ့တာမျိုးရော ရှိခဲ့လားရှင်။

ဖြေ။ ။ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ မတွေ့ဆုံခဲ့ပါဘူး။ ဝ အဖွဲ့နဲ့ တွေ့တယ်ဆိုတာက မြို့ပေါ်မှာရှိတဲ့ မြေပေါ် အဖွဲ့အစည်းတွေနဲ့ တွေ့တာပေါ့။ ဝ ပြည် သွေးစည်းညီညွတ်ရေးအဖွဲ့နဲ့ တွေ့တယ်။ လားရှိုးမှာရှိတဲ့ ဌာနချုပ်မှာ သူတို့ကို တွေ့ခဲ့တာ။

မေး။ ။ ဝ အဖွဲ့ခေါင်းဆောင် ဘယ်သူတွေနဲ့ တွေ့ခဲ့တာလဲ။ ဘာတွေ ဆွေးနွေးဖြစ်လဲရှင့်။

ဖြေ။ ။ ဖိလစ်စံနဲ့ တွေ့ခဲ့တာပါ။ ဝ လက်ကိုင်အဖွဲ့တွေနဲ့ ကျနော် တိုက်ရိုက်မတွေ့ခဲ့ပါဘူး။ ကျနော်တွေ့တာက နိုင်ငံရေး အဖွဲ့အစည်းတွေနဲ့ တွေ့တာပါ။ နိုင်ငံရေးပါတီ ထောင်ခွင့်ရလို့ရှိရင် ကျနော်တို့ အတူပူးတွဲဆောင်ရွက်ဖို့အတွက် ပဏာမ ပြောခဲ့တာပါ။ တခြား ထူးထူးခြားခြား မရှိပါဘူး။

မေး။ ။ တွေ့ဆုံခဲ့တဲ့ လူမျိုးစု အဖွဲ့အစည်းတွေက စစ်အစိုးရ ရေးဆွဲခဲ့တဲ့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ ပတ်သက်ပြီး ထောက်ပြဆွေးနွေးတာမျိုး ရှိခဲ့လား။ အဲဒီအပေါ် သဘောထားကွဲလွဲတာမျိုးရော။

ဖြေ။ ။ ဖွဲ့စည်းပုံကို အားလုံးလက်ခံကြပါတယ်။ အဲဒီအပေါ် သဘောထားကွဲလွဲချက် ဘာမှမရှိပါဘူး။ အငြင်းပွားတာ မရှိပါဘူး။

မေး။ ။ လတ်တလော ဖြစ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်တဲ့ အခြေအနေကိုရော ဘယ်လို မြင်လဲရှင့်။

ဖြေ။ ။ အဲဒါက ကျနော် ဘာမှမသိသေးဘူး။ သတင်းစာထဲပါတဲ့ အတိုအစလောက်ပဲ သိပါတယ်။ ကျန်တာ ဘာမှ အသေအချာ မသိပါဘူး။ ဒါကြောင့် ဘာမှ သုံးသပ်ချက် မပေးနိုင်သေးပါဘူး။

## ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မြန်မာပြည် လာရောက်မည်

မိုးသူ
ကြာသပတေးနေ့၊ မေလ 14 2009 14:34 - မြန်မာစံတော်ချိန်

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး မစ္စ ဒီပူး မိုနီသည် မြန်မာနိုင်ငံသို့ ၄ ရက်ကြာ ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ယနေ့ ညနေပိုင်းတွင် ရောက်ရှိလာမည် ဖြစ်သည်။

ယခုလ ၁၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကြာမြင့်မည့် ခရီးစဉ်အတွင်း သူသည် မြန်မာစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို တွေ့ဆုံမည်ဖြစ်ကြောင်း သံတမန်အသိုင်းအဝိုင်း အဆိုအရ သိရခြင်းဖြစ်သည်။

"သူတို့တွေ မြန်မာအစိုးရရဲ့ နယ်စပ်ခြံစည်းရိုးကာတဲ့ ကိစ္စလည်း ပြောလိမ့်မယ်" ဟု သံတမန် သတင်းရပ်ကွက်က ပြောသည်။

ဘင်္ဂလား-မြန်မာ ဆက်ဆံရေး တိုးမြှင့်ရန် အပါအဝင် နှစ်နိုင်ငံအကြားရှိ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု ပြဿနာများ ဖြေရှင်းရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ် ကဏ္ဍများကို ဆွေးနွေးသွားမည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဒေဝူးကော်ပိုရေးရှင်းက ဒေသတွင်းရှိ သဘာဝဓာတ်ငွေ့တွင်း၌ စမ်းသပ်တူးဖော်မှုပြုရာမှ နှစ်နိုင်ငံ ရေပိုင်နက် အငြင်းပွားမှု ဖြစ်ပွားခဲ့ကာ၊ နှစ်နိုင်ငံ ရေတပ်အကြား တင်းမာခဲ့ရသေးသည်။

ဤဖြစ်ရပ်နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်၏ အဆင့်မြင့် နိုင်ငံခေါင်းဆောင်တဦး၏ ပထမဆုံး ခရီးစဉ် ဖြစ်သည်။

## ဦးရဲထွန်း စင်္ကာပူတွင် ဆေးကုသမှုခံယူ

မဇ္ဈိမသတင်းဌာန
ကြာသပတေးနေ့၊ မေလ 14 2009 14:27 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ ရွေးကောက်ပွဲဝင်ရန် နိုင်ငံရေးပါတီ ထောင်လိုသူ တဦးဖြစ်သော ဦးရဲထွန်းသည် စင်္ကာပူနိုင်ငံတွင် ဆေးကုသမှု ခံယူလျက်

ရှိသည်။

Pancytopenia ခေါ် သွေးဖြူဥ၊ သွေးနီဥ လျော့ပါးကျဆင်းသော ဝေဒနာ ခံစားနေရ၍ အသက် ၇၃ နှစ်အရွယ် ဦးရဲထွန်းသည် စင်္ကာပူနိုင်ငံသို့ မေလ ၃ ရက်နေ့က ရောက်ရှိကာ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ပြသနေရသည်ဟု သူက မဇ္ဈိမသို့ ဆက်သွယ် ပြောကြားခဲ့သည်။

သို့သော် သူ့အနေဖြင့် ကျန်းမာသန်းစွမ်းလျက်ရှိပြီး "သေဖို့ အများကြီး လိုသေးတယ်။ " ဟု ပြောသည်။

ထို့အပြင် ယူဒီပီ ခေါ် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ၏ ခေါင်းဆောင်တဦးဖြစ်သော ကနေဒါ အခြေစိုက် ဦးကျော်မြင့်၏ အထောက်အပံ့ဖြင့် သူသည် ဆေးကုသမှု ခံယူနေသည်ဟု ကောလာဟလများ ထွက်နေကြောင်းနှင့် လုံးဝ အခြေအမြစ်မရှိဟုလည်း ယတိပြတ် ငြင်းဆိုလိုက်သည်။

ဦးကျော်မြင့်နှင့် ဆက်ဆံရေး အခြေအနေကို မေးမြန်းရာ ယတိပြတ်ပြောဆိုရန် ရှောင်လွှဲခဲ့ပြီး လမ်းခွဲလျှင် "မေတ္တာနဲ့ ကွဲချင်တယ်။ ရန်သူအဖြစ် မကွဲချင်ဘူး" ဟု သူက ပြောသည်။

"သူ့မှာ ရှင်းရမှာတွေ ရှိနေသေးတယ်" ဟု သူက ထပ်လောင်းပြောသော်လည်း အသေးစိတ်ကို ဖြေရန် ငြင်းဆိုသွားသည်။

သို့သော် ပါတီထောင်၍ ၂၀၁၀ တွင် စစ်အစိုးရက ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲဝင်ဖို့ကိုတော့ ဆက်လက် လုပ်ဆောင်သွားမည်ဟု သူက ပြောသည်။

"မိသားစုတွေ ကျန်းကျန်းမာမာနဲ့ တနေ့ ထမင်းနှစ်နပ်ကို အလင်းရောင် အောက်မှာ ပျော်ပျော်ရွှင်ရွှင် စားနိုင်ဖို့ ပါတီထောင် ရွေးကောက်ပွဲဝင်မှာပါ" ဟု မြန်မာ့ နိုင်ငံရေးနယ်ပယ်တွင် ပြစ်တင် ဝေဖန်ခံရမှုနှင့် အမြဲတစေ တွဲဖက်နေတတ်သည့် ဦးရဲထွန်းက ပြောသည်။

## အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကြေညာချက်

ကြာသပတေးနေ့၊ မေလ 14 2009 14:28 - မြန်မာစံတော်ချိန်

နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ ဖြင့် မြန်မာစစ်အစိုးရက ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့ တရားစွဲဆိုသည့်အပေါ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ကန့်ကွက်ကြောင်း ထုတ်ပြန်သည့် ကြေညာချက်ကို တင်ပြလိုက်ပါသည်။

ကြေညာချက်ကို ဦးအုန်းကြိုင် (ဗဟို သုတေသနအဖွဲ့၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်) က ဖတ်ကြားပြခဲ့ခြင်း ဖြစ်ပါသည်။

**အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်**

ကြေညာချက်။ ၈/၀၅/၀၉

ရက်စွဲ - ၁၄၊ မေ၊ ၂၀၀၉ ခုနှစ်။

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် တဦးဖြစ်ပါသည်။ ထို့အပြင် အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် မူလကနဦး စတင်ကြိုးပမ်းခဲ့သူဖြစ်ပြီး၊ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးကို အစဉ်တစိုက် ကြိုးပမ်းနေသူ ဖြစ်ပါသည်။ နိုင်ငံရေးအရ အပေးအယူပြုလုပ်သည့် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသူ ဖြစ်ပါသည်။

ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများက မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင် လုပ်ဆောင်ကြရန် တွေ့ဆုံဆွေးနွေးရေးမှတဆင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရန်အတွက် တိုက်တွန်းနှိုးဆော်လျက် ရှိပါသည်။

သို့ပါလျက် အာဏာပိုင်တို့က နေအိမ်အတွင်း ထိန်းသိမ်းထားခြင်းမှ အပြီးအပြတ် လွတ်ရက်စေ့ခါနီးနေသော ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ရခြင်း မရှိပါဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ နောက်ဆုံး အင်းစိန်ထောင်အတွင်းရှိ လုံးချင်း အိမ်တအိမ်၌ ထားရှိသည်ဟု ကြားသိရပါသည်။

ယင်းအမှုကို ၂၀၀၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် စတင်စစ်ဆေးမည် ဖြစ်ပါသည်။

ထို့ကဲ့သို့ တရားစွဲဆိုခြင်းမှာ မလုပ်သင့်၊ မလုပ်ထိုက်သောကြောင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

၁၄ ရက်၊ မေလ ၂၀၀၉ ခုနှစ်တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ -

(ဗဟိုအလုပ်အမှုဆောင်)
အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်

## Mr. John William Yettaw ၏ ကိုယ်ရေးအကျဉ်း

မဇ္ဈိမသတင်းဌာန

ကြာသပတေးနေ့၊ မေလ 14 2009 12:35 - မြန်မာစံတော်ချိန်

| | | |
|---|---|---|
| ၁။ | အမည် | Mr. John William Yettaw |
| ၂။ | အခြားအမည် | မရှိပါ |
| ၃။ | အသက်မွေးသကရာဇ် | ၆-၉-၁၉၅၅ |
| ၄။ | လူမျိုး | အမေရိကန်လူမျိုး |
| ၅။ | အရပ်အမြင့် | ၅ ပေ ၁၀ လက်မ |
| ၆။ | ကိုယ်အလေးချိန် | ပေါင် ၂၂၀ |
| ၇။ | မွေးဖွားရာဇာတိ | Detroit Michigan |
| ၈။ | မှတ်ပုံတင်အမှတ် | p.p N0- 439767722-24-8-2008 EV - T (တိုးရစ်ဗီဇာ) |
| ၉။ | ပညာအရည်အချင်း | PHD (psychology)တက်ရောက်ဆဲ |
| ၁၀။ | အလုပ်အကိုင် | student Clinical Psychology Forest Institute |
| ၁၁။ | နေရပ်လိပ်စာ | 31158 Deta Road Falcon Missouri (65470) |
| ၁၂။ | မိဘအမည် | (ဘ) Jerome William Yettaw (Engineer 1983 ကွယ်လွန်) |
| ၁၃။ | ဇနီးအမည် | Betty Yettaw (မှီခို) |
| | အလုပ်အကိုင် | |
| | နေရပ်လိပ်စာ | အတူနေ |
| ၁၄။ | ပါဝင်ခဲ့သည့် အဖွဲ့အစည်း | စစ်မှုထမ်းနှစ်နှစ် လုပ်ကိုင်ခဲ့သည် |

မြန်မာ့အလင်းသတင်းစာမှ ကူးယူဖော်ပြသည်။

## နယ်ခြားစောင့်တပ်အရေး ကချင်က ဘယ်လို သဘောထားလဲ

အင်တာဗျူး

မေကျော်

ဗုဒ္ဓဟူးနေ့၊ မေလ 13 2009 17:13 - မြန်မာစံတော်ချိန်

ချင်းမိုင် (မဇ္ဈိမ)။ ။ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းကာ တိုင်းပြည်တွင် တခုတည်းသော တပ်မတော်အဖြစ် မြန်မာစစ်တပ်နှင့် ပူးပေါင်းရေးအတွက် ကချင်လူထုထံ သဘောထား ရယူရန် လိုအပ်သည်ဟု ကချင် လွတ်မြောက်ရေးအဖွဲ့ - KIO က ပြောဆိုသည်။

မြန်မာစစ်အစိုးရ၏ ပြီးခဲ့သည့်လ ၂၈ ရက်နေ့က ကမ်းလှမ်းချက်အပေါ် ကချင်ပြည်နယ် အသွင်ကူးပြောင်းရေး ကာလ အမှုဆောင် ဥက္ကဋ္ဌ၊ KIO ၏ ဒုတိယ ဥက္ကဋ္ဌ (၂) ဒေါက်တာ တူးဂျာက ယခုလို တုံ့ပြန်ပြောဆိုခြင်း ဖြစ်သည်။

ယခုအခါ အဆိုပါ နယ်ခြားစောင့်တပ် အရေးကိစ္စအတွက် KIO အနေဖြင့် ဗဟိုကော်မတီ အစည်းအဝေး ကျင်းပကာ ဆွေးနွေးညှိနှိုင်းလျက် ရှိကြောင်းလည်း သိရသည်။

KIO ၏ သဘောထားအမြင်များကို အသေးစိတ် သိရှိနိုင်ရန်အတွက် ဒေါက်တာ တူးဂျာထံ မဇ္ဈိမသတင်းထောက် မေကျော်က ဆက်သွယ်မေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။

KIO က နယ်ခြားစောင့်တပ်အဖြစ် ကူးပြောင်းဖို့ ပြင်ဆင်နေပြီလား။

သူတို့ (စစ်အစိုးရ) က ပြောတာပါ။ ကျနော်တို့ KIO အနေနဲ့ကတော့ ဆွေးနွေးရအုံးမယ်လေ။ KIO ခေါင်းဆောင်တွေ၊ ရပ်မိရပ်ဖတွေ အားလုံး အကျေအလည် ဆွေးနွေးပြီးတော့မှ ဒီကိစ္စကို ဆုံးဖြတ်ရမှာပါ။

ဘယ်အချိန်ကများ စပြီး စစ်အစိုးရက ပြောနေတာပါလဲ။

ပြီးခဲ့တဲ့ ဧပြီလ ၂၈ရက်နေ့မှာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးဝင်းက KIO အဖွဲ့ချုပ် ဥက္ကဋ္ဌနဲ့ အဖွဲ့ကို ဖိတ်ခေါ်ပြီးတော့မှ ဆွေးနွေးတယ်။ အဲဒီဆွေးနွေးပွဲမှာ အစိုးရက စီစဉ်ထားတဲ့ဟာကို ခေါ်ပြောတယ်။ ဒီဟာကို ရှင်းပြတယ်။ အဲဒီလို ၂၈ ရက်နေ့က တိုင်းမှူးက သူတို့ဘက်က စီစဉ်ထားတဲ့ဟာကို ရှင်းပြတယ်။ KIO ဥက္ကဋ္ဌနဲ့ အဖွဲ့က ဘာသဘောထား မှတ်ချက်မှ တိုင်းမှူးကို မပြောခဲ့နိုင်ဘူးလေ။ အဲဒီနေ့ အစည်းအဝေးက အဲလိုနဲ့ ပြီးသွားတာပေ့ါ။ အဲဒီနောက်ပိုင်းမှာ KIO အဖွဲ့ကြီးက ဗဟိုကော်မတီ လူကြီးတွေကို အစည်းအဝေး ခေါ်ပြီးတော့မှ ဘယ်လို လုပ်ကိုင်ဆောင်ရွက်မလဲဆိုတာကို အကျေအလည် ညှိနှိုင်းဖို့ ပြင်ဆင်နေကြပါတယ်။ အခု ဗဟိုကော်မတီ စည်းဝေးပွဲ ထိုင်နေပါတယ်။

အခု ဗဟိုကော်မတီ အစည်းအဝေးက ဘာကို အဓိကထား ဆွေးနွေးနေတာပါလဲ။

အဓိက ကတော့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး ကိစ္စကို ဆွေးနွေးနေပါတယ်။

နယ်ခြားစောင့်တပ်များ လုပ်ဖြစ်မယ်ဆိုရင် လက်ရှိ KIO တပ်အင်အားနဲ့ရော အဆင်ပြေမလား။

ဒီဟာကတော့ တပ်အင်အားကို ဘယ်လိုဘယ်လို ကန့်သတ်တယ်ဆိုတာကို ဘာမှ မပြောသေးဘူး။ တကယ် လုပ်ဖြစ်သွားရင်တောင်မှ အချင်းချင်း အကျေအလည် ညှိနှိုင်းပြီးတော့မှ ဒါ လက်တွေ့ လုပ်ဆောင်သွားရမယ့် ဟာလေ။ တပ်အသွင်ကူးပြောင်းရေး တကယ်လို့သာ သဘောတူသွားကြပြီ ဆိုရင်တော့ လက်တွေ့ လုပ်ဆောင်ဖို့ အပြန်အလှန်တော့ ညှိနှိုင်းဖို့တော့ လိုအပ်အုံးမယ်လို့တော့ KIO လူကြီးတွေက သုံးသပ်ကြပါတယ်။

နယ်ခြားစောင့် တပ်အဖြစ် အသွင်ကူးပြောင်းဖို့ ဖြေရှင်းရမယ့် အခက်အခဲတွေ ရှိပါသလား။

အခုချိန်အခါမှာတော့ အစိုးရနဲ့ အဖွဲ့အစည်းကြား ဆွေးနွေးရမယ့် အလှည့်အပြောင်း၊ အချိုးအကွေ့တခုတော့ ရောက်နေတယ်လို့တော့ ပြောလို့ရတယ်လေ။ လက်တွေ့ကျကျ လုပ်ဆောင်နိုင်ဖို့ကတော့ အများကြီး အချိန်ယူပြီးမှ ညှိနှိုင်းဆွေးနွေးပြီးတော့မှ လုပ်ကိုင်ကြရမှာ ဖြစ်တယ်။ ဆွေးနွေးချင်တဲ့ ဆန္ဒ ကျနော်တို့ဘက်မှာ ရှိပါတယ်။ KIO က ကိုယ့်အမျိုးသားအတွက်၊ ကိုယ့်ဒေသအတွက် အနစ်နာခံ လုပ်ဆောင်လာခဲ့တဲ့ အဖွဲ့ပဲလေ။ ဒီကိစ္စကို အသေးအမွှား သဘောမထားဘဲနဲ့ အရေးကြီးတဲ့ ကိစ္စဖြစ်တယ်ဆိုတာ လက်တွေ့လုပ်ဆောင်ရမယ့်ဟာ တခုဖြစ်တဲ့အတွက် ညှိနှိုင်းပြီး လုပ်ငန်းကို စရမှာပေ့ါလေ။ ဒီကိစ္စက မူအားဖြင့် လက်ခံသင့်တဲ့ အနေအထားလို့တော့ KIO လူကြီးတွေက လက်ခံထားပါတယ်။ ဒါပေမယ့် လက်တွေ့လုပ်ဆောင်ရမယ့် အပိုင်းမှာတော့ အများကြီး ဆွေးနွေးညှိနှိုင်းရမယ်။

နယ်ခြားစောင့် တပ်ဖွဲ့အနေနဲ့ ထားမယ်ဆိုရင် KIO ကို ဘယ်ဒေသတွေမှာ ထားမလဲ။

အတိအကျတော့ မရှိသေးဘူး။ အစိုးရဘက်ကလည်း ပြောတာတော့ မရှိသေးဘူး။ ဒါပေမယ့် နယ်စပ်ဒေသတွေမှာတော့ ဖြစ်မယ်ထင်တယ်။ နိုင်ငံတကာရဲ့ ဥပဒေအရပေ့ါ။ နယ်ခြားစောင့်တပ်တွေက နယ်စပ်ကနေ ဘယ်လောက်အကွာအဝေးမှာ တပ်ချနိုင်တယ်။ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်။ အဲဒီအတိုင်း လုပ်ဆောင်သွားကြရန် လိုတယ်။

လက်ရှိ KIO တပ်အင်အားက ဘယ်လောက်များ ရှိပါသလဲ။

အဲဒါတော့ အတိအကျ ပြောလို့မရဘူး။ ကျနော်လည်း အတိအကျ မသိဘူးဗျ။ ကျနော်က တပ်နဲ့ နည်းနည်း ကင်းကွာနေတယ်။

တလောက ဗိုလ်ချုပ်သိန်းစိန် မြစ်ကြီးနား သွားပါတယ်။ အဲဒီကိစ္စများ ဆွေးနွေးကြပါသေးသလား။

ဝန်ကြီးချုပ် ကချင်ပြည်နယ် လာတဲ့ အချိန်မှာ မတွေ့ဖြစ်ပါဘူး။ သူက တခြားလုပ်ငန်းစဉ် အနေနဲ့ လာရောက်တာ ဖြစ်ပါတယ်။

ဒေါက်တာ တူးဂျာအနေနဲ့ ဒီနယ်ခြားစောင့် တပ်ဖွဲ့ အဖြစ်လုပ်ဖြစ်သွားမယ်လို့ ထင်ပါသလား။  ဘယ်လိုများ သုံးသပ်လို့ရပါသလဲ။

အခု အချိန်အခါမှာ တိုင်းပြည်ရဲ့လက်ရှိ အနေအထားအရ အလေးအနက်ထား စဉ်းစားရမယ့် ကိစ္စရပ်တခု ဖြစ်တယ်လို့တော့ ကျနော် မြင်ပါတယ်။ ပေါ့ပေါ့ဆဆတော့ ကျနော်တို့ ကြည့်လို့ မရဘူး။ အလေးအနက်ထား စဉ်းစားပြီးတော့မှ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် လုပ်ရမှာပါ။ အသွင်ကူးပြောင်းရေး ကိစ္စကို စဉ်းစားတဲ့ ကိစ္စမှာလည်း အလျှော့အတင်း၊ အပေးအယူနဲ့ တကယ့် ငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်နိုင်တဲ့ အနေအထားမျိုး ဖြစ်လာအောင် တိတိကျကျတော့ ဆောင်ရွက်ရမှာပဲ။ ဒါကြောင့်မို့ ကျနော်တို့ နိုင်ငံရဲ့ အနေအထားအရ KIO တခုထဲသာမက တခြား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေ အားလုံးပါ။

အစိုးရရဲ့ အစီအမံမှာကတော့ အသွင်ကူးပြောင်းရေးနဲ့ ဒီပြဿနာတွေ ရှင်းသွားဖို့ဆိုတဲ့ အနေအထားပါ။ ဒါကြောင့်မို့ ဒီလို အခန်းကဏ္ဍမှာ အလေးအနက် စဉ်းစားပြီး အကောင်းဆုံး အဖြေထုတ်သွားနိုင်ဖို့တော့ လိုအပ်ပါတယ်။ တဖက်သတ် မဟုတ်ဘဲနဲ့ နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်း၊ ရှင်းရှင်းလင်းလင်း ပူးပေါင်းအဖြေထုတ်နိုင်ရင် ဒါက အကျိုးရှိလာမယ်လို့ မြင်ပါတယ်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေက နယ်ခြားစောင့်တပ်ဖွဲ့တွေ ဖြစ်လာမယ်ဆိုရင် တကယ်ကို တခုတည်းသော တပ်မတော် ဖြစ်လာမယ်လို့ရော ယုံကြည်လို့ ရမလား။

နယ်ခြားစောင့်တပ် အဖြစ်ပြောင်းလိုက်ပြီ ဆိုကတည်းက အုပ်ချုပ်မှုတခုထဲ အောက်ကို ရောက်သွားပါပြီ။ တပ်မတော် တခုထဲရဲ့ အောက်ကို ရောက်သွားပါပြီ။ တပ်မတော်ရဲ့ အကိုင်းအခက်တခု ဖြစ်သွားမယ်။ ဒါကြောင့်မို့ တိုင်းပြည်မှာ တပ်မတော် တခုထဲရှိတယ်ဆိုတဲ့ သဘောပါပဲ။

KIO အနေနဲ့ နယ်ခြားစောင့်တပ်အဖြစ် ပြောင်းဖို့၊ မပြောင်းဖို့မှာ တခြား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေနဲ့ရော ညှိနှိုင်းမလား၊ ဒါမှမဟုတ် စစ်အစိုးရ တခုထဲနဲ့ပဲ ညှိနှိုင်းမလား။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေဆိုတာက ဘဝတူချင်းလည်း ဖြစ်တယ်ဆိုတော့ ဆွေးနွေးနိုင်ရင်တော့ ကောင်းတယ်။ ဒါပေမယ့် အခြေအနေအရပဲ ဖြစ်ပါမယ်။ ဒါကတော့ အခြေအနေအရ ဆွေးနွေးမှုတွေ မလုပ်နိုင်သည့် တိုင်အောင် သဘောထားတွေတော့ ကွဲပြားလိမ့်မယ်လို့ ကျနော် မထင်ပါဘူး။

ဒီဟာနဲ့ ပတ်သက်လို့ကတော့ အခြေအနေအရပဲ ကျနော်တို့ လုပ်ကြရမှာ။ အဓိက ကတော့ ကိုယ့်အဖွဲ့အစည်းထဲမှာ အကျေအလည် ဆွေးနွေးပြီးတော့ပဲ ကိုယ့်ရဲ့ အမျိုးသားထုနဲ့ လူကြီးပိုင်းကနေပြီးတော့ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီးတော့မှ လုပ်ဆောင်ရမှာပါ။

KIO အနေနဲ့ နယ်ခြားစောင့် တပ်ဖွဲ့အဖြစ် အသွင်ကူးပြောင်းရေး၊ မကူးပြောင်းရေးမှာ ကချင်လူထုရဲ့ သဘောထား မှတ်ချက်ကိုများ ကောက်ယူအုံးမလား။

ဒီဟာကတော့ လိုအပ်ပါလိမ့်မယ်။ လိုအပ်မှာပါ။ ဘာကြောင့်လဲဆိုတော့ KIO ဆိုတာက ကချင်အမျိုးသားများရဲ့ ကောင်းရာကောင်းကြောင်း လုပ်ဆောင်နေတဲ့ အဖွဲ့၊ လှုပ်ရှားနေတဲ့ အဖွဲ့အစည်းတခု ဖြစ်တယ်။ ကချင်လူထုကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းလည်း ဖြစ်တဲ့အတွက် အခုကိစ္စမှာလည်း ကချင်ပြည်သူ ပြည်သားတွေရဲ့ ဆန္ဒလည်း ပါရမှာပေါ့။ KIO ဗဟိုကပဲ ဆုံးဖြတ်ချက်ချလိုက်ရင် တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရမှာမဟုတ်ဘူး။

စစ်တပ်အပေါ်မှာရော ဆရာတို့အနေနဲ့ ယုံကြည်နိုင်ပါသလား။

ဒါကတော့ ကျနော်တို့က ဘာမဆို ညှိနှိုင်းဆွေးနွေးပြီး သွားကြရမှာပဲ။ ကျနော်ကတော့ ဘယ်ဟာမဆို အကောင်းမြင်ပါတယ်။ လုပ်ဆောင်တဲ့ နေရာမှာလည်း အပြုသဘောဆောင်ပါတယ်။ ဘယ်ကိစ္စမဆို၊ ဘယ်အရာမဆို လက်တွေ့ လုပ်ဆောင်ကြည့်မှသာ အဖြေက ထွက်လာမယ်။ ကိုယ့်အမျိုးသားတွေရဲ့ ကောင်းရာကောင်းကြောင်းကို လုပ်တာဆိုတော့ တွေ့ဆုံဆွေးနွေးတဲ့ အပေါ်မှာ အများကြီး ကြိုဆိုပါတယ်။

တွေ့ဆုံဆွေးနွေးမယ်ဆိုတော့ စစ်အစိုးရ ဘယ်သူတွေနဲ့များ တွေ့ဆုံဆွေးနွေးမလဲ။

ကျနော်တို့ဘက်က အဲလိုကန့်သတ်တာတော့ မရှိပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးဖို့ ဒီလောက်ပါပဲ။ ဘယ်ပုဂ္ဂိုလ် ဘယ်ရာထူးနဲ့မှ

တွေ့ဆုံဆွေးနွေးမယ်ဆိုတာ မကန့်သတ်ထားပါဘူး။

ကချင်လူထုရဲ့ သဘောထားမှတ်ချက်ကို ဘယ်လို ကောက်ယူဖို့များ စီစဥ်ထားပါသလဲ။

ဒီဟာကတော့ ကျနော်တို့ လက်လှမ်းမီသလောက်သာ လုပ်ဆောင်နိုင်မှာပါ။

ဒေါ်စုကို တရားစွဲပြီး အင်းစိန်ထောင်ပို့

14 May 2009

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် စည်းမျဉ်းချိုးဖောက်မှုနဲ့ ဒီနေ့ အင်းစိန်အကျဉ်းထောင် အထူးတရားရုံးကနေ တရားစွဲဆိုလိုက်တယ်လို့ သူ့ရဲ့ အကျိုးဆောင်ရှေ့နေက ပြောဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့အိမ်ကို အမေရိကန်နိုင်ငံသား ဂျွန် ဝီလျမ် ယက်တော (John William Yettaw) ဆိုသူ တိတ်တဆိတ် ဝင်ရောက်ခဲ့တာကြောင့် အပြင်လူ ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ရဘူးဆိုတဲ့ ကန့်သတ်ချက်ကို ချိုးဖောက်တာလို့ စွပ်စွဲပြီး ပုဒ်မ ၂၂ နဲ့ တရားစွဲဆိုတာ ဖြစ်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေ ဦးကြည်ဝင်းက ဗွီအိုအေကို ပြောပြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားတဲ့ သက်တမ်းကုန်ဆုံး ခါနီးမှာ ဒီလို တရားစွဲခံရတာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို ရေကူး ဝင်ရောက်ခဲ့တဲ့ ဂျွန် ဝီလျမ် ယက်တောရဲ့ လုပ်ရပ်ဟာ အရူးတယောက်လို မဆင်မခြင်လုပ်တဲ့ လုပ်ရပ်ဖြစ်တဲ့ အကြောင်း ရှေ့နေဦးကြည်ဝင်းက အပြစ်တင်လိုက်ပါတယ်။

အာဏာပိုင်တွေ ဖမ်းဆီးထားတဲ့ ဂျွန် ဝီလျမ် ယက်တောကို ရန်ကုန်ရှိ အမေရိကန်သံရုံး ကောင်စစ်ဝန်က မနေ့က တွေ့ဆုံခဲ့ပါတယ်။ သူ့ကို ဒီနေ့ရုံးထုတ်ပြီး ရှေ့သီတင်းပတ်မှာ ရုံးချိန်းရှိတယ်လို့ အမေရိကန်သံရုံး ပြောခွင့်ရသူ ရစ်ချတ် မေ (Richard Mei) က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖော်အဖြစ် စောင့်ရှောက်ပေးနေကြတဲ့ ဒေါ်ခင်ဝင်းနဲ့ သမီး မဝင်းမမတို့ကိုလည်း နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်တဲ့ဥပဒေကို ချိုးဖောက်တယ်ဆိုပြီး တရားစွဲဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ဒီလို တရားစွဲဆိုလိုက်တာကြောင့် သြစတြေးလျ နိုင်ငံခြား ရေးဝန်ကြီး စတီဗင် စမစ်သ် (Stephen Smith) ကလည်း စိုးရိမ်မကင်း ဖြစ်ရတယ်လို့ ဒီနေ့ အလေးအနက် ပြောဆိုလိုက်ပါတယ်။

အီးယူ ဥရောပသမဂ္ဂကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားတာ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းကို ထိန်းသိမ်း ထားတာတွေနဲ့ ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးနဲ့ ကျန်းမာရေးအတွက် မြန်မာအာဏာပိုင်တွေက အာမခံချက်ပေးဖို့ကိုလည်း မနေ့က တောင်းဆိုထားပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန် ဘရောင်း (Gordon Brown) က ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆိုတာနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း၊ ဒေါ်အောင်ဆန်း စုကြည်ကို စပြီး ဖမ်းဆီးထားကတည်းကိုက တရားမဝင်ကြောင်း၊ တရားမျှတမှုမရှိ ကြောင်း၊ ဒါ့ကြောင့် ထိန်းသိမ်းထားတာကို သက်တမ်းတိုးတာဟာလည်း ဘယ်လိုနည်း နဲ့မှ တရားသဖြင့်စီရင်တာ မဖြစ်နိုင်ဘူးလို့ ဒီနေ့ ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

သီရိလင်္ကာဆေးရုံ တိုက်ခိုက်ခံရမှု အရပ်သား ၅၀ဦး သေဆုံး

13 May 2009

သီရိလင်္ကာ မြောက်ပိုင်း စစ်ဖြစ်နေတဲ့ ဒေသမှာ တခုတည်း ကျန်နေတဲ့ စစ်ဆေးရုံကို ဒီနေ့ မော်တာ ကျည်ဆံ ထိမှန်ခဲ့တာ ကြောင့် လူနာ ၅၀ သေဆုံးခဲ့ရတယ်လို့ ဆေးရုံတာဝန်ကျ ဆရာဝန်က ပြောဆိုလိုက်ပါတယ်။ မနေ့က အလားတူ မော်တာ ကျည်ဆံ ထိမှန်ခဲ့လို့ လူနာ ၄၇ယောက် သေဆုံးခဲ့ရပြီး ဖြစ်ပါတယ်။

ICRC နိုင်ငံတကာ ကြက်ခြေနီ အဖွဲ့ရဲ့ ဝန်ထမ်းနဲ့ သူ့ရဲ့မိခင် ဖြစ်သူဟာလည်း အဲဒီမော်တာ ကျည်ဆံကြောင့် သေဆုံးခဲ့ရတယ် လို့ ICRC က ပြောဆိုလိုက်ပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုဟာ ဘယ်သူ့လက်ချက်လဲ ဆိုတာကိုတော့ ICRC က ထုတ်ဖော် ပြောဆိုခြင်း မရှိပါဘူး။ သီရိလင်္ကာ စစ်တပ်နဲ့ တမီလ် ကျားသူပုန်တွေရဲ့ တိုက်ပွဲတွေဟာ ၂၄ရက် ဆက်တိုက်ဆိုသလို ပြင်းထန် လွန်းလို့ ICRC က ဆေး ပစ္စည်းတွေ ဖြန့်ဖြူးဖို့ အခက်အခဲတွေ တွေ့နေရပါတယ်။ အဲဒီဒေသမှာ သီရိလင်္ကာ စစ်တပ်က လူဦးရေ ထူထပ်တဲ့ နေရာတွေမှာ လက်နက်ကြီးတွေ မသုံးဘူးလို့ ပြောထားပေမဲ့ ဂြိုလ်တု သတင်းဓာတ်ပုံတွေ အရ ကွဲလွဲနေတယ်လို့ HRW Human Right Watch လူ့အခွင့်အရေး စောင့်ကြည့်တဲ့ အဖွဲ့က ဝေဖန်လိုက်ပါတယ်။

## မန္တလေးမြို့တည် အနှစ် ၁၅၀ ပြည့်ပွဲကျင်းပ

THURSDAY, 14 MAY 2009 17:31 ရိုးမ ဥ

ယနေ့ကျရောက်သည့် မန္တလေးမြို့တည် နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ စည်ပင်သာယာခန်းမတွင် ဒီကနေ့ မနက်ပိုင်းက လူပေါင်း ၅၀၀ ကျော်ပါဝင်သည့် ဝန်းခင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း မန္တလေးမြို့သူမြို့သားများက ပြောသည်။

အဆိုပါမန္တလေးမြို့တည် နှစ် ၁၅၀ ပြည့်အထိမ်းအမှတ်ဖွင့်ပွဲတွင် မြို့မတေးဂီတအဖွဲ့၏ ငွေငန်းရုပ်နှင့် အလုပြကားအပါအဝင် စည်ပင်တေးဂီတနှင့် အလုပြအဖွဲ့၊ မာဃလုလင်အလုပြကားများလည်း ပါဝင်သည်။



မန္တလေးကျုံးနှင့် နန်းမြို့ရိုး (Photo: Wikipedia)

မြို့တော်ခမ်းမရှေ့က စည်ပင်သာယာရေးကော်မတီ အဆောက်အဦးအတွင်းတွင် ရွှေချည်ထိုး၊ ပန်းချီ၊ ပန်းပုနှင့် ဓါတ်ပုံပြပွဲ၊ ကုသိုလ်တော်ဘုရား တောင်ဘက်မုခ်တွင် မော်ကွန်းကဗျည်းကျောက်စာဖွင့်ပွဲ၊ ရွှေမန်းတောင်အားကစားကွင်းတွင် နှစ် ၁၅၀ ပြည့် ကုန်စည်ဈေးပွဲတော်နှင့် စာအုပ်ဈေးပွဲတော်များလည်း ဒီကနေ့ စတင်ဖွင့်လှစ် ခင်ကျင်းပြသကြောင်း မန္တလေးမြို့ခံများက ပြောသည်။

ဖျော်ဖြေရေးအတွက် ကုသိုလ်တော်ဘုရားအနီးတွင် သစ်လွင်၊ နင်းသပြေ၊ မြတရာ အငြိမ့်ပွဲနှင့် ရွှေမန်းတောင်အားကစားကွင်းတွင် မန္တလေး စင်တင်တေးဂီတအဖွဲ့ သုံးဖွဲ့က တညစီ အလှည့်ကျဖျော်ဖြေမည်ဖြစ်ပြီး မော်ကွန်းရုပ်ရှင်ထုတ်လုပ်ရေးမှ မန္တလေးကို နောက်ခံသည့် ဇာတ်ကားများ အခမဲ့ပြသမည်ဖြစ်သည်။

မန္တလေးမြို့သည် မြန်မာမင်းတို့ ထီးစိုက်နန်းစိုက်ခဲ့သည့် နောက်ဆုံးမြို့ဖြစ်ပြီး ကျုံးအပါအဝင် နန်းမြို့ရိုးတို့ဖြင့် အထင်ကရ တင့်တယ်နေဆဲ မြို့တမြို့ဖြစ်သည်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းရင်း မန္တလေးမြို့သည် အနှစ် ၁၅၀ ပြည့်မြောက်ခဲ့ပြီး အဆိုပါ နှစ် ၁၅၀ အတွင်း မန္တလာသူ မန္တလာသားများသည်လည်း နိုင်ငံရေး၊ စီးပွားရေး လူမှုရေး နယ်ပယ်အသီးသီး၏ စိန်ခေါ်မှုများနှင့် ဖြတ်သန်းရင်သန်ခဲ့ကြရပေသည်။

မန္တလေးမြို့တည် နှစ် ၁၅၀ ပြည့်မြောက်သည့်ပွဲသည် ကြီးတောင့်ကြီးခဲဖြစ်သော်လည်း မန္တလာသူမန္တလာသားအများစုအဖို့ စီးပွားရေး၊ လူမှုရေး အထွေထွေအကြပ်အတည်းများကြောင့် ပျော်ရွှင်နိုင်ခြင်းမရှိဟု သိရသည်။ မန္တလေးမြို့တည် နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်ပွဲကို သုံးရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

## ဖတ်မိမှတ်မိသမျှ ဥပဒေအပိုင်းအစများ (၂)

MONDAY, 11 MAY 2009 18:07 စောကျော်ကျော်မင်း

ယခင်ဆောင်းပါး အမှတ် (၁) ၌ ရဲများတွင်လည်း ၎င်းတို့လိုက်နာရမည့် 'ရဲဥပဒေ' ရှိသည်ဟု ဖော်ပြခဲ့ပြီးဖြစ်သည်။ ယနေ့ခေတ်ကာလတွင် မြန်မာနိုင်ငံရဲများ လိုက်နာကျင့်သုံးရမည့် ဥပဒေ အများအပြားရှိသည့်အနက် ၎င်းတို့နှင့် အနီးစပ်ဆုံး၊ အသက်ဆိုင်ဆုံး ဥပဒေတစ်ရပ်ကို ယခုဆောင်းပါးတွင် ဖော်ပြအပ်ပါသည်။

ယင်းဥပဒေမှာ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပြုလုပ်ပြဌာန်းလိုက်ခြင်း ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့(ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် "ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေ" ကို ၁၉၉၅ ခု၊ ဧပြီလ (၂၆) ရက်နေ့တွင် ပြုလုပ်ပြဌာန်းခဲ့သည်။

ယင်းဥပဒေ ပြဌာန်းလိုက်သည့်အချိန်က "ပြည်သူ့ရဲ" အဖြစ် ခေါ်ဝေါ်သုံးစွဲခဲ့သော်လည်း ယနေ့အချိန်တွင် "မြန်မာနိုင်ငံရဲ"အဖြစ် ပြောင်းလဲ ခေါ်ဝေါ်သုံးစွဲနေပြီဖြစ်သည်။ ယင်းဥပဒေ၏ ပုဒ်မ- ၂ ပြဌာန်းချက်အရ "ပြည်သူ့ရဲတပ်ဖွဲ့တွင် အမှုထမ်းနေကြသော ရဲတပ်ဖွဲ့ဝင်အားလုံးသည် မည်သည့်အရပ်၌ ရောက်ရှိနေစေကာမူ ဥပဒေကို လိုက်နာကြရမည်" ဟု ပြဌာန်းထားသည်မှာ အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြရန် မလိုအောင်ပင် ပေါ်လွင်လှပါသည်။

ယင်းဥပဒေ ပုဒ်မ - ၁၇(က)တွင် ဥပဒေအရ ဖမ်းဆီးခွင့်မရသော သူအား အကြောင်းမဲ့ဖမ်းဆီး ထားလျှင်၊ ချုပ်နှောင်ထားလျှင် (သို့မဟုတ်) ထိုသူ၏အမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဆိုင်ရာ အာဏာပိုင်များထံ တင်ပြရန် ပျက်ကွက်လျှင် ...... ဟု ပြဌာန်းထားသည်။

ပုဒ်မ - ၁၇(ဆ)တွင် အကျဉ်းသား၊ အချုပ်သား (သို့မဟုတ်) ဖမ်းဆီးထားသူတစ်ဦးအား ရိုက်ပုတ်လျှင် (သို့မဟုတ်) အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင် ...... ဟု ပြဌာန်းထားပြီး ယင်းပြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ပါက ၃ နှစ်ထိ ထောင်ဒဏ်ကျခံစေရမည်ဟု အတိအလင်း ဖေါ်ပြထားသည်။

အထက်ဖေါ်ပြချက်များကို လေ့လာပါက နိုင်ငံသားတစ်ဦးအတွက် အကြောင်းမဲ့ ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်၊ ချုပ်နှောင်ခံထားရခြင်းမှ ကင်းလွတ်ခွင့် စသည့်အခွင့်အရေးများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက မလွဲမသွေ လေးစားလိုက်နာ ကာကွယ်ပေးရမည်ဖြစ်သည်။ (အကြောင်းမဲ့ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ စုံစမ်းစစ်ဆေးရန်အတွက် ဆိုင်ရာ အာဏာပိုင်များထံ တင်ပြရန် ပျက်ကွက်ခြင်း စသည့်စကားရပ်များကို နောက်ပိုင်းတွင် အလျဉ်းသင့်သလို ရှင်းလင်းတင်ပြသွားပါမည်။)

ပုဒ်မ - ၁၇(ဆ) တွင် "ရိုက်ပုတ်လျှင် (သို့မဟုတ်) အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင်" ဟု ပြဌာန်းထားချက်အရ ညှဉ်းပန်းနှိပ်စက်မှုဆိုရာတွင် "စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု" နှင့် "ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု" ဟု နားလည်လက်ခံရမည် ဖြစ်သည်။

ထို့ပြင် "အကျဉ်းသား၊ အချုပ်သား (သို့မဟုတ်) ဖမ်းဆီးထားသူ" ဟု ပြဌာန်းထားခြင်းအားဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသူ မည်သူကိုမဆို ရိုက်နှက်ခွင့်၊ ညှဉ်းပမ်းနှိပ်စက်ခွင့် မရှိကြောင်း တွေ့ရပေသည်။

ယင်းမှာ ညှဉ်းပန်းနှိပ်စက်ခံရခြင်းမှ ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက မလွဲမသွေ လေးစားလိုက်နာ ကာကွယ်ပေးရမည်ဟု ယင်းဥပဒေက ပြဌာန်းပေးထားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် "ရဲတပ်ဖွဲ့" ဟူသည် အရေးကြီးသော အစိတ်အပိုင်းတရပ်မှ ပါဝင်လျက်ရှိပေသည်။ ရဲတပ်ဖွဲ့ဝင်များက အဂတိလိုက်စားသဖြင့် ပြစ်မှုကျူးလွန်သူတို့ တရားဥပဒေဘောင်မှ ကင်းလွတ်ခွင့်ရနေလျှင် လူ့အဖွဲ့အစည်း ထိခိုက်နစ်နာစေသည့်အပြင် အကျင့်စရိတ္တ ကောင်းမွန်သူတို့ပင် အကျင့်စာရိတ္တ ပျက်ပြားလာစေနိုင်သည်ကို အလေးအနက်ထား ဂရုပြုရမည် ဖြစ်ပေသည်။ ထို့ပြင် တရားဥပဒေစိုးမိုးမှုကိုပင် ထိခိုက်စေနိုင်သည်။

အပြန်အလှန်အားဖြင့် ပြစ်မှုကျူးလွန်ခြင်းမရှိသူတို့ တရားဥပဒေ၏ အကာအကွယ်ကို မရရှိပါကလည်း တရားဥပဒေစိုးမိုးမှုမရှိကြောင်း ဖော်ပြရာရောက်ပေသည်။

အထူးသဖြင့် ယုံကြည်ချက်တစ်ခုခုကြောင့် နိုင်ငံ၏ ရေးရာကိစ္စရပ်တစ်ခုခုတွင် ပါဝင်လှုပ်ရှား ဆောင်ရွက်ကြသူများသည် မိမိတို့ရသင့်ရထိုက်သော ဥပဒေအရ အကာအကွယ်ပေးမှုများကို လုံလောက်စွာ မရရှိပါက တိုင်းပြည်အတွက် လွန်စွာ ထိခိုက်နစ်နာမည် ဖြစ်ပေသည်။

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ယက်၏ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးမြင့်အေးကို ဖမ်းဆီးချုပ်နှောင် စစ်ဆေးခဲ့သည့်အချိန်၌ နေ့စဉ်ရက်ဆက် မတ်တပ်ရပ်ခိုင်းပြီး စစ်ဆေးမေးမြန်းခြင်းဖြင့်လည်းကောင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ယက် အဖွဲ့ဝင် ကိုသန်းဇော်မြင့်ကို ရိုက်နှက်ညှဉ်းပန်း နှိပ်စက်ခြင်းဖြင့်လည်းကောင်း၊ ထိုကဲ့သို့ ရိုက်နှက်ညှဉ်းပန်းမှုကို ဦးမြင့်အေးမြင်အောင် ပြသမှုဖြင့်လည်းကောင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို စစ်ဆေးမေးမြန်းသော ရဲတပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ကြပေသည်။

ထိုနည်းတူ အခြား ညှဉ်းပန်းနှိပ်စက်ခံရသူပေါင်း မြောက်များစွာ ရှိပေသေးသည်။ ထိုကဲ့သို့ ညှဉ်းပန်းနှိပ်စက်ခံရကြောင်းကို သက်ဆိုင်ရာ တရားရုံးများတွင် အမှုရင်ဆိုင်ဖြေရှင်းရစဉ် အချိန်များ၌ တင်ပြခဲ့ကြသော်လည်း လျစ်လျူရှု ပစ်ပယ်ခြင်းကို ခံခဲ့ကြရပေသည်။

ဆုံးရှုံးနစ်နာသူတို့၏ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကို အကာအကွယ် မပေးနိုင်သော တရားရုံးတော်များအနေဖြင့် တရားဥပဒေ စိုးမိုးရေးကိုလည်း ဖော်ဆောင်ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း သိရှိခဲ့ရပေသည်။

**စစ်တွေ- နည်းပညာ တက္ကသိုလ် ရထားလမ်းပိုင်း ဖေါက်လုပ်ရာတွင် ဒေသခံ အလုပ်သမားများကို ငွေမပေးဘဲ အချိန်ပို စေခိုင်း**

5/14/2009




စစ်တွေနှင့် နည်းပညာ တက္ကသိုလ်အကြား
ရထားလမ်းဖေါက်လုပ်နေစဉ်

မောင်ရမ္မာ (နိရဥ္စရာ) စစ်တွေ-အမ်း ရထားလမ်းတွင် ပါဝင်သော စစ်တွေမြို့နှင့် နည်းပညာတက္ကသိုလ် အကြား ရထားလမ်းပိုင်းကို ဖေါက်လုပ် နေရာတွင် အလုပ်သမားများကို ငွေကြေး တစုံတရာ မပေးဘဲ အချိန်ပို ခိုင်းစေ နေသည်။

အမည် မဖေါ်လိုသူ အလုပ်သမား တဦးက " အဲဒီ ရထား လမ်းပိုင်းကို ဒီလ ၁၅ ရက်နေ့မှာ အပြီးသတ်မယ် ဆိုပြီး ရာတားထားပါတယ်။ ဒါကြောင့် အထက်က ညွှန်ကြားချက် အရဆိုပြီး ကန်ထရိုက်ယူထားတဲ့ အလုပ်သမား ခေါင်းဆောင်တွေက သတ်မှတ်ထားတဲ့ အချိန်အတွင်း မပြီးမှာကို စိုးရိမ်ပြီး ကျနော်တို့ အလုပ်သမားတွေကို ပိုက်ဆံ ပိုမပေးဘဲ အချိန်ပို ခိုင်းနေတာ ဖြစ်ပါတယ်။"ဟု ပြောသည်။

သက်ဆိုင်ရာက လုပ်ငန်းခွင်တွင် အလုပ်ချိန်ကို နံနက် ၇နာရီမှ ညနေ ၅ နာရီထိ သတ်မှတ် ပေးထား သော်လည်း အလုပ်သမား ခေါင်းများက အလုပ်မပြီးမှာကို စိုးရိမ်ပြီး အလုပ်ချိန်ကို ညနေ ၇နာရီထိ တိုးမြှင့် ခိုင်းစေနေခြင်း ဖြစ်သည်။

"ကျွန်တော်တို့ အလုပ်သမားတွေက အလုပ်ချိန် (၂) နာရီအတွက် လုပ်အားခ ပိုးပေးဖို့ ပြောပေမယ့် သူတို့က နိုင်ငံတော်ရဲ့ အမိန့် မတတ်နိုင်ဘူးဆိုပြီး ပြောပါတယ်။" ဟု သူက ပြောသည်။

ရထားလမ်း ဖေါက်လုပ်ရာတွင် ဒေသခံ အလုပ်သမား များမှာ နေပူပြင် ထဲတွင် ကျောက်ထု၊ ကျောက်သယ်၊ မြေတူး မြေပေါက်စသည့် အလုပ်ကြမ်းများကို လုပ်ကိုင်နေကြ ရခြင်းဖြစ်သည်။

အလုပ်သမား တဦး၏ တနေ့ လုပ်အားခမှာ ကျပ် ၁၅၀၀ ရှိပြီး လုပ်အားခကိုလည်း နေ့တိုင်း ရှင်းမပေးဘဲ (၅) ရက်တကြိမ်သာ ရှင်းပေးသည်ဟု သိရသည်။

ဎင်းအပြင် အလုပ်သမား ရံပုံငွေဟု ဆိုကာ နေ့စဉ် လုပ်ခထဲမှ ငွေ ၁၀၀ စီ ဖြတ်တောက် သည်ဟုလည်း အဆိုပါ အလုပ်သမားက ပြောသည်။

မြန်မာ နယ်စပ်အနီး ဘင်္ဂလာမှ စစ်ရေး လေ့ကျင့်

5/13/2009



မြန်မာနယ်စပ်အနီးတွင် ဘင်္ဂလာဒေ့ရှ် နိုင်ငံမှ လေတပ်နှင့် ရေတပ် စစ်ရေး လေ့ကျင့်မှုများ ပြုလုပ် နေသည်ဟု သတင်း ရရှိသည်။

နယ်စပ်မှ ကျေးရွာသား တဦးက "စစ်တိုက်လေယဉ်တွေ စပျံတာက မနေ့ကတည်းကပါ။ ဒီနေ့လည်း ပျံနေတုန်းပါဘဲ။ မနက်က အစောကြီးက ဂျက်တိုက်လေယဉ် နှစ်စင်း ပူးပြီး ပျံလာတာကာကို တွေ့ပါတယ်။ ခု ညနေ ၃ နာရီအချိန်ထိ စစ်လေယဉ်တွေ ကျနော်တို့ ခေါင်းပေါ်က ပျံနေတုန်းပါဘဲ" ဟု ပြောသည်။

ဂျက်တိုက်လေယဉ်များ မြန်မာနယ်စပ်အနီးရှိ ကော့ဘဇားမြို့ပေါ်မှ ဖြတ်ပျံသန်းနေပုံကို ယခုကဲ့သို့ ရခိုင် အမျိုးသား တဦးက ပြောသည်။

"နေ့ပိုင်းဆိုရင်တော့ ဂျက်တိုက်လေယဉ်တွေ ပျံသန်းနေတာကို တွေ့ရပါတယ်။ အသံတွေ ဆူညံနေတော့ လူတိုင်းက သတိပြုမိကြပါတယ်။ ညနေကျတော့ ကင်းထောက် လေယဉ်တွေက ပုံမှန် ပျံသန်းနေတာကို တွေ့နေရပါတယ်။"

အမည်အဖေါ်လိုသူ စစ်တပ်နှင့် နီးစပ်သူ အပြောအရ ဘင်္ဂလာဒေ့ရှ်မှ စစ်ရေးလေ့ကျင့်နေမှုကို အတည်ပြု ပြောကြားလိုက်ပြီး ရေတပ် စစ်ရေးလေ့ကျင့်မှုကို မေလ ၈ ရက်နေ့ကတည်းက စတင်ခဲ့သည်ဟု ပြောသည်။

ဎင်းအပြင် ဗြိတိသျှ ရေတပ်သင်္ဘောများလည်း စစ်ရေး လေ့ကျင့်ရာတွင် ပါဝင်သည်ဟု ပြောသည်။

သို့သော်လည်း အဆိုပါ စစ်ရေးလေ့ကျင့်မှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အစိုးရ တာဝန်ရှိသူများ အပါအဝင် ဘင်္ဂလာဒေ့ရှ် သတင်းစာများက ယနေ့အထိ တစုံတရာ ထုတ်ဖော် ပြောဆို ရေးသားခြင်း မရှိကြောင်း သိရသည်။

မြန်မာနှင့် ဘင်္ဂလာဒေ့ရှ် နှစ်နိုင်ငံ အကြား မြန်မာဘက်က ခြံစည်းရိုး ကာရံမှုကြောင့် ဆက်ဆံရေး တင်းမာနေချိန်တွင် ယခုကဲ့သို့ ဂျက်တိုက်လေယဉ် အသံများ နယ်စပ်တွင် ထွက်ပေါ်လာ သဖြင့် နယ်စပ်နေ လူထုမှာ စိုးရိမ် နေကြသည်ဟု သတင်း ရရှိသည်။

မြေပုံမြို့နယ်မှ ကျေးရွာသားများကို နအဖ စစ်သားများက လုပ်အားပေးစေခိုင်းပြန်ပြီ

5/13/2009

မြေပုံမြို့နယ် ကမ်းထောင့်ကြီး ကျေးရွာသားများနှင့် ရောက်ခုံ ကျေးရွာသားများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ စစ်သားများက လုပ်အားပေး စေခိုင်းနေကြောင်း သတင်းရရှိသည်။

အမည်မဖော်လိုသူ ကျောင်းဆရာ တဦးက □ ကျေးရွာသားတွေကို ကမ်းထောင့်ကြီးနဲ့ ရောက်ခုံအကြား ဖေါက်လုပ်နေတဲ့ လူသွားလမ်းမှာ ကျောက်တွေကို စုခိုင်း သယ်ခိုင်းတဲ့နေရာတွေမှာ လုပ်အား ပေးစေခိုင်းနေပါတယ်□ ဟု ပြောသည်။

အဆိုပါ စေခိုင်းမှုကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗျူဟာမှူး တဦးမှ လာရောက် စေခိုင်းနေခြင်း ဖြစ်သည်။

၎င်းပြင်သူက □သူတို့က ခင်ဗျားသွားမယ့်လမ်း ခင်ဗျားတို့ မလုပ်ရင် ဘယ်သူ လာလုပ်မလဲ။ တအိမ် တယောက်ကျ ထွက်ပြီး လုပ်ကြ ဆိုပီး အမိန့် ထုတ်ထားပါတယ်။ ဒါ့အပြင် ကမ်းထောင့်ကြီးကျေးရွာမှာ တည်ဆောက်နေတဲ့ ဆည်တွေထဲက သစ်ပင်တွေကိုလည်း တနေ့ ၂၅ ဦးကျ သွားပြီး ခုတ်နေရပါတယ်□ ဟု ပြောသည်။

နအဖ စစ်တပ်မှ ကမ်းထောင့်ကြီးကျေးရွာ အနီးတွင် ရေပေးဝေရန် ဆည်တခု တည်ဆောက်နေပြီး အဆိုပါ ဆည်တွင် ယခုနှစ် မိုးရာသီမှစတင်ပြီး ရေ သိုလှောင်တော့မည် ဖြစ်သည်။

အဆိုပါဆည်ထဲတွင် ပေါက်ရောက်နေသော သစ်ပင်များမှာ ရေသိုလှောင်ပါက ပုတ်သိုးဆွေ့မြေ့ပြီး ရေပျက်စီးနိုင်သဖြင့် သက်ဆိုင်ရာ စစ်တပ်အာဏာပိုင်များက အဆိုပါ သစ်ပင်များကို ကျေးရွာသားများကို အတင်း ခုတ်ခိုင်း နေကြောင်း သိရသည်။

အန်အယ်ဒီ အထူးအစည်းအဝေး

Kaowao မေ ၁၄၊ ၂၀၀၉။

ရန်ကုန်(မေ-၁၄)။ ။အန်အယ်ဒီ ပဲခူးတိုင်းစည်းအတွက် အထူးအစည်းအဝေးကို ပဲခူးတိုင်းအဖွဲ့ဝင် (၈) ဦးက မေလ ၁၂ရက်က ရန်ကုန်အန်အယ်ဒီ ရုံးချုပ်၌ကျင်းပခဲ့ကြောင်း တက်ရောက်သူများက ဆိုပါသည်။

ဤအထူးအစည်းအဝေးသည် ပြီးခဲ့သည့် ဧပြီလ (၂၈-၂၉) ရက်နေ့က ကျင်းပခဲ့သည့်ပြည်လုံးကျွတ် အန်အယ်ဒီ အမတ်များနှင့် တိုင်းစည်းများ ပါဝင်သည့် ဆွေးနွေးပွဲ၌ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးလွင်တို့ နုတ်ထွက် ပေးရန် တင်ပြဆွေးနွေးသည့် ကိစ္စကို အရေးယူသည့် အစည်းအဝေးဖြစ်ပါသည်။ ဤအဆိုကို တင်ပြဆွေးနွေးသူမှာ ပဲခူးတိုင်းအန်အယ်ဒီ တိုင်းစည်းအဖွဲ့ဝင်လည်းဖြစ်၊ ပဲခူးမြို့နယ် အမှတ်(၂) အမတ်လည်းဖြစ်သည့် ဦးမြတ်လှ ဖြစ်ပါ သည်။

ဦးမြတ်လှကို အရေးယူသင့်သည်ဟု အဆိုပြုသူမှာ ပဲခူးတိုင်းစည်းဥက္ကဋ္ဌ ဦးညွန့်ဝေဖြစ်ပါသည်။ ထောက်ခံတင်ပြသူ များမှာ ဦးပိုက်ချုံနှင့် ဦးကျော်သိန်းတို့ပင်ဖြစ်ပါသည်။ အကြောင်းပြချက်မှာ ဤလုပ်ရပ်သည် အရေးကြီးနေချိန်မှာ စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည့် အပြုအမူကြောင့် အဖွဲ့မှ ထုတ်ပယ်ရန် အရေးယူသင့်သည်ဟု တင်ပြခဲ့ပါ သည်။ ဤအဆိုကို ကန့်ကွက်ခဲ့သူများမှာ ညောင်လေးပင်အမတ် ဦးထွန်းကြွယ်၊ ကျောက်တံခါးမြို့နယ်အမတ်နှင့် မင်းလှမြို့နယ်အမတ်များက ဦးဆောင်ကန့်ကွက်ခဲ့ပါသည်။။

ဦးမြတ်လှကို အဖွဲ့မှမထုတ်သင့်ကြောင်း ဤကိစ္စကို အဖွဲ့တွင်း ဒီမိုကရေစီအရ ပွင့်ပွင့်လင်းလင်းတင်ပြခြင်း ဖြစ်ကြောင်း ကန့်ကွက်သူများက ဆွေးနွေးခဲ့ပါသည်။ ဤသို့ဖြင့် ပဲခူးတိုင်းစည်းအဖွဲ့မှ ဦးမြတ်လှကို ထုတ်ပယ်ရန် အဆိုသည် လိပ်ခဲတင်းလင်းဖြင့် အဆုံးသတ်သွားကြောင်း၊ ဤအစည်းအဝေးကို တက်ရောက်ခဲ့သည့် သူများက ဆိုပါသည်။

ကတ္တရာလမ်းခင်းရန် လုပ်ငန်းရှင်များကို အတင်းညွှန်ကြား

ဘုရားသုံးဆူ(မေ-၁၃)။ ။မြန်မာနယ်စပ်မြို့ ဘုရားသုံးဆူမြို့တွင် မယကဉက္ကဌ ဦးမျိုးကြည် မြို့ခံသစ်လုပ်ငန်း ပိုင်ရှင်များအား ယနေ့တွင် ညွှန်ကြားလိုက်ကြောင်း သစ်လုပ်ငန်းပိုင်ရှင်တစ်ဦးက ကောင်းဝါသတင်းသို့ ပြောကြား ခဲ့သည်။

“တပ်ရင်းမှူး၊ မယက ဌာနဆိုင်ရာတွေနဲ့ ကျနော်တို့သစ်လုပ်ငန်းရှင်တွေကို ဒီနေ့မနက် ခေါ်တွေ့တဲ့အစည်းအဝေးမှာ မယကဉက္ကဌက ကျနော်တို့ကို သစ်လုပ်ငန်းရှင်တွေ ကိုယ်စားရိတ်နဲ့ ကိုယ်စိုက်ထုတ်ပြီး ဒီလမ်းကိုလုပ်ကြရမယ်လို့ ပြောလိုက်တာပါပဲ” ဟု အမည်မဖော်လိုတဲ့ သစ်လုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။

လမ်းဖြစ်မြောက်ရေးကော်မတီကို မယကဉက္ကဌက သစ်လုပ်ငန်းရှင်များ ၂၅ ဦးခန့်မှ ဉက္ကဌအဖြစ် ဦးဖိုးထူး၊ အတွင်းရေးမှူး ဦးမောင်ဇော်တို့ကို ရွေးချယ်တာဝန်ပေးခဲ့သည်။

အဆိုပါလမ်းမှာ ဘုရားသုံးဆူမြို့ (၄) ရက်ကွက်ရှိ ဆေးရုံရှေ့သွားသည့်လမ်းဟု သိရပြီး အရှည် (၂) ဖာလုံခန့် ရှိသည်ဟု ဆိုပါသည်။

ယမန်နေ့တွင်လည်း မြို့ပေါ်ရှိ မော်တော်ယာဉ် ပိုင်ရှင်အားလုံးကို အာဏာပိုင်များက ခေါ်ယူတွေ့ဆုံခဲ့ပြီးဘုရားသုံးဆူ မြို့ထွက် ဂိတ်ပေါင်းစုံမှ ရွာသစ်အထိ လက်ရှိမြေနီလမ်းကို မိမိတို့ အစီအစဉ်ဖြင့် ပြုလုပ်ကြရန် အမိန့်ပေးခဲ့သည်ဟု သိရသည်။ကုန်ကျစရတ်တို့ကို အာဏာပိုင်များ လုံးဝ တာဝန်မယူပါ။

ဘုရားသုံးဆူမြို့သည် နယ်စပ်ကုန်သွယ်မှု၌ လောလောဆယ်တွင် လုပ်ငန်းများ မတွင်ကျယ်တော့ပေ။ အပစ်ရပ်၊ လက်နက်ချအဖွဲ့ အများအပြားရှိနေသဖြင့် အခွန်အမျိုးမျိုးကို ပေးနေကြရသည်။

အပစ်ရပ်မွန်ပြည်သစ်ပါတီ NMSP၊ တိုးတက်သောကရင်ဗုဒ္ဓဘာသာအစည်းအရုံးDKBA၊ ကရင်ငြိမ်းချမ်းရေး KPF ခေါ် BGF စောလေးဝါး ဟောင်သရောအဖွဲ့၊ ကရင်ခွဲထွက် ဗိုလ်ချုပ်ထိန်မောင်၏ KNLA/PC အဖွဲ့နှင့် လုံးဝအပစ်မရပ် သေးရသည့် KNUတပ်မဟာ (၆) ဒေသလည်းဖြစ်သည်။

ဘုရားသုံးဆူမြို့တွင် မြန်မာစစ်အစိုးရတပ် ခလရ (၃၂) တပ်ရင်း စခန်းချလျှက်ရှိသည်။

အမေရိကန် အစိုးရမှာ ဂျွန်ဂီလီယံ ယက်တော နဲ့ ပတ်သက်ပြီးတာဂန်ရှိ

ဂျွန်ဂီလီယံယက်တောဟာ အမေရိကန် လူမျိုး ၊ သူဟာ တယောက်ထဲတော့ သွားတာမဟုတ်ဘူး။ သူရဲ့ မြန်မာ ပြည်ဒီမိုကရေစီအရေး၊ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးအပေါ်မှာ ထားတဲ့စေတာနာကိုနားလည်တယ်။ ဒါပေမဲ့သူဟာ အဖွဲ့ စည်းတခုက စေခိုင်းလိုက်တာသာဖြစ်တယ်။ ဒါကြောင့် အမေရိကန် အစိုးရမှာ တာဂန်ရှိတယ်။ အခုဒေါ်အောင်ဆန်းစုကြည်က ကြားက အချောင်ခံရတော့မှာဖြစ်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့ ထိထိရောက်အရေးယူဆောင်ရွက်မှုတွေလုပ်သင့်တယ်။ ဂျွန်ဂီလီယံယက်တော နဲ့ ပတ်သက်တဲ့အချက်အလက်တချို့ ကို ဂေ‌ငှလိုက်ပါတယ်။ သူဟာ ဗီယက်နမ်စစ်ပြန်တဦးဖြစ်ပြီး ကလေး ၅ ယောက်အဖဖြစ်တယ်။ သူဟာ မီဇိုရီပြည်နယ်မှာနေပါတယ်။

John Willions Yettaw
34158 Delta Rd
Falcon, MO 65470-8154 သူရဲ့ ဖုံးကတော့ (417) 453-6350 ။ သူကျောင်းက တော့ Forest Institutes ဖြစ်ပါတယ်။

သူကျောင်းရဲ့ ဖုံးတွေကတော့

The School of Professional Psychology at Forest Institute
2885 W Battlefield
Springfield, MO 65807-3952
Main (417) 823-3477
Fax (417) 823-3442
Toll-Free (800) 424-7793

The Robert J Murney Clinic at Forest Institute

1322 S Campbell Ave
Springfield, MO 65807-1445
Main (417) 865-8943
Fax (417) 831-6839
Toll-Free (877) 865-8943

The Center for Professional Solutions at Forest Institute
2885 W Battlefield
Springfield, MO 65807-3952
Main (417) 823-3469
Fax (417) 823-3442
Toll-Free (800) 424-7793

ဒီကျောင်းရဲ့ ဝက်ဆိုက်ကတော့ http://www.forest.edu/contact-us.aspx ဖြစ်ပါတယ်။

[အဆုံးအထိဆက်ဖတ်ရန်](#)

AT 08:33 0 COMMENTS

Wednesday, 13 May 2009

## ပြည်တွင်းမှအကြောင်းကြားစာ



ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်ခဲ့သည့် အမေရိကန်နိုင်ငံသား John William Yettaw ၏ ကိုယ်ရေးအကျဉ်း



အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် (ကောင်စစ်ဝန်)နှင့်အဖွဲ့ Mr. John William Yettaw အား ကောင်စစ်ဆိုင်ရာတွေ့ဆုံမှုပြုလုပ်

ကိုမိုးသီး
ကျွန်တော်ပြည်တွင်းမှဒီနေ့သတင်းစာဖြတ်ပိုင်းတွေပို့ပေးလိုက်ပါတယ်။ဒီကောင်တွေကျွန်တော်တို့
ခေါင်းဆောင်ကိုယုတ်ယုတ်မာမာနဲ့အကွက်ချစီစဉ်ပြီးမတရားလုပ်တာကိုကျွန်တော်တို့ခေါင်ငုံ့ခံနေလို့မဖြစ်ပါ။
ကျွန်တော်တို့လည်းအထဲမှာလုပ်သင့်တာလုပ်မယ်။ခင်ဗျားတို့လည်းတာဝန်ကြေပါစေ။
ဒေါ်စုကိုထောင်ချရင်မင်းတို့သံရုံးတွေကိုငါတို့ဝိုင်းမယ်လို့ကြေငြာပါ။ဖြစ်အောင်လုပ်ပါ။
နိုင်ငံခြားတွေကိုရောက်နေတဲ့ဒီကောင်တွေရဲ့တွေရဲ့ဆွေမျိုးသားချင်းတွေကိုလည်းတုညီသော
တုံ့ပြန်မှုပေးနိုင်အောင်လုပ်ကြပါ။
အောင်ဇော်မင်း(ရန်ကုန်အရှေ့ပိုင်းသံမဏိလူငယ်တပ်ဦး)
[အဆုံးအထိဆက်ဖတ်ရန်](#)

AT 23:31 7 COMMENTS

## ဒါတွေ ကို လုပ်ဆောင်ကြ ။

ဒေါ်စုကို ထောင်ချမှာသေချာတယ်။ ထောင်ချလိုက်ရင် ဆန္ဒမပြနဲ့ စာမဝေနဲ့ ဒါတွေလုပ်ရင် ခွေးမသား သန်းရွှေက ဆက်ဖမ်းလိမ့်မယ်။ လူကုန်အောင်ဖမ်းမဲ့သဘောရှိတယ်။ အဖမ်းမခံနိုင်အောင် လျှို့ဝှက် စွာလှုပ်ရှားရမယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပြည်သူတွေလွတ်မြောက်ရေးအတွက်

ငါဒို့ လုပ်ဆောင်ရမဲ့ဟာတွေကတော့ -

တစ်။ နအဖ ရုံးတွေ၊ စီးပွားရေးလုပ်ငန်း တွေကို မီးရှို့ လက်တုန့် ပြန်ရမယ်။

နှစ်။ နအဖ ကားတွေကို မီးရှို့ ရမယ်။ မှန်တွေကိုခွဲရမယ်။

သုံး။ နအဖ ဒေါက်တိုင်တွေကို လစ်ရင်လစ်သလို တိုက်ခိုက်ရမယ်။

လေး ။ နိုင်ငံခြားမှာ ရှိနေတဲ့ နအဖ သားသမီးဆွေမျိုးတွေကို လက်စားချေကြရမယ်။

ဒါတွေကို မြန်မာတမျိုးသားလုံး ညီညီညွတ်ညွတ် သတ္တိရှိရှိ လုပ်ကြရမယ်။ ငါဒို့ မှာဆုံးရှုံးစရာဆိုလို ဘာမှမရှိ။ အောင်ပွဲ ခံဖို့ သာရှိတယ်။ အမိမြေက ငါဒို့ ကိုခေါ်နေပြီ။ တပြည်လုံးတော်လှန် တပြည်လုံးအောင်ပွဲခံကြပါစို့ -

အဆုံးအထိဆက်ဖတ်ရန်

AT 23:20 4 COMMENTS

## သန်းရွှေ သို့ မဟုတ် ဒုတိယ ဂျူန် ဦးစော က ဒေါ်စု ကို ထောင်ချဖို့ လုပ်နေပြီ ရဲဘော်တို့

(အထူးသတင်း)

ဒီနေ့ ၁၈နာရီမှာဒေါ်အောင်ဆန်းစုကြည်ကို အင်စိန် ထောင်တွင်း တရားရုံးမှာ အမှု စစ်တော့မယ်။

အရေးကြီးလျှင်ဖြင့်သွေးစည်းပြီး သွေးနီးရာဆိုသည့်အတိုင်း - ကိုင်း ....ပြည်တွင်းပြည်ပ မှာ ဆန္ဒပြပွဲတွေကို ဆင်နွဲကြဘို့ ....တို့ရဲဘော်တို့ ထထကြွကြွနဲ့ ပိုင်းကြပေတော့ဟေ့။

အဆုံးအထိဆက်ဖတ်ရန်

AT 20:21 6 COMMENTS

## ဒေါ်အောင်ဆန်းစုကြည်ကို သန်းရွှေ ငမိုက်သားက ထောင်ချတော့မယ်။ အားလုံး အသင့်ရှိကြ



ဒေါ်အောင်ဆန်းစုကြည် ကို ထောင်ချဖို့ သန်းရွှေ က ကြံနေပြီဖြစ်ပါတယ်။ ဒီနေ့ မနက် ၇ နာရီကထည်းက ဒေါ်စုကို ခေါ်သွားတယ်။ ခုလောက်ဆိုအင်စိန်ထောင်ထဲ ကိုပို့လိုက်ပြီလို့ ယူဆရတယ်။ ဒေါ်စု အိမ်က သော့ကို အပ်ဖို့ နအဖ က အတင်းအကြပ်တောင်းနေပြီလို့ သိရတယ်။ ဒေါ်စုနဲ့ အတူနေတဲ့ ဒေါ်ခင်ခင်ဝင်း ( ၆၀ ခန့် )၊ သမီး မဝင်းမမ ကိုလည်း ဒေါ်စုနဲ့ အတူခေါ်သွားပါတယ်။ ဒေါ်စုအတွက် အင်းစိန်ထောင်ထဲမှာ အထူးဆောက်ထားတဲ့ အိမ်မှာထားမယ်လို့ သိရပါတယ်။

ဂျွန်ဂီလီ ယံယက်တော လာတာကို သတင်းမပို့တဲ့ အတွက် ဒေါ်စုကို ပြစ်ဒဏ်ပေးတာလို့ သိရပါတယ်။ တပ်မတော်အတွင်းမှာ ဒီမိုကရေစီလိုလားသူများရဲ့ အဆိုအရ ပုဒ်မ ၁၀ ( က) - အပုဒ်ခွဲ ( ၂၂ )အရလို့ သိရတယ်။ ပုဒ်မ ၁၀(က )ဆိုတာကတော့ ထောင်ချနိုင်တဲ့ ဥပဒေပါ။ The law preventing state from danger of subversive elements- နိုင်ငံတော် နှောက်ယှက်သူများထံကာကွယ်တားစီးသည့် ဥပဒေ လို့သိရပါတယ်။ ဒေါ်စုကို အရင်က ဖမ်းထားတာကတော့ပုဒ်မ ၁၀ (ခ) နဲ့ ဖမ်းထားတာပါ။

၁၀ (ခ) က တားဆီးထားတဲ့ဥပဒေပါ။ ဥပမာ လူတွေနဲ့ မတွေ့ ရဘူး။ သံရုံးတွေနဲ့ မတွေ့ ရဘူး ဆိုတာတွေပါ။ အခုတော့ ထောင်လုံး၀ ချ ပြစ်မဲ့သဘောရှိတယ်။ ရွေးကောက်ပွဲ မလုပ်ခင် ဒေါက်တာတင်မျိုး၀င်းကိုလည်း ပုဒ်မ ၅ (ည) နဲ့ ဖမ်းဖို့ လုပ်ဆောင်နေတယ်လို့ လည်းသိရပါတယ်။
[အဆုံးအထိဆက်ဖတ်ရန်]

AT 20:14 0 COMMENTS

[ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး လှုပ်ရှားမှု]




ဆန္ဒပြပွဲ ဖိတ်ကြား လွှာ

ရဲ ဘော်တို့ မိတ်ဆွေတို့-

မိုက်ရိုင်းလှတဲ့ သန်းရွှေ ဟာ ဒေါ်အောင်ဆန်းစုကြည်ကို မတရားသဖြင့် ဖမ်းဆီးထိမ်းသိမ်းထားတယ်။ ကျမ္မာရေးစောင့်ရှောက်မှု မရဘူး။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကိုလည်းတာ၀န်မယူနိုင်ဖူး။ တဖက်သတ်ဂါဒ်ဖြန့်ချီမှုတွေနဲ့ ဒေါ်စုကို တိုက်ခိုက်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီမတရားတဲ့လုပ်ရပ်တွေကို ငါဒို့ လက်ပိုက်ကြည့်မနေဘူး။ ငါဒို့ ဆန့်ကျင်ရမယ်။ ငါဒို့ ရှုံ့ ချရမယ်။ ငါဒို့ နဲ့အတူ ဆန္ဒပြပွဲ ကို ဖိတ်ခေါ်တယ်။

ဦးဗီတာလင်းပင်
မိုးသီးဖွန်

နေရာ- မြန်မာ ကောင်စစ်၀န်ရုံးရှေ့ ၊ မက်ဟန်တန် ၊ နယူးယောက်မြို့ ။
အချိန် - နေ့လည် - ၁၂ နာရီ တိတိ ( သောကြာနေ့)
၁၅- ၅-၂၀၀၉ ။

ဆက်သွယ်ရန် -

ကိုစိုးပိုင် - ၃၄၇-၄၂၃-၉၁၀၀
ကို မျိုးလှိုင် - ၉၁၇-၉၆၇-၇၉၃၉
ကိုဇော်လင်းကျော် -၆၄၆-၃၅၉-၆၄၃၃
ကိုမိုးချမ်း -၇၁၈-၃၉၆-၁၄၆၉

ဒေါ်အောင်ဆန်းစုကြည်အား တရားစွဲမှုကို NLD ပါတီ ပြင်းထန်စွာ ကန့်ကွက်

2009-05-14

ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်သူများရန်က ကာကွယ်တဲ့ ဥပဒေ ပုဒ်မ ၂၂နဲ့ စွဲချက်တင်ထားပါတယ်။ အတူနေ ဒေါ်ခင်ခင်၀င်းနဲ့ သမီးဖြစ်သူတို့ကိုတော့ အားပေးကူညီမှုတွေနဲ့ စွဲချက်တင်တာ ဖြစ်ပါတယ်။ ဒီအမှုကို မြောက်ပိုင်းခရိုင် တရားရုံးမှာ တင်တာဖြစ်ပြီး လက်ရှိစစ်ဆေးနေတာမှာ တရားသူကြီးနှစ်ဦးဖြစ်တဲ့ ဦးသောင်းညွှန့်နဲ့ ဦးညီညီတို့ ဖြစ်ကြပြီး သက်သေ ၂၂ ဦးနဲ့ စွဲချက်တင်ထားတာပါ။



(Photo: AFP)

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရေကူးပြီး ခိုးမဝင်မီ လက်ဖြစ် ရေယက်ဖိနပ် ဝတ်ဆင်ထားသော ခြေထောက်ကို ဂျွန် ဝီလီယမ် ယက်တောက မိမိဖာသာ ရိုက်ကူးထားသည့် ဓာတ်ပုံ ဖြစ်ပါသည်။ (Photo: AFP)

ဒီကိစ္စနဲ့ပတ်သက်ပြီး အမှုတွဲများကို သွားကူးယူရာမှာ ပါဝင်တဲ့ ရှေ့နေ ဦးအောင်သိန်းက ခုလို ပြောပြပါတယ်။

ဦးအောင်သိန်း။ ။ "ဒီအမှုမှာ တရားလိုက ဒု ရဲမှူးကြီး ဇော်မင်းအောင် ဖြစ်တယ်ပေါ့နော်၊ သတင်းတပ်ဖွဲ့ကပေါ့။ စွဲတင်တဲ့ ပုဒ်မကတော့ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလိုသူတို့ရဲ့ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်တဲ့ ဥပဒေပုဒ်မ ၂၂နဲ့ ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းကို စွဲတာပေါ့နော။ နောက်တခါ ကျန်တဲ့ ဒေါ်ခင်ခင်ဝင်းရယ်၊ မဝင်းမမရယ်၊ ဒီနိုင်ငံခြားသား အမေရိကန်နိုင်ငံသားရယ်၊ သုံးယောက်ကျတဲ့အခါကျတော့ သူတို့က စောစောက ၂၂ မျဉ်းစောင်း ၁၀၉ပေါ့၊ ရာဇသတ်ကြီး ပုဒ်မ ၁၀၉ပေါ့ဗျာ၊ အားပေးကူညီနဲ့ အဲဒီ သုံးယောက်ကို ထည့်ပြီး ဆွဲထားတယ်။ အဲ နောက်ဟာကတော့ ကျွန်တော်တို့နဲ့ မဆိုင်ဘူး၊ ဒီနိုင်ငံခြားသား အမေရိကန်နဲ့ ဆိုင်တဲ့ ကိစ္စဗျနော်။ အဲ သူ့ကျတော့ ရန်ကုန် စည်ပင်သာယာ အက်ဥပဒေ ပုဒ်မ ၂၈နဲ့ စွဲတယ်၊ ပြစ်မှုကြီး အမှုအမှတ် ၄၈ပေါ့နော်၊ နောက်တခါ လဝက ဥပဒေ ပုဒ်မ ၁၃-၁ပေါ့နော်။"

ဦးအောင်သိန်းပြောပြတာပါ။ အမှုကို ဒီကနေ့မနက်ပိုင်းက အင်းစိန်ထောင်တွင်းမှာ ရှိတဲ့ အထူးတရားရုံးမှာ စတင်စစ်ဆေးတာ ဖြစ်ပါတယ်။ တရားရုံးတွင်းကို ဦးကြည်ဝင်းနဲ့ ဦးလှမျိုးမြင့်တို့ နှစ်ဦးပဲ ဝင်ခွင့်ရပြီး ဦးဉာဏ်ဝင်း ဝင်ခွင့်မရခဲ့ဘူးလို့ သိရပါတယ်။ ဒီအမှုအတွက် ဦးအောင်သိန်းနဲ့ ဒေါ်ခင်ဌေးကြွယ်တို့လည်း ပါဝင်ထပ်တင်ဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

ဒီကနေ့မေလ ၁၄ရက်နေ့ အမှု စတင်စစ်ဆေးချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်တွင်းကို ဝင်ရောက်ခဲ့သူ အမေရိကန်နိုင်ငံသားရဲ့အမှုကို စကားပြန်နဲ့ စတင် စစ်ဆေးခဲ့ပါတယ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုကိုတော့ မေလ၁၈ရက်နေ့ကို ရက်ချိန်းထပ်ပေးလိုက်တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို စစ်အစိုးရအာဏာပိုင်တွေက အပြစ်မရှိပဲ စွဲချက်တင်ခံရတာ ဖြစ်တယ်လို့ NLDပါတီက ပြင်းထန်စွာ ကန့်ကွက်ကြောင်း ဒီကနေ့ မေလ ၁၄ရက် နေ့စွဲနဲ့ ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

ကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်တဦး ဖြစ်သလို မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် စတင်သူ၊ နိုင်ငံရေးကို ဆွေးနွေးညှိနှိုင်းခြင်းနဲ့ အဖြေရှာဖို့ ကြိုးပမ်းနေသူ ဖြစ်ပါတယ်လို့ ကြေညာချက် နိဒါန်းမှာ ဖော်ပြထားပါတယ်။

ဒ့ါအပြင် ကမ္ဘာ့ကုလသမဂ္ဂနဲ့ တကွ နိုင်ငံတကာက ပြောဆိုနေသလို တွေ့ဆုံဆွေးနွေးရေးမှတဆင့် အမျိုးသား ရင်ကြားစေ့ရေးအတွက် အားလုံးပါဝင်တဲ့ အခြေအနေ တခုပေါ်လာဖို့ ကြိုးစားနေချိန်မှာ ခုလို ဒေါ်အောင်ဆန်းစုကြည်ကို စွဲချက်တင်တာ ဖြစ်တယ်လို့ ဆက်လက် ဖော်ပြထားပါတယ်။

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရမဲ့ ရက်နီးလာချိန်မှာ အစီအစဉ်ရှိရှိ ပြုလုပ်တာ ဖြစ်တယ်လို့ ဆိုပါတယ်။ ကြေညာချက်ပါ အပိုဒ်တချို့ကို NLD ပါတီဌာနချုပ်က ဦးအုန်းကြိုင်က ခုလို ဖတ်ပြပါတယ်။

ဦးအုန်းကြိုင်။ ။ "ထိန်းသိမ်းထားခြင်းမှ အပြီးအပြတ် လွတ်ရက်စေ့ခါနီးနေသော ဒေါ်အောင်ဆန်းစုကြည်အား မည်သည့် ပြစ်မှုကိုမျှ ကျူးလွန်ရခြင်း မရှိပါပဲ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂အရ တရားစွဲဆိုပြီး အင်းစိန်ထောင်အနီး၌ လုံးချင်းအိမ်တအိမ်တွင် ထားရှိသည်ဟု ကြားသိရပါသည်။ ယင်းအမှုကိုလည်း ၂၀၀၉ခုနှစ် မေလ ၁၈ရက်နေ့တွင် စတင် စစ်ဆေးမည် ဖြစ်ပါသည်။ ထိုကဲ့သို့ တရားစွဲဆိုခြင်းမှာ မလုပ်သင့် မလုပ်ထိုက်သောကြောင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ကြောင်း ကြေညာလိုက်သည်။"

NLD ပါတီက ထုတ်ပြန်တဲ့ ကြေညာချက်နဲ့ ပတ်သက်ပြီး ဦးအုန်းကြိုင်ဖတ်ပြသွားတာပါ။

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရေး အစိုးရချင်း ဖိအားပေးဖို့ တောင်းဆို

2009-05-14

ဒီကနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ကို ပြောင်းရွှေ့ပြီး နိုင်ငံတော် ဖျက်ဆီးလိုသူများ ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ ပုဒ်မ ၂၂ နဲ့ တရားစွဲဆိုလိုက်တာနဲ့ ပတ်သက်ပြီး အိန္ဒိယအတိုက်အခံ ကွန်မြူနစ်ပါတီ (CPI) ရဲ့အတွင်းရေးမှူး Mrs. Amar Jeet Kaur ကို RFAက

ဆက်သွယ်မေးမြန်းကြည့်တဲ့အခါမှာ ဒီလိုလုပ်တာဟာ ဒီမိုကရေစီရေးနဲ့ မြန်မာပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကို ဆန့်ကျင်လိုက်တာ ဖြစ်တယ်လို့ ပြောပါတယ်။




(Photo: AFP)

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဇွန်လ ၁၉ရက်၊ ဒေါ်အောင်ဆန်းစုကြည်၏ ၆၃နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံ ပိုစတာများ ကိုင်ဆောင်ပြီး ဆန္ဒပြ တောင်းဆိုနေသူများ ဖြစ်ပါသည်။ (Photo: AFP)

ဒါဟာ အာဏာရှင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲထည့်ဖို့ လုပ်တဲ့ အစီအစဉ်တခုလို့ ပြောလို့ရတယ်။ ဒီလိုလုပ်တာဟာ လူသားချင်းစာနာမှု မရှိတာကို ပြလိုက်တာဖြစ်တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာစစ်အစိုးရက ပြန်လည်စဉ်းစားပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးစေချင်တယ်လို့ ပြောသွားပါတယ် ။ အခုလိုလုပ်ရပ်နဲ့ ပတ်သက်ပြီး မြန်မာ့ နိုင်ငံရေး ဘယ်လိုဖြစ်လာနိုင်လဲလို့ မေးကြည့်တဲ့အခါ ဒါဟာမြန်မာပြည်သူတွေကိုရော မြန်မာပြည် ဒီမိုကရေစီရေး ကြိုးပမ်းမှုကို ဆန့်ကျင်တာဖြစ်တယ်။ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေဟာ ပိုပြီးအားပြင်းလာနိုင်တယ်။ ကျမတို့အနေနဲ့ ဒီမိုကရေစီရေး လှုပ်ရှားမှုတွေနဲ့ တစိတ်တဝမ်းတည်း ရှိပြီး ရှေ့ဆက်ထောက်ခံသွားမယ် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့အတွက် လူထုလှုပ်ရှားမှုတွေလည်း ဖြစ်လာနိုင်တယ်လို့ ဖြေကြားခဲ့ပါတယ်။

စီပီအိုင် ပါတီအနေနဲ့ မြန်မာဒီမိုကရေစီရေးအတွက် ဘယ်လိုကူညီမှုတွေ ပေးနိုင်မလဲလို့ မေးကြည့်တဲ့အခါမှာတော့ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးဖို့အတွက် မြန်မာအစိုးရကို အိန္ဒိယအစိုးရကနေ အစိုးရအချင်းချင်း ဖိအားပေးဖို့ တောင်းဆိုသွားမဲ့အကြောင်း၊ မြန်မာစစ်အစိုးရရဲ့ လုပ်ရပ်တွေကို ရှုတ်ချဖို့အတွက် မြန်မာအရေး စိတ်ဝင်စားတဲ့ အိန္ဒိယ လူမှုအဖွဲ့အစည်းတွေ၊ အမျိုးသမီးအဖွဲ့တွေနဲ့ လှုပ်ရှားမှုတွေ လုပ်သွားမယ်လို့ ဖြေကြားခဲ့ပါတယ်။ သူတို့ပါတီအနေနဲ့ မေလ ၁၆ ရက်နေ့မှာ ပြည်သူက ရွေးချယ်လိုက်တဲ့ အစိုးရအသစ်ကိုလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ပူးပေါင်းလှုံ့ဆော်ဖို့နဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာက ဒီမိုကရေစီရေး တိုက်ပွဲဝင်နေသူ အားလုံးကိုလည်း ပူးပေါင်း ပါဝင်ပေးကြပါလို့လည်း သူက တိုက်တွန်း ပြောကြားသွားပါတယ်။

စွဲဆိုသည့်အမှုအတွက် အပြစ်မရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောဆို

2009-05-14

ဒေါ်အောင်ဆန်းစုကြည်က မိမိကို စွဲချက်တင်ထားတဲ့ အမှုမှာ မိမိမှာ အပြစ်မရှိကြောင်း ပြောတယ်လို့ ဒီကနေ့ မေလ ၁၄ရက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရတဲ့ ဦးကြည်ဝင်းက RFAကို ပြောပါတယ်။ ဦးကြည်ဝင်းအနေနဲ့ မနေ့က မေလ ၁၃ရက်နေ့မှာ တကြိမ်၊ ဒီကနေ့တကြိမ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ရခဲ့တာ ဖြစ်ပါတယ်။



(Photo: AFP)

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ရေကူး ဝင်ရောက်ခဲ့သည်ဆိုကာ ဖမ်းဆီးခံရသော အမေရိကန်နိုင်ငံသား ဂျွန် ဝီလီယမ် ယက်တော (စားပွဲတွင် ထိုင်နေသူ ယာမှ တတိယ)ကို အမေရိကန် သံရုံးမှ ဒုတိယ အတွင်းဝန် ကောလင်း ပီ ဖာ့စ် (စားပွဲတွင် ထိုင်နေသူ ဝဲမှ ဒုတိယ)က မေလ ၁၃ရက်နေ့တွင် မြန်မာ အထူးရဲအရာရှိများနှင့် အခြား အရာရှိများ စောင့်ကြည့်နေစဉ် တွေ့ဆုံနေပုံ ဖြစ်ပါသည်။ (Photo: AFP)

ဒေါ်အောင်ဆန်းစုကြည်က သူ့မှာ အပြစ်မရှိကြောင်း ခုလိုပြောတယ်လို့ ဦးကြည်ဝင်းက ပြောပြပါတယ်။
ဦးကြည်ဝင်း။ ။ "သူကိုယ်တိုင် ပြောတယ်လေ၊ သူကိုယ်တိုင်လည်း သိတယ်၊ ပုဒ်မလည်း သိတယ်၊ ကျွန်မ အဲဒါတွေကို မကျူးလွန်ဘူးတဲ့၊ ဒါ သူက ရဲရဲဝံ့ဝံ့ ပြောတာ၊ ဒါ ကျွန်မ ကျူးလွန်တဲ့ ကိစ္စမဟုတ်ဖူး၊ ရှင်းတယ်ဗျ၊ ဘယ် ဟိုကနေ ရေကူးပြီးလာတယ်၊ ဒီက ဆက်သွယ်ပြီးတော့ လက်ယပ်ခေါ်ပြီးတော့ လာပါလာပါလို့ ခေါ်တာမှ မဟုတ်ပဲ။ သူရောက်လာတော့မှပဲ ရောက်လာတော့ အဲဒီမှာ ကြွက်တက်တာတို့ ဘာတို့နဲ့ ဒီလို ဖြစ်လာတဲ့ ကိစ္စ။"

ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့စဉ် နည်းနည်းပိန်သွားတာ တွေ့ရပေမဲ့ စိတ်ဓာတ်ကတော့ ကြံ့ကြံ့ခိုင်ခိုင်နဲ့ ဦးကြည်ဝင်းကိုတောင် အားပေးစကား ပြောခဲ့သေးတယ်လို့ ဆိုပါတယ်။

ဦးကြည်ဝင်း။ ။ "ဟာ အန်ကယ်လ်တို့ you must have stout heart တဲ့၊ နှလုံးသား မာမာ ခိုင်ခိုင်မာမာ ရှိရမယ် ဆိုတဲ့သဘော သူပြောတာပဲ။ အဲဒီတော့ ကျွန်တော်ကတောင် ပြောနေသေးတယ်၊ ကိုအောင်သိန်းတို့၊ ကိုဉာဏ်ဝင်းတို့၊ အေးဗျာလို့ အားပေးရမှာက ကျွန်တော်က အားပေးရမှာ၊ ခုဥစ္စာ သူကတောင် ကျွန်တော့ ပြန် အားပေးနေသေးတယ်လို့။"

ဦးကြည်ဝင်းအနေနဲ့ ဒီကနေ့မေလ ၁၄ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်ကို ရုံးထုတ်စဉ် အင်းစိန်ထောင် အထူးတရားရုံးမှာ သွားရောက်တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ ဦးကြည်ဝင်းနဲ့ အတူ ရှေ့နေ ဦးလှမျိုးမြင့်တို့ ပါဝင်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူနေ ဒေါ်ခင်ခင်ဝင်း၊ သမီးဖြစ်သူ မဝင်းမတို့ရဲ့ အမှုကို လိုက်ပါဖို့ ရှေ့နေများဖြစ်တဲ့ ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်နဲ့ ဦးဉာဏ်ဝင်းတို့ ပါဝါတင်ထားပြီး ရှေ့နေဦးအောင်သိန်း နဲ့ ဒေါ်ခင်ဌေးကြွယ်တို့လည်း ဆက်ပြီး ပါဝါတင်ဖို့ ရှိတယ်လို့ သိရပါတယ်။ အင်းစိန်ထောင်တွင်း လုံခြုံရေး တင်းတင်းကျပ်ကျပ် ချထားတယ်လို့လည်း ဦးကြည်ဝင်းက ပြောပြပါတယ်။

ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ပုံနဲ့ ပတ်သက်ပြီး ရှေ့နေဦးကြည်ဝင်းကို RFA မှ ဦးတင်အောင်ခိုင်က ဆက်သွယ် မေးမြန်းထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ကို ခိုးဝင်သူအား အမေရိကန်သံရုံး တွေ့ခွင့်ရ

2009-05-14

ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်းကို ရေကူးပြီး ခိုးဝင်ခဲ့သူ အမေရိကန်နိုင်ငံသား John Yettaw ကို အမေရိကန်သံရုံးက ပထမဆုံး အကြိမ် မနေ့က မေလ ၁၃ရက်မှာ တွေ့ဆုံခွင့် ရရှိတယ်လို့ သိရှိရပါတယ်။ အမေရိကန် သံရုံးက ပြည်သူ့ ဆက်ဆံရေးအရာရှိ Mr. Richard Mei ကတော့ RFA ကို ဒီကနေ့ ညနေပိုင်းက အခုလို ပြောပြပါတယ်။



(Photo: AFP)

စစ်အစိုးရက အကျယ်ချုပ် ချထားသော ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ အင်ယားကန်မှ ရေကူးဝင်ရောက်ခဲ့သည်ဆိုကာ မေလ ၆ရက်နေ့ ဖမ်းဆီး ခံရသော အမေရိကန်နိုင်ငံသား ဂျွန် ဝီလီယမ် ယက်တော။ (Photo: AFP)

မနေ့က နေ့လည်ပိုင်းက ကျွန်တော်တို့အနေနဲ့ Mr John Yettaw ကို တွေ့ဆုံခွင့် ရရှိခဲ့တဲ့အတွက် ကျွန်တော်တို့ရဲ့ ကောင်စစ်ဝန်အရာရှိဟာ Mr. Yettaw ကို ထိန်းသိမ်းထားတဲ့နေရာမှာ နာရီဝက်ခန့် တွေ့ဆုံခဲ့ပါတယ်လို့ ပြောပြပါတယ်။

Mr Richard Mei က ဆက်လက် ပြောပြရာမှာ၊ ဒီမနက်မှာလည်း သူ့ကို အင်းစိန်ထောင်ကို ခေါ်ဆောင်သွားပြီး အမှုစစ်ဆေးတယ်လို့ ကြားသိရတဲ့အတွက်၊ ကောင်စစ်ဝန် အရာရှိဟာ Mr Yettaw ကို တွေ့ဆုံခဲ့တယ်လို့ ဆိုပါတယ်၊ ဖမ်းဆီးခံနေရတဲ့ Mr Yettaw ရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး ပြောကြားရာမှာတော့ မနေ့က သူနဲ့ပထမဆုံး အကြိမ်တွေ့ဆုံရာမှာ Mr Yettaw က သူ့ကို ကောင်းကောင်းမွန်မွန် ထားရှိကြောင်း ပြောကြားပါတယ်။ သူ့ကို ကြည့်ရတာလည်း ကောင်းကောင်းမွန်မွန် ရှိပါတယ်လို့ ရန်ကုန် အမေရိကန် သံရုံးက ပြည်သူ့ရေးရာ အရာရှိ Mr Mei ပြောပြပါတယ်။

Mr Yettaw နဲ့ပတ်သက်ပြီး အမေရိကန် ပြည်ထောင်စုရဲ့ သဘောထား ဘယ်လိုရှိတယ်ဆိုတာ မြန်မာ အစိုးရကို ပြောပြခဲ့တဲ့ အကြောင်း လက်ထောက် ပြည်သူ့ ဆက်ဆံရေး အရာရှိ Mr. Drake Weisert က RFA ကို အခုလို ရှင်းပြပါတယ်၊

Mr Yettaw နဲ့ မြန်မာအာဏာပိုင် များကို ကျွန်တော်တို့ တွေ့ဆုံတဲ့အခါ မှာ အမေရိကန် ပြည်ထောင်စုအနေနဲ့ Mr Yettaw ရဲ့ အမှုကိစ္စကို အထူး စိတ်ဝင်စားမှုရှိကြောင်း နဲ့ သူ့ရဲ့ကျန်းမာရေး၊ သက်သာချောင်ချိရေးနဲ့ မျှတစွာ ဆက်ဆံထားရှိရေး တို့အတွက် အမေရိကန် အစိုးရက ပူပန်မှု ရှိကြောင်း ပြောကြားခဲ့တယ်လို့ ရှင်းပြသွားပါတယ်။

Mr Yettaw ဟာ အမေရိကန်နိုင်ငံသား ဖြစ်တဲ့အားလျော်စွာ၊ အမေရိကန်သံရုံး က ပြည်ပမှာ အမှုဖြစ်တဲ့ အမေရိကန်နိုင်ငံသားတွေကို အကူအညီပေးတဲ့ ထုံးစံ အတိုင်း၊ ဥပဒေအကျိုးဆောင်တဦး သူ့အတွက် လိုက်ပေးနိုင်ဖို့ စီစဉ်နေကြောင်းလည်း၊ အမေရိကန် သံရုံးက ပြောပါတယ်၊

Mr Yettaw ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝင်းအတွင်း ခိုးဝင်မှုကြောင့် နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများရဲ့ ရန်မှ ကာကွယ်သည့်ဥပဒေ ပုဒ်မ ၂၂ အရ ဒေါ်အောင်ဆန်းစုကြည် နဲ့ အတူ တရားစွဲဆို ခံနေရတဲ့အပြင်၊ ၁၉၄၇ ခု လူဝင်မှု ကြီးကြပ်ရေး ဥပဒေ ၁၃ (၁) နဲ့လည်း တရားစွဲဆို ခံနေရပါတယ်၊ ဒ့ါ အပြင်သူဟာ အင်းယားကန်အတွင်း ရေဆင်းကူးတဲ့အတွက် ရန်ကုန် စည်ပင်သာယာ အက်ဥပဒေနဲ့ တရား စွဲဆိုခြင်း ခံနေရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေး ဥရောပသမဂ္ဂ စိုးရိမ်

2009-05-14

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေး အခြေအနေနဲ့ ပတ်သက်ပြီး ဥရောပသမဂ္ဂအနေနဲ့ အထူးပဲ စိုးရိမ်မကင်း ဖြစ်နေတယ်လို့ လက်ရှိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ချက်သမတနိုင်ငံက မေလ ၁၃ရက် ဗုဒ္ဓဟူးနေ့က ပြောဆိုလိုက်ပါတယ်။



(Photo: AFP)

မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ရောမ ဓာတ်ပုံ ပိုစတာကြီးကို ပြင်သစ်နိုင်ငံ စထရာစ်ဘော့ဂ်မြို့ရှိ ဥရောပပါလီမန် အဆောက်အအုံပေါ်တွင် ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၃ရက်နေ့က ချိတ်ဆွဲ ဂုဏ်ပြုထားပုံ ဖြစ်ပါသည်။ (Photo: AFP)

ဥရောသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံရဲ့ သဘောတူညီချက်အရ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တဲ့ ဥရောပသမဂ္ဂ ဥက္ကဋ္ဌရဲ့ ကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် လိုအပ်တဲ့ ဆေးဝါးကုသ စောင့်ရှောက်မှု အမြန်ဆုံးပေးဖို့ စစ်အစိုးရကို တိုက်တွန်းထားပါတယ်။

ဒါ့အပြင် မိသားစုဆရာဝန် ဒေါက်တာ တင်မျိုးဝင်းကို ထိန်းသိမ်းထားတဲ့အပေါ်မှာ ဥရောပသမဂ္ဂအနေနဲ့ စိုးရိမ်ကြောင်း မနေ့က ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒါဟာ စစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဥရောပသမဂ္ဂအနေနဲ့ လျစ်လျူပြုထားမှာ မဟုတ်ဘူးဆိုတာ အထင်အရှား ပြသလိုက်တာ ဖြစ်တယ်လို့  အင်္ဂလန်နိုင်ငံအခြေစိုက် Burma Campaign အဖွဲ့ ညွှန်ကြားရေးမှူး Mark Farmaner က ပြောပါတယ်။

သူပြောသွားတာက အခုလို ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကိစ္စကို အလေးထား ဆောင်ရွက်တာဟာ ကောင်းတဲ့သတင်းပါ။ မြန်မာ့အရေးနဲ့ပတ်သက်လာရင် ဥရောပသမဂ္ဂရဲ့ သဘောထားကို အရင်က သိပ်ပြီး ထုတ်ပြန်လေ့ မရှိပါဘူး။ အခု ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေအနေဟာ စိုးရိမ်နေရပြီး အဲဒီအတွက် အရေးတကြီး ထုတ်ပြန်ကြေညာရမဲ့ အချိန်ရောက်နေတယ်လို့ ဥရောပသမဂ္ဂ အဖွဲ့ဝင် နိုင်ငံအားလုံး သဘောတူညီ ဆုံးဖြတ်ခဲ့တာပါလို့ ပြောသွားပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်ချထားတာဟာလည်း နိုင်ငံတကာရဲ့ လုပ်ထုံးလုပ်နည်း ကျင့်စဉ်တွေကို ချိုးဖောက်နေတယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် မေလကုန်မှာ နေအိမ်အကျယ်ချုပ် ချထားတဲ့ သက်တမ်းပြည့်ပြီးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးဖို့ ဥရောပသမဂ္ဂ ဥက္ကဋ္ဌရဲ့ ကြေညာချက်မှာ အလေးအနက် တိုက်တွန်းထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ရုံးတင်တရားစွဲဖို့ စစ်အစိုးရက စီစဉ်နေ

2009-05-14

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်အထူးတရားရုံးမှာ ဒီကနေ့မနက်ပိုင်း ရုံးတင်တရားစွဲဖို့ စစ်အစိုးရက စီစဉ်နေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ရုံးထုတ် စစ်ဆေးပြီးရင် နေအိမ်ကို ပြန်လည်ပို့ဆောင်ခြင်း မပြုပဲ တခြား တနေရာကို ရွှေ့ပြောင်းမှာ ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့အတူ အဖော်အဖြစ်ရှိနေတဲ့ ဒေါ်ခင်ဝင်းနဲ့ သမီးဖြစ်သူကိုပါ အာဏာပိုင်တွေက ဒီကနေ့မနက်ပိုင်းမှာ လာရောက်ခေါ်ဆောင်ဖို့ ရှိတယ်လို့လည်း သိရပါတယ်။



(Photo: AFP)

နအဖ စစ်အစိုးရ၏ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ယမန်နှစ် အောက်တိုဘာ ၂၅ရက်နေ့က အစိုးရ ဧည့်ဂေဟာတွင် ပထမဆုံးအကြိမ် တွေ့ဆုံစဉ် အကျယ်ချုပ် ကျခံနေရသော ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံ ဖြစ်ပါသည်။ (Photo: AFP)

ဒီသတင်းနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းနဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်ကို ဦးခင်မောင်စိုးက ဆက်သွယ်မေးမြန်းထားပါတယ်။